www.burmeseclassic.com



လှိုင်စာပေ

(မြပုလဲခင်၏ကလောင်ခွဲ)

ပါးလော်ခင်ခင်

# အချစ်ရှုပ်ပုံရိပ်ယောင်များ

လုံးချင်းဝတ္ထုသစ်

Concept & Creation : Myat Thu Ya

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်သူ
ဦးမောင်လှိုင် (မြ ၀၁၈၅၇)
အမှတ် ၅၃၃၊ အင်းတော်လမ်း
၆၄ ရပ်ကွက်၊ စက်မှုဇုန် (၂)
ဒဂုံမြို့သစ်တောင်ပိုင်း။

# ပါလ်းခင်ခင်

# အချစ်ရဲ့ပုံရိပ်ယောင်များ

လုံးချင်းဝတ္ထုသစ်





ထုတ်ဝေသူ
ဦးမောင်လှိုင်
လှိုင်စာပေ
၁၉၆ (ပ)၊ လမ်း ၄၀
ကျောက်တံတားမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် ၁၁၁၆၂/၂၀၀၃ (၈)
အဖုံးခွင့်ပြုချက်အမှတ် ၁၀၄၀/၂၀၀၃ (၉)
မျက်နှာဖုံးပန်းချီ ကိုမြင့်သူရ
ကွန်ပျူတာစာစီ Asia Glory
ပထမအကြိမ်
အောက်တိုဘာလ ၂၀၀၃ ခုနှစ်
အုပ်ရေ ၁၀၀၀
တန်ဖိုး ၂၅၀ ကျပ်


**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com

www.burmeseclassic.com







# အချစ်ရဲ့ ပုံရိပ်ယောင်များ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC

၃၀ . . . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

‘ကဲ‥ဘယ်လိုနေသေးလဲ ရောင်နီဘွား အားလုံးအဆင်ပြေတယ်မှတ်လား’

ဆရာဝန်ကြီး၏မေးခွန်းကြောင့် သူ ခေါင်းကိုခပ်သွက်သွက်ခါယမ်းပြလိုက်ပြီး အလျှင်စလိုပြောလိုက်မိသည်။

‘ဆရာ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ် ဖြစ်နိုင်ရင် ကျွန်တော် ဒီမျက်နှာကြီးကိုမလိုချင်ဘူး ဒါဟာ‥ဒါဟာ ကျွန်တော် မဟုတ်ဘူး’

ဆရာဝန်ကြီးက သူ့ထံမှ အဖြေကိုမျှော်လင့်ထားသည့်ပုံစံမျိုးဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

‘ဒါမျိုး ဖြစ်တတ်ပါတယ် ရောင်နီ

www.burmeseclassic.com

www.burmeseclassic.com



အသားကျသွားမှာပါကွာ မင်း‥ရောင်နီဘွားဆိုတာ မင်း သားစုနဲ့မင်းအသိုင်းအဝိုင်းသိရင် ပြီးတာပဲပေါ့ ပြီးတော့လည်း မင်းမျက်နှာက အသိပ်အများကြီးပြောင်းသွားတာမှမဟုတ်တာ တချို့ဆို လုံးဝပြောင်းလဲသွားတတ်ကြတာ’

‘မဟုတ်ဘူး ဆရာ‥တစ်ခုခုမှားယွင်းနေသလိုပဲ’

သူ့ရဲ့အဖြေစကားကြောင့် ဆရာဝန်ကြီးက စူးစမ်းသလို သူ့ကိုကြည့်သည်။

‘မဖြစ်နိုင်ပါဘူးကွာ ကိုယ်တို့ခွဲစိတ်ကုသမှုက အောင်မြင်နေပြီပဲ’

‘ဒါပေမယ့် ကျွန်တော် မဟုတ်တော့သလိုဘဲ’

‘မောင်ရင့်ရဲ့ နှုတ်ခမ်းရယ် နှာခေါင်းရယ် ပြုပြင်လိုက်တာနဲ့ မောင်ရင်မဟုတ်တော့ဘူးလို့ မောင်ရင့်စိတ်က ထင်တာနဲ့တူတယ်’

ဆရာဝန်ကြီးက တွေးတွေးဆဆပြောတော့ သူက သူ့ခံစားနေရသမျှကို ပြောပြရန် ဆုံးဖြတ်လိုက်သည်။

‘ကျွန်တော်ဆိုလိုတာက ကျွန်တော် အားအက်စီးဒင့်ဖြစ်ပြီးတဲ့နောက်မှာ ကျွန်တော့်ရဲ့ စိတ်ထဲမှာ တစ်ခါ တစ်ခါ ရောင်နီဘွားဖြစ်လိုက် တစ်ခါတစ်ခါ တစ်ခြားတစ်ယောက် ဖြစ်လိုက်နဲ့



ဖြစ်[illegible]ယ်။ ဥပမာ အိပ်မက်ထဲမှာ ကျွန်တော်နဲ့ခပ်ဆင်ဆင်လူတစ်ယောက်က သူ့ရဲ့နှာခေါင်းနဲ့ပါးစပ်ကို လာတောင်းနေသလိုလို ကျွန်တော် အဲဒါမျိုး တကယ်ခံစားနေရတာပါ’

ရောင်နီဘွားက စိတ်ပင်ပန်းစွာပြောလိုက်မိသည်။

‘ကိုင်း ဘာမှစိတ်မပူပါနဲ့ ရောင်နီဘွား အိပ်မက်ဆိုတာ အိပ်မက်ပဲ မောင်ရင် ဘာတွေခံစားနေရသလဲ ဆိုတာ ကိုယ့်ကို သေသေချာချာ ရှင်းရှင်းလင်းလင်း ပြောပြပါ’

ဆရာဝန်ကြီးက လေသံအေးအေးနှင့် သူ့ကို ပြောလိုက်သည်။

‘ဒီလိုပါဆရာ‥ကျွန်တော်တို့ကားအက်ဆီးဒင့်ဖြစ်တုန်းက ကျွန်တော်သတိမလစ်ခင်အချိန်လေးမှာ ကျွန်တော် သေခါနီးလူတစ်ယောက်ကိုမြင်လိုက်တယ် သူကလည်း ကျွန်တော့်ကို အားကိုးတကြီးပုံစံမျိုးနဲ့ လှမ်းကြည့်ပြီး တစ်ခုခု လှမ်းပြောမလို့ အားယူနေတဲ့အချိန်မှာပဲ အသက်ထွက်သွားတယ်ထင်တယ်။ ပြီးတော့ ပြီးတော့ ကျွန်တော် ဘာမှသတိမရတော့ဘူး ကျွန်တော် သတိရတဲ့အချိန်လေးမှာပဲ ကျွန်တော်ဟာ အဲဒီလူ ဖြစ်သွားလိုက် ကျွန်တော်ဖြစ်လိုက်နဲ့ ကျွန်တော်ရှုးချင်တယ်ဆရာ’

ပြောရင်းနှင့်ခေါင်းပြန်လာ၍ သူ့ရဲ့မျက်နှာကိုစနိုးတာ

www.burmeseclassic.com

www.burmeseclassic.com



ဓါနှင့်သုတ်လိုက်သည်။ ထိုအခါ သူ့ရဲ့နှာခေါင်းနှင့်လက် ထိမိလိုက်၍ ကြက်သီးဖြန်းခနဲထသွားသည်။ သူဟာ ငယ်ငယ်တုန်းကလည်း ဘာမှမကြောက်ရွံ့တတ်ပါ။ ယခုမှ သူ့မျက်နှာပေါ်တွင်ရှိသော နှုတ်ခမ်းနှင့် နှာခေါင်းကို ဘာ့ကြောင့်ကြောက်ရွံ့နေမိပါသနည်း။ သူစဉ်းစားရင်း ခေါင်းခြောက်လာသည်။

'မောင်ရင်က ဒါဟာ မောင်ရင့်ပြုပြင်ထားတဲ့ နှာခေါင်းနဲ့ နှုတ်ခမ်းကြောင့်လို့ထင်သလား ဒါမှမဟုတ် အဲဒီလူကိုမြင်နေရတဲ့မြင်ကွင်းကြောင့်လို့ ထင်သလား'

'ကျွန်တော့်စိတ်ထင်တော့ ဒီနှစ်ခုလုံးကြောင့်လို့ ထင်ပါတယ် ဆရာကြီး'

ဆရာဝန်ကြီးက ခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။ ပြီးမှ မေးခွန်းဆက်ထုတ်သည်။

'ရောင်နီဘွား အဲဒီမြင်ကွင်းကို မြင်တာလား အိပ်မက်မက်တာလား'

'မြင်လည်းမြင်တယ် အိပ်မက်လိုမျိုးလည်းမက်ပါတယ် ဆရာ၊ ကျွန်တော် ကျွန်တော်မြင်နေတာက အဲဒီသူပဲဆရာ ကျွန်တော့်ရဲ့မသိစိတ်ထဲမှာ ကျွန်တော့်ကို အဲဒီလူကလှမ်းမိုးထားပြီလို့ ကျွန်တော်ထင်နေတယ် ဆရာ'



'ကောင်းပြီ၊ ဒါဟာ မသိစိတ်နဲ့ လှမ်းမိုးမှုတစ်ခုပဲလို့ ဆရာတို့ကောက်ချက်ချနိုင်ပါတယ် ဒါနဲ့ ... အရင်ကရော ဒါမျိုးမြင်ကွင်းတွေ ဘာတွေ မြင်ဖူးလား အိပ်မက်တွေ ဘာတွေရော မက်ဖူးလား'

'လုံးဝ မမက်ဖူး မမြင်ဖူးပါဘူး ဆရာ ကျွန်တော် ဒါမျိုးခံစားရတာ ကားအက်စီးဒင့်ဖြစ်ပြီးတဲ့နောက်မှပါ'

ဆရာဝန်ကြီးက ခေတ္တငြိမ်သက်သွားပြီးမှ သူ့မျက်နှာကိုစေ့စေ့စပ်စပ်ကြည့်ပြီး မေးခွန်းထုတ်လိုက်လေသည်။

'ဒါဆို မောင်ရင်က အခု ဘာများဖြစ်ချင်သလဲ ကိုယ့်ကိုပြောပြပါ'

'ကျွန်တော် ကျွန်တော် ဖြစ်နိုင်ရင် ကျွန်တော့် နှာခေါင်းနဲ့ကျွန်တော့်နှုတ်ခမ်းကို အရင်ကကျွန်တော့်မျက်နှာအတိုင်း ပြန်ပြုပြင်ပေးစေချင်ပါတယ်'

'စိတ်ငြိမ်ငြိမ်ထားပါ ရောင်နီဘွား ... ကိုယ် ... မောင်ရင်သောက်ဖို့ ဆေးစာရေးပေးလိုက်ပါ့မယ် ပြန်ပြီး ပြုပြင်ခွဲစိတ်ဖို့ဆိုရင် မောင်ရင်နိုင်ငံခြားကိုသွားရလိမ့်မယ် မောင်ရင် အက်စီးဒင့်ဖြစ်တုန်းက ကိုယ်တို့ခွဲစိတ်နိုင်ခဲ့တယ်ဆိုတာကလည်း ဂျပန်နိုင်ငံက ဆရာဝန်ကြီးတွေ ကိုယ်တို့ဆီကို လှမ်းရေးရှောက်နေ

www.burmeseclassic.com



လို့ပဲ ဆိုယ်ပြောတာသဘောပေါက်ပါတယ်နော် ကိုယ်ပေးလိုက်တဲ့သေတို့ အရင်ဆောက်ကြည့်ပါ အကြောင်းမထူးတော့လည်း တစ်မျိုးစဉ်းစားကြသေးတာပေါ့'

ဆရာဝန်ကြီး၏စကားသံအဆုံးမှာ သူသိချင်လွန်း၍ မြိုသိပ်ထားရသောတိစ္စကို မေးလိုက်မိလေသည်။

'ဒါနဲ့ ဆရာကြီး ကျွန်တော့်ရဲ့ နှာခေါင်းနဲ့ နှုတ်ခမ်းကို ဆရာကြီးတို့ အဆင်ပြေသလိုပြုပြင်လိုက်တာလား ဒါမှမဟုတ် တစ်ယောက်ယောက်ရဲ့ပုံကိုများကြည့်ပြီးပြင်လိုက်တာလား ကျွန်တော် သိချင်ပါတယ်'

'ဟုတ်သားပဲ ကိုယ် မောင်ရင့်ကိုပြောဖို့မေ့သွားတယ်... မောင်ရင်ဒဏ်ရာတွေနဲ့ဆေးရုံကိုရောက်လာတော့ ကိုယ်တို့လည်း ဘယ်လိုပုံမျိုး ပြုပြင်ရမှန်းလည်း မသိဘူး။ အဲဒါနဲ့ ရဲစခန်းက ကားမှောက်တုန်းကသိမ်းထားတဲ့ပစ္စည်းတွေအားလုံးစုပုံထည့်ထားတဲ့ အိတ်ကြီးတစ်လုံးထဲက ဓာတ်ပုံတစ်ပုံရတယ်။ အဲဒီဓာတ်ပုံက လည်း မောင်ရင့်ပုံနဲ့ခပ်ဆင်ဆင်ဆိုတော့ ကိုယ်တို့က မောင်ရင်ပဲထင်ပြီး ပြုပြင်လိုက်ကြတယ်'

ဆရာဝန်ကြီးက စကားကို ဆက်ပြောသည်။

'ဒါပေမယ့် ပြုပြင်ပြီးမှ မောင်ရင့်နှုတ်ခမ်းနဲ့ နှာခေါင်း





ဟုတ်မှန်းသိကြတာလေ အရင်ကပုံနဲ့နည်းနည်းပဲကွာသွားတာ ဆိုတော့ မောင်ရင့်မိဘတွေကလည်း လက်ခံကြမှာပါ အဓိက က မောင်ရင် လက်ခံဖို့ပဲ'

ဆရာဝန်ကြီး၏ စကားသံအဆုံးမှာ သူ သက်ပြင်းတစ် ချက်ချလိုက်သည်။ အားလုံးက လက်ခံနိုင်ပေမယ့် သူက ဘာ ကြောင့်လက်မခံနိုင်သလဲဆိုတာ ရောင်နီဘွားမစဉ်းစားတတ်ချေ။

နောက်ဆုံးမှာတော့ သူသည် ဆုံးဖြတ်ချက်တစ်ခုကိုအ ဖြတ်ချ၍ ဆရာဝန်ကြီးထံမှ ထိုဓာတ်ပုံကို တောင်းကြည့်လိုက် သည်။

'ဆရာကြီး ကျွန်တော့်ကို အဲဒီလူရဲ့ဓာတ်ပုံပြနိုင်မလား ကျွန်တော့်ကို အဲဒီလူ့ပုံစံမျိုးဖြစ်အောင်ပြုပြင်ပေးလိုက်တဲ့ အဲ့သည် လူရဲ့ဓာတ်ပုံကို ကြည့်ချင်ပါတယ်'

'ဘာထူးမှာလဲကွာ အဲဒါမင်းပုံပဲလေ ဒါပေမယ့် ကြည့် ချင်တယ်ဆိုတော့လည်း ကိုယ်ပြမှာပါ'

ဆရာဝန်ကြီးက မျက်မှောင်ကုပ်၍ အံဆွဲကို ဆွဲဖွင့်ပြီး ဓာတ်ပုံကို ရှာလိုက်သည်။

သူ ထင်ထားသလိုများဖြစ်နေမလားဟုတွေးရင်း ရင်ထဲ တွင် တထိတ်ထိတ်နှင့်ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရော့ ဒီမှာ'

ဆရာဝန်ကြီးက ဓာတ်ပုံကိုသူ့ဘက်သို့ကမ်းပေးလိုက်သည်။ သူက မှောက်ထားသောဓာတ်ပုံကိုလှန်ကြည့်လိုက်တော့ သူထင်ထားသလိုပင် ထိုလူ၏ပုံ ဖြစ်သည်။

ယခု သူနှင့်ထိုလူ၏ပုံတွင် ကွာခြားချက်ဟူ၍ မျက်လုံးများသာရှိတော့သည်။ ထိုသူ၏မျက်လုံးများမှာ အင်အားအပြည့်နှင့်ဖြစ်ပြီး သူ့ရဲ့မျက်လုံးတွေကတော့ ဖျော့တော့နေမည်ဟု သူထင်သည်။

သူ့ကို တစ်စုံတစ်ရာပြောဖို့ ကြိုးစားနေသော ထိုလူ၏ အသက်ထွက်ခါနီးမျက်နှာ၊ သူဟာသေသွားတဲ့သူတစ်ယောက်ရဲ့ မျက်နှာနှင့်ပါလား သူယောင်ယမ်းပြီး ခေါင်းကိုခါလိုက်မိသည်။

'ဆရာကြီး ဒီလူရဲ့နာမည်ကို သိပါသလားခင်ဗျာ'

'ကိုယ်သတိမထားလိုက်မိဘူး ဒီဓာတ်ပုံပိုင်ရှင်ကို မောင်ရင်လို့ပဲ ကိုယ်ထင်နေတာ နောက်မှမဟုတ်မှန်းသိတာလေ'

'ဟင်း'

ရောင်နီဘွားက မျှော်လင့်ချက်ကင်းမဲ့သွားသလို သက်ပြင်းချလိုက်မိသည်။

'ဆရာကြီး ကျွန်တော် ဒီပုံကိုယူသွားချင်တယ်'





'အေး ယူသွားလေ ဒါပေမယ့် အစွဲအလန်းတော့ မထားနဲ့ပေါ့ကွာ။ သေတဲ့လူကလည်းသေပြီ အမိကကမောင်ရင့်အသိုင်းအဝိုင်းက မောင်ရင်ဘယ်သူလဲဆိုတာ သိရင် ပြီးတာပဲပေါ့'

'ဟုတ်ကဲ့ဗျ ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

ဆေးရုံလှေခါးပေါ်မှ ဆင်းလာပေမယ့် သူ့ရဲ့အတွေးက အွက်ပေါက်မရှိသလို ချာချာလည်နေသည်။ ဘာပဲဖြစ်ဖြစ် ထိုလူ၏အကြောင်းကိုသိလိုက်ရလျှင် သူခံစားနေရသမျှ သက်သာသွားမည်ဟူသောအတွေးက ပထမဆုံးဝင်လာခဲ့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

အိမ်သို့ ပြန်ရောက်တော့လည်း သူ့စိတ်တွေက မငြိမ်သက်နိုင်သေးပေ။ သတင်းစာဖတ်နေသော ဖေဖေ့ရှေ့တွင် ဝင်ထိုင်လိုက်သည်။

'ဖေဖေ ကျွန်တော့်မျက်နှာ'

'မင်းမျက်နှာ ဘာဖြစ်လဲကွ'

ဖေဖေက သတင်းစာ အဖတ်မပျက်ဘဲ မေးလိုက်၏။

'ကျွန်တော့်မျက်နှာ တော်တော်ပြောင်းလဲသွားလား'

'နည်းနည်းပါကွ ကြည့်လိုက်တာနဲ့ မင်းမှန်းသိပါတယ်'

သူတို့သားအဖက သူငယ်ချင်းဝေါင်း ပေါင်းကာကြောင့် သူ့ကို ရယ်ကျဲကျဲပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ကျွန်တော်ကတော့ တော်တော် ပြောင်းလဲသွားတယ်လို့ ထင်တယ်'

'ငါ့သားက ပိုခန့်လာတာကွ ဩော် ဒါနဲ့ . . ဝင့်ဝါထက် ပိုင် နေကိတ ဖုန်းဆက်တယ်၊ မြန်ဆက်ပါတဲ့ . . ဒီကောင်မလေးလည်း ငါ့သားကို တော်တော်သဘောကျနေတယ်နဲ့တူတယ်'

'ဖေဖေကလည်းဗျာ'

သူက စိတ်ရှုပ်စွာ ဖေဖေ့ကို ဘာမှ ထပ်မပြောတော့ဘဲ အိပ်ခန်းထဲဝင်လာခဲ့သည်။

ဆက်ပြောလျှင်လည်း ဖေဖေကသူ့ကိုဆက်နောက်တော့မည်ဆိုတာ ရောင်နီဘွား သိလိုက်၏။

အိပ်ခန်းထဲရောက်တော့ ကုတင်ပေါ် ပက်လက်လှန်ရင်း ပိုက်ဆံအိတ်ထဲမှဓာတ်ပုံကိုထုတ်၍ ကြည့်မိသည်။

လူတစ်ယောက် . . . . ။

တည်ကြည်ခန့်ငြားသော လူတစ်ယောက်။

ထိုလူကို သူ အရင်က တစ်ခါမှ မတွေ့ဖူးပါ။

ထိုလူကတော့ သူ့ကို စကားပြောရန်ကြိုးစားရင်းသေဆုံးသွားသည်။

ထိုလူ သူ့ကို ဘာပြောချင်တာပါလိမ့်။



သွေးသံရဲရဲနှင့် ထိုလူ့မျက်နှာ . . . ။

စကားပြောရန်အားယူနေသော ထိုလူ့နှုတ်ခမ်း။

သူက ယောင်ယမ်းပြီး သူ့နှုတ်ခမ်းကိုသူပြန်စမ်းကြည့်သည်။

ပြီးတော့ အိပ်မက်ထဲမှာသူ့ကိုတစ်ခုခုပြောချင်သောထို ူ့မျက်နှာ . . . ။

ကိုင်း သူ ဘာဆက်လုပ်ရမှာလဲ။

ရောင်နီဘွားဆိုသောသူသည် စိတ်ကူးယဉ်တတ်သော၊ ိမက်များကိုယုံကြည်တတ်သူလည်း မဟုတ်ချေ။

ယခုမှ သူ ဘာ့ကြောင့် ထိုမျက်နှာတစ်ခုကို စွဲစွဲမြဲမြဲ ်ယောင်နေပါသနည်း။

သူ မစဉ်းစားတတ်တော့ချေ။

သူ့ရဲ့ စိတ်တွေ ဘယ်လိုမှ ငြိမ်သက်အောင် မထားနိုင် ာသည့်အဆုံးမှာတော့ စီဒီတစ်ချပ်ကို ဖွင့်၍ နားထောင်ရန် ဖြတ်လိုက်သည်။

သူ ကြိုက်သောသီချင်းကို ဖွင့်၍ နားထောင်လိုက်ပေ ် သူ့ရဲ့မျက်လုံးထဲမှာ ထိုသူ၏ မျက်နှာကို မြင်ယောင်နေခဲ့။

တစ်စုံတစ်ရာပြောရန် အားယူလိုက်သော ှုတ်ခမ်း . .

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုအားကိုးတကြီးကြည့်နေသောမျက်လုံးများ···

ရောင်နီဘွား စိတ်ပျက်စွာ ခေါင်းကိုခါယမ်းလိုက်သည်။ သူ ဒါမျိုးဒုက္ခခံစားနေရတာ ကားအက်စီးဒင့်ဖြစ်ပြီး သတိပြန်လည်လာကတည်းက ဖြစ်သည်။

သူ ဘာလုပ်ရမည်နည်း။

အိပ်နေရာမှ ကုတင်ပေါ်တွင် ထထိုင်မိသည်။

ဖေဖေနှင့်သူ နှစ်ယောက်တည်းသာရှိသော ဒီအိမ်တွင် ဖေဖေ့ကို သူ့ကိစ္စကြီးကို ပြောပြလျှင်လည်း ရှယ်မော နောက်ပြောင်ခြင်းနှင့်သာ အဆုံးသတ်ပေလိမ့်မည်။

ဒါဆို သူ ဘယ်သူ့ကိုပြောပြရမလဲ။

ဝင့်ဝါထက်ပိုင်။

သူ့ခေါင်းထဲတွင် အကြံတစ်ချက်လက်ခနဲပေါ်လာသည်။ ဝင့်ဝါထက်ပိုင် ဆိုသောကောင်မလေးဟာ သူတွဲဖူးသမျှ ကောင်မလေးတွေထဲမှာ သူနှင့်အကြာရှည်ဆုံးတွဲသောကောင်မလေးဖြစ်ပြီး သူ့အပေါ်တွင်လည်း တော်တော်ချစ်ရှာသောကောင်မလေးဖြစ်သည်။

ထို့ကြောင့် ထိုကောင်မလေးကို သူပြောပြရန် ဆုံးဖြတ်လိုက်သည်။





အိပ်ယာနံဘေးမှ တယ်လီဖုန်းကို ကောက်လှည့်လိုက်သည်။

'ဟဲလို'

'ဝင့်ဝါလား'

'ဟယ် ကိုကို ဝင့်ဝါက အရမ်းသတိရနေတာ ဆေးရုံက ဆင်းပြီးကတည်းက တစ်ခေါက်ပဲတွေ့ရသေးလို့ အရမ်းတွေ့ချင်နေတာ'

ဝင့်ဝါ၏အသံစာစာလေးကြောင့် သူ ပြုံးမိသည်။

ပြီးတော့···

သူ ဝင့်ဝါကိုပြောပြရန်ဆုံးဖြတ်ချက်ချလိုက်မိတာ မှန်သွားပြီဟု သူထင်မိလေသည်။

'ကိုကိုလည်း ဝင့်ဝါနဲ့ တွေ့ချင်နေတယ် ပြောပြစရာလည်း ရှိတယ်'

'ဒါဆို ဝင့်ဝါ ဘယ်ကိုလာခဲ့ရမလဲ'

'ကိုကိုလာခေါ်မယ်လေ နာရီဝက်အတွင်းရောက်အောင်လာခဲ့မယ်လေ'

'ဟင် ကိုကိုကလည်း··အလှပြင်ချိန်တောင် မရှိသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်လွန်းလှသော ထိုကောင်မလေးကြောင့် သူ ရယ်မောပြီးဖုန်းချလိုက်သည်။

ဝင့်ဝါထက်ပိုင်ဟာ သူနှင့်ကုမ္ပဏီတွင်ရှယ်ယာဝင်ထား သော ဦးထက်မိုင်၏သမီးဖြစ်ပြီး သူနှင့် လူကြီးချင်းသဘောတူ ထားသူလေးလည်း ဖြစ်တာကြောင့် သူ ထိုအိမ်ကို ဝင်ထွက်ခွင့် ရှိနေပါသည်။

သူက ကားသော့ကိုယူပြီးအိမ်ရှေ့ထွက်လိုက်တော့ ဖေဖေက သတင်းစာဖတ်နေဆဲပင် ဖြစ်သည်။ သူ့ကို သတင်းစာ ပေါ်မှကျော်ကြည့်၍…

'သား ရောင်နီ ဘယ်သွားဦးမလို့လဲ အခုပဲပြန်လာတာ'

'ဝင့်ဝါဆီကိုပါ ဖေဖေ…စိတ်ပြေလက်ပျောက် သွား သွားစကားပြောမလို့'

'အေးကွာ…သတိထား သွား၊ သားက နေကောင်းတာ မကြာသေးဘူး မှတ်လား'

'ဟုတ်ကဲ့ ဖေဖေ'

အဖေတစ်ခု သားတစ်ခုမို့ ဖေဖေက သူ့ကို ဂရုစိုက်လှ ပါသည်။

'စိတ်ချပါ ဖေဖေ'





သူတို့က သားအဖနှစ်ယောက်တည်းမို့တိုက်ခန်းမှာပင် နေသည်။

တိုက်ခန်းလှေကားပေါ်မှ သူတခပ်သွက်သွက်ပြေးဆင်း လာခဲ့သည်။

ဝင့်ဝါကို ရင်ဖွင့်ရတော့မည်ဆိုသောအသိကြောင့် သူ့ ရဲ့စိတ်တွေ ပေါ့ပါးလွှတ်လပ်နေသည်။

ဝင့်ဝါတို့ တိုက်ရှေ့တွင် သူက ကားကို ရပ်လိုက်တော့ ဝင့်ဝါက အသင့်ရပ်စောင့်နေသည်။

ကားတံခါးဖွင့်၍ဝင်ထိုင်ပြီးတာနှင့် ဝင့်ဝါက သူ့ကိုတစ် ချက် လှမ်းကြည့်၍

'ကိုကိုက ပိန်နဲ့လှာတယ် အခုမှနှုတ်ခမ်းတွေ နားခေါင်း တွေ ပိုပြီး ယောကျ်ားပီသလာတယ်'

'ဘာ'

ရောင်နီဘွားအသံက…ခပ်ကျယ်ကျယ်လောင်လောင် ကြောင့် ဝင့်ဝါထက်ပိုင် အလန့်တကြားမော့ကြည့်သည်။

'ကိုကို ဘာဖြစ်တာလဲ'

ဝင့်ဝါက သူ့လက်မောင်းကိုတစ်ချက်လာကိုင်ပြီး မေး လိုက်တော့မှ ရောင်နီဘွား သတိဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးကွာ ကိုကိုအတွေးလွန်သွားလို့ ကဲ ဝင့်ဝါဘယ်သွားချင်လဲ'

'သိဘူးလေ'

'ကိုကိုကတော့ ဝင့်ဝါကို ပြောပြစရာတွေအများကြီးရှိလို့ စကားအေးအေးဆေးဆေးပြောလို့ရမယ့်နေရာသွားချင်တယ်'

ဝင့်ဝါထက်ပိုင်က သူ့စကားကို နားထောင်သည့် အနေဖြင့် သူ့ကို ဘာမှထပ်မပြောတော့ဘဲ ငြိမ်ငြိမ်သက်သက်ကလေး လိုက်ပါလာ၏။

သူက စကားပြောလို့ကောင်းမည်ထင်သော တိတ်ဆိတ်သည့်ကော်ဖီဆိုင်တစ်ခုရှေ့တွင် ကားကိုရပ်လိုက်၏။

'လာ ဝင့်ဝါ'

အဆင်ပြေသောစားပွဲတစ်ခုတွင် ဝင်ထိုင်ပြီးနောက် သူ အလောတကြီး ဝင့်ဝါကို မေးလိုက်မိ၏။

'ဝင့်ဝါ ... အခု ကိုကို့မျက်နှာခွဲစိတ်ပြီးတော့ ကိုကို့ကို ဘယ်လိုမြင်လဲ'

'ဟင် ကိုကိုကလည်း ကိုကိုက ကိုကိုပေါ့'

ဝင့်ဝါရဲ့စကားကြောင့် သူ စိတ်ပျက်လက်ပျက်ဖြစ်သွား၏။





'မဟုတ်ဘူးလေ ဝင့်ဝါရဲ့ ဥပမာ ကိုကို့ကို သူစိမ်းတစ်ယောက်လို ခံစားရသလား ဆိုတာကိုပေါ့ ကိုကိုကတော့ ဒီမျက်နှာကြီးနဲ့ ဘယ်လိုမှနေသားမကျဘူး ဝင့်ဝါ'

'ဟော့တော်'

ဝင့်ဝါထက်ပိုင်က သူဆိုလိုတာကို သဘောမပေါက်ဘဲ အံ့ဩတကြီးနှင့်ကြည့်နေ၍ သူပို၍စိတ်ပျက်သွားသည်။ သူက ဘာမှဆက်မေးမနေတော့ဘဲ ပိုက်ဆံအိတ်ထဲမှဓာတ်ပုံကိုထုတ်ပြီး ဝင့်ဝါကို ကမ်းပေးလိုက်၏။

'ဒါ ဘယ်သူ့ပုံလို့ထင်လဲ'

'ကိုကိုနဲ့တော့ တူသလိုလိုပဲ ဒါပေမယ့် သေချာကြည့်ရင် မတူပါဘူး'

'အဲဒီလူရဲ့ နှာခေါင်းနဲ့ပါးစပ်ပုံစံမျိုး ဖြစ်အောင် ဆရာဝန်ကြီးက ကိုကို့ကို ပြုပြင်ပေးလိုက်တယ်'

'ဟင် ဒါဖြင့် သူကရော'

'သေပြီ'

ရောင်နီဘွား၏ လေသံက ခပ်ပြတ်ပြတ် ထွက်ပေါ်လာသည်။

'ဒါဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သူ့ကားမှောက်တုန်းက သေသွားတာ ကိုကို သေချာမြင်လိုက်တယ် အဲဒီမြင်ကွင်းကို ကိုကို အခုချိန်ထိ မြင်ယောင်နေတုန်းပဲ ပြီးတော့ သူ့ရဲ့နာခေါင်းနဲ့နှုတ်ခမ်းဟာ ကိုကို့ဆီမှာ'

သူက စကားမပင် ဆက်မပြောနိုင်လောက်အောင် တုန်တုန်ယင်ယင်ဖြစ်ကာ ဆံပင်တွေကြားထဲ လက်ကိုထိုးသွင်းလိုက်မိသည်။

'ကိုကို ကိုကို ဘာဖြစ်တာလဲဟင် ဝင့်ဝါလန့်လိုက်တာ ကိုကိုရယ်'

သူ့ရဲ့လက်မောင်းကို ဝင့်ဝါကကိုင်လှုပ်လိုက်တော့မှပင် သူ သတိဝင်လာတော့သည်။

'သူ ဘယ်သူလဲဆိုတာ ကိုကို မသိဘူးလား'

ရောင်နီဘွားက ခေါင်းခါပြလိုက်သည်။

'ကိုကို မသိဘူး ဝင့်ဝါ ကိုကိုမပြောနဲ့ ဆရာဝန်ကြီးတောင်မသိဘူး ကိုကို့ကို အဲဒီလူနဲ့မှားပြီး ပလပ်စတစ်ဆာဂျရီ လုပ်လိုက်တာ ဒါပေမယ့် သူကိုကို့ကိုသေခါနီးတစ်ခုခုပြောချင် နေတာ ကိုကိုသိတယ် အဲဒီလူပြောချင်နေတာကို ကိုကိုသိရမှဖြစ် မယ်'





'ဒါဆို ကိုကို ဘယ်လိုလုပ်ချင်လဲ'

'အဲဒါကိုပဲ သေချာစဉ်းစားနေတာ'

'ဒီလိုဆိုရင် ကိုကိုတို့ကားမှောက်တုန်းက ရဲတွေနဲ့အခြား လူတွေရှိမှာပေါ့ အဲဒီမှာ စုံစမ်းကြည့်ရင်ရော'

ဝင့်ဝါပေးသောအကြံကြောင့် သူ့ရဲ့မျှော်လင့်ချက်ရောင်ခြည် တောက်ပသွား၏။

'ဟုတ်တယ် ဟုတ်တယ် ဝင့်ဝါပြောတာမှန်တယ် အဲဒီ လူဝတ်ထားတဲ့ အဝတ်အစားတွေ ကိုကိုသိတယ် အဲဒါနဲ့ သွားစုံစမ်းရင်...'

ထိုခဏ၌ ဝင့်ဝါကို ရောင်နီဘွား အရမ်း ကျေးဇူးတင်သွားမိသည်။ တွေမှုနေသောကြောင့် သူစောစောက မစဉ်းစားမိတာပဲဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ရောင်နီဘွား ထိုလူကိုတော့ သိအောင် လုပ်ရပါလိမ့်မည်။ ထိုလူအကြောင်းကို သိရလျှင်တော့ အနည်းဆုံးစိတ်သက်သာရာရလိမ့်မည်ဟု သူထင်ပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

သူ ကားအက်စီးဒင့်ဖြစ်တာက ရန်ကုန်မှ မန္တလေးသို့ ကုမ္ပဏီကိစ္စနှင့်အသွားတွင် ဖြစ်သည်။

သူတို့ကားအက်စီးဒင့်ဖြစ်သောနေရာမှာ ရန်ကုန်မြို့နှင့် ဝေးလှသည်။

ထို့ကြောင့် သူခရီးသွားရန် ဖေဖေ့ကိုအကြောင်းပြချက် တစ်ခုလိုအပ်ပါသည်။

'ဖေဖေ ကျွန်တော် မန္တလေးမှာ ကုမ္ပဏီဖွင့်ဖို့ကိစ္စသွား မလို့ အဲဒါ'

'သွားဦးမလို့လား'

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ထမင်းလုတ်ကိုပါးစပ်ထဲမသွင်းသေးဘဲ မျက်မှောင်ကုတ်၍ မေးသည်။

'ဒါက နည်းနည်းအရေးကြီးလို့ပါ ဖေဖေ'

'မင်းတို့ဟာကလဲ'

ဖေဖေက မကျေမနပ်နှင့် ရေရွတ်လိုက်ပေမယ့် သူ့ကို ကျိန်းသေသွားခွင့်ပြုမယ်ဆိုတာ ရောင်နီဘွားကြိုတင်သိနေ၏။

'ဘယ်နှနေ့သွားမှာလဲ'

'ဒီနေ့ ညနေပါ ဖေဖေ'

'အေးလေ ဘယ်တတ်နိုင်ပါ့မလဲ ကိုယ့်ကို တာဝန်ပေးထားတာဆိုတော့လဲ ကျေအောင်လုပ်ရမှာပေါ့ သတိတော့ ထားသွားကွာ'

'ဟုတ်ကဲ့…ကျွန်တော် အိမ်ဖော်ကောင်နဲ့ပဲ သွားမှာပါ ဖေဖေ'

အလုပ် လုပ်ရာတွင် တာဝန်ကျေပွန်တတ်သော ဖေဖေသည် သူ့ကိုလည်း တာဝန်ကျေစေချင်သည်။

သွားခါနီး ဝင့်ဝါထံ တယ်လီဖုန်းဆက်လိုက်သည်။

'ဝင့်ဝါလား ကိုကိုပါ'

'ကိုကို သွားတော့မလို့လားဟင်'





'ဟုတ်တယ်ဝင့်ဝါ ကိုကို ပြန်ရောက်ရင် ဖုန်းထပ်ဆက်ပါ့မယ်'

'ကိုကို ဂရုစိုက်နော်'

ပူပူပန်ပန်လေးမှာနေသော ဝင့်ဝါကြောင့် သူတစ်ချက်ပြုံးမိသည်။

'အင်းပါကွာ ကဲ ကိုကိုဖုန်းချလိုက်တော့မယ်'

ရောင်နီဘွားက တယ်လီဖုန်းကို ချရင်းမှ သူ့ကိုချစ်ရှာရှာန်းသောဝင့်ဝါထက်ပိုင်ကိုမြင်ယောင်မိသည်။

သူကတော့ ထိုကောင်မလေးကိုချစ်တာလည်း မဟုတ်ချစ်ဘူးလည်း မဟုတ်။

မိဘချင်းကလည်း သဘောတူ၊ သူ့အပေါ်တွင် ကလေးအစ်ယောက်လိုနွဲ့ဆိုးဆိုးတတ်သောသူမလေးကို သူ သံယောဇဉ်တော့အရှိသားပင်။

◆

ဘာပဲဖြစ်ဖြစ် ယခုရောင်နီဘွားသည် သူကိုယ်တိုင်ပင်ပန်းမှန်းရခက်သောခရီးစဉ်တစ်ခုကို စတင် ဦးလှည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ခန့်မှန်းထားသည့်အတိုင်းပင် သူတို့ ကားမှောက်ခဲ့သောနေရာသို့ ရောက်သောအခါ မိုးလင်းခါနီးဖြစ်သည်။

နာရီကြည့်လိုက်တော့ နံနက်ငါးနာရီ…။

တစ်ညလုံး ကားမောင်းခဲ့ရသည့်အတွက် သူ အတော်ပင် ပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ကားကိုထိုးရပ်လိုက်သည်။

ပြီးနောက် မက်လက်လှန်ကာ မျက်စိမှိတ်လိုက်သည်နှင့် အိပ်စက်ခြင်းသို့ ရောက်ရှိသွားလေတော့သည်။

ပြီးနောက်…..

တအိအိရွေ့သွားနေသောအဝေးပြေးကားကြီး သူနှင့်မျက်စောင်းထိုးတွင်ထိုင်နေသော လူတစ်ယောက်၊ တစ်ဘက်မှ ကုန်တင်ကားကြီးကိုရှောင်လိုက်သော သူတို့ရဲ့ကားကြီး…

"ဝုန်း…"

ကားနောက်ခန်းမှစ၍ ဓာတ်ဆီနှင့်အတူတငွေ့ငွေ့လောင်ကျွမ်းနေသော သူတို့စီးလာသောကားကြီး။

သွေးသံရဲရဲနှင့်တစ်ခုခုပြောရန်အားယူနေသော ထိုသူ၏ နှုတ်ခမ်း။

ထိုလူ၏ အသက်ထွက်သွားသောမျက်နှာ။

"အား…"





ရောင်နီဘွား အလန့်တကြားထထိုင်လိုက်ပါသည်။

သူသည် အဝေးကြီးမှ ပြေးလာသူပမာ မောဟိုက်နွမ်းယ်နေ၏။

ကားပေါ်ရှိ ရေသန့်ဘူးကို အလျင်စလိုဆွဲယူမော့လိုက်တော့ သူ့ရဲ့လက်များက တုန်တုန်ယင်ယင်။

ရေသောက်ပြီးမှ အနည်းငယ် နေသာ ထိုင်သာ ရှိသွားသည်။ ထို့နောက် ထိုနားရှိ အနီးဆုံးရွာကလေးမှာဝင်စုံစမ်းလိုက်သည်။

"ကားမှောက်တုန်းက ကျုပ် အိတ်တစ်အိတ်ကောက်ရယ်ဗျ ပိုက်ဆံတွေကတော့ ကျုပ်သုံးလိုက်ပြီ အဲဒီအိတ်ကိုခင်ား ကြည့်ချင်တယ်ဆိုရင်လည်း ကြည့်ပါ ဒါပေမယ့် ကျုပ်ဆီပြန်ပေးစရာပိုက်ဆံတော့ မရှိဘူး"

ဟု ရွာသားကြီးတစ်ယောက်က ဝန်ခံလေသည်။

ရိုးသားဟန်ရှိသောရွာသားကြီးကလာပြောတော့ သူက အိတ်ကိုယူကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ရွာလူကြီးအိမ်တွင် သူ ထိုင်နေမိသည်။ ခြေတံရှည်အိမ်အောက်ထပ်တွင်အေးနေသော်လည်း သူ့ရင်ထဲတွင်မူပူလောင်ခြစ်ခြစ်စားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာလေး ဒီမှာပါ'

ခဏအကြာ အဝတ်အစားများပါသော သားရေလက်ဆွဲအိတ်နှင့်ပိုက်ဆံအိတ်အနက်တစ်လုံးကို သူ့ရှေ့သို့ ထိုရွာသားကြီးက ချပေး၏။

ရောင်နီဘွားက ရင်တထိတ်ထိတ်နှင့် ပိုက်ဆံအိတ်အနက်ကို ရှာမိသည်။

အတွင်းဇစ်ဆွဲမှ ကတ်တစ်ခုထွက်လာ၏။

မှတ်ပုံတင်ကဒ်ကို သူလှန်ကြည့်လိုက်တော့ ကံကောင်းတာလား၊ ကံဆိုးတာလားတော့မသိ ဖော်ရှိလူ၏မှတ်ပုံတင်ပင် ဖြစ်နေလေသည်။

ဦးဇော်မင်းထက်။

အသက်ကတော့ သူ့ထက် သုံးနှစ်ခန့်ကြီး၏။

ဖခင်က ဦးမင်းထက်။

နေရပ်က မန္တလေး စိန်ပန်းရပ်။

သူ ထိုနေရာသို့သွားရန်ဆုံးဖြတ်လိုက်၏။

'ဦးကြီး ဒါ ကျွန်တော့်ပစ္စည်းပဲ ကျွန်တော်ယူသွားတော့မယ်'

'အေးကွာ ယူပါ ဆရာလေးပစ္စည်းပဲ'





သူက ခေါင်းတစ်ချက် ညိတ်၍ ပိုက်ဆံအိတ်အနက်ကို ယူပြီး ထလာခဲ့လေသည်။

ရောင်နီဘွား ကားမောင်းနေရင်းမှ သေချာစဉ်းစားနေမိသည်။

ဦးဇော်မင်းထက်ဟာ ဘယ်လိုလူမျိုးလဲ။

ဦးဇော်မင်းထက်ရဲ့ မိသားစုကရော ဘယ်လိုမျိုးလဲ။

ဦးဇော်မင်းထက်စိုးရိမ်နေတာကရော ဘာလဲ။

သူ့ကိုတွေ့လျှင် ဦးဇော်မင်းထက်၏မိသားစုက ဘယ်လိုဆက်ဆံမှာလဲ။

ဘာပဲဖြစ်ဖြစ် သူသွားကြည့်လို့ အကျိုးအကြောင်းတစ်ခုခုသိရလျှင် သူ့ရဲ့တုန်လှုပ်ခြောက်ခြားမှုမှ လွတ်မြောက်နိုင်မည်ဟု ရောင်နီဘွားထင်သည်။ ဒါ့ကြောင့်လည်း သည်ခရီးကိုထွက်လာခဲ့ခြင်း ဖြစ်သည်။

◆

မန္တလေးသို့ရောက်ရောက်ခြင်း သူ တည်းခိုခန်းကိုပင် ခေါင်မရှာနိုင်ဘဲ စိန်ပန်းရပ်သို့တန်းသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်လိပ်စာကို သိပ်မမေးလိုက်ရ။

ရေနံချေးဝနေသော နှစ်ထပ်ရှေးအိမ်ကြီးကို ညွှန်ပြကြသည်။ အုတ်တံတိုင်းကြီးကလည်း အနိုင်အခံ့ ကာရံထားလေသည်။

ခြံဝရှိ ကြေးညှိတက်နေသောခေါင်းလောင်းကြီးကို သူက ဆွဲလိုက်၏။

တစ်ချက်၊ နှစ်ချက်၊ သုံးချက်…

လူက မထွက်လာသေးချေ။

လူမှနေရဲ့လားဟု သူ့ရင်ထဲတွင်သံသယဝင်လာ၏။ ထို့ကြောင့် ခေါင်းလောင်းကို နောက်တစ်ချက်ဆွဲမည်အလုပ်၊ မားကောက်ကိုင်ထားသောအသက်ခြောက်ဆယ်ခန့်ရှိ ဂေါ်ရခါးတစ်ယောက်ရောက်လာသည်။

သူ့နောက်မှ အသံတစ်ခုက ရူးရူးဝါးဝါး ထွက်ပေါ်လာသည်။

'အယ် သားသား ပြန်လာပြီတော့…သမီးရေ…ညည်းမောင် ပြန်လာပြီ မြန်မြန်လာစမ်း ဦးရှာပါး တံခါးဖွင့်ရအောင် ပျော်တယ်ဟေ့ ပျော်တယ်ဟေ့'

သူ့ရှေ့တွင် ကွေးနေအောင်ကနေသောမိန်းမကြီးကိုသူ





အံ့သြမင်သက်စွာကြည့်နေမိသည်။ စက္ကူပန်းများကလည်း တစ်ခေါင်းလုံးဝေနေအောင် ပန်ထားသည်။

ဒါအရူးမကြီးပဲ…။

သူ စိတ်ပျက်စွာလှည့်ပြန်မည်အလုပ်။

'မောင်လေး…'

ရောင်နီဘွား အသံလာရာဆီသို့လှမ်းကြည့်လိုက်၏။

ဘုရားရေ…လှလိုက်တာ။

လူလား နတ်သမီးလား သူရပ်နေသောခြံဝရှေ့သို့ တစ်လှမ်းချင်း ခပ်နွဲ့နွဲ့လျှောက်လာသောအမျိုးသမီးကို ကြည့်၍ သူ ခြေဖျား လက်ဖျားတွေ အေးစက်ကာ သူ့ရဲ့နှလုံးသားက တဒုန်းဒုန်းခုန်သွား၏။

'မမကြီးတို့မှာမျှော်လိုက်ရတာ ဘာလို့အခုမှလာတာလဲ'

အပြစ်တင်သံလား ဘာလား မဝေခွဲနိုင်မီတွင် ဦးရှာပါးက ခြံတံခါးကိုခတ်ထားသောကြေးသော့ခလောက်အကြီးကြီးကို ဖွင့်လိုက်၏။

'လာလေ အိမ်ထဲကို'

'ဟို ကျွန်တော်လေ ကျွန်တော်'

သူပါးစပ်က အာစေးထည့်ထားသလို အထစ်ထစ် အငေါ့



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေစဉ်မှာပင် အမျိုးသမီးက သူ့ရဲ့လက်ကိုလှမ်းဆွဲထား

'လာပါ အိမ်ထဲမြန်မြန်ဝင် စောင့်ကြည့်နေတဲ့လူတွေရှိ ဘယ်'

နုထွတ်နေသောလက်များကြောင့် သူ့ရဲ့ နှလုံးခုန်သံက ပေါက်ထွက်မတတ်ကျယ်လောင်စွာခုန်သွားသည်။

အမျိုးသမီးထံမှ သနပ်ခါးနံ့လား ဘာလား မသိ။ ကိုယ် သင်းရနံ့ချိုသင်းသင်း ရနေ၏။

အမျိုးသမီး၏ ဆွဲခေါ်မှုအောက်တွင် မငြင်းဆန်နိုင်ဘဲ ယက်ကန်ယက်ကန်ဖြင့် သူ ပါသွားလေတော့သည်။

နံဘေးမှ အရူးမကြီးကလည်း သူ့အင်္ကျီကိုလွှတ်လွှတ် သွားမှာစိုးသည့်အလား ခပ်တင်းတင်းဆုပ်ကိုင်၍နောက်မှလိုက် လာခဲ့၏။

'ကဲ ထိုင် မမကြီး ဖျော်ရည်သွားယူလိုက်ဦးမယ်'

ရှေးကျကျဆည့်ခန်းမကြီးထဲသို့ သူ ရောက်သွားသည်။

အခန်းထောင့်ရှိ စန္ဒယားအနက်ကြီးတစ်လုံး၊

မှန်ကုပ်ကုပ်ကုလားထိုင်ကြီးများ၊

ခန်းဝြား၍မဟာဆန်သောအမျိုးသားကြီးနှင့်အမျိုးသမီး ကြီးပုံ။





ပြီးနောက်…

ရှေးဟောင်း ကျွန်းလှေကားကြီး။

သူလိုက်ကြည့်၍မဆုံးခင်မှာပင် ခန်းဆီးအဝါများနောက် မှ ဖျော်ရည်ဗန်းနှင့်အတူ ချောမောလှပသောအမျိုးသမီး ပြန်၍ ထွက်ပေါ်လာသည်။

ရောင်နီဘွားက ထိုအမျိုးသမီးနှင့်မျက်လုံးချင်းဆုံအောင် ကြည့်ဘဲ ခေါင်းငုံ့ကာ ထိုအမျိုးသမီး၏သွေးကြောစိမ်းစိမ်းက လေးများမြင်နေရသော တစ်လှမ်းချင်းကြွလာသည့် ခြေထောက် အလေးကိုသာ ငေးကြည့်နေမိသည်။

'မောင်လေး သောက်လေ'

'မေမေက ဒီဘက်တိုးလေ မောင်လေး အနေရခက်မှာ ပေါ့'

ထိုအမျိုးသမီးပြောမှ သူ သတိထားမိသွားသည်။

မြတ်စွာဘုရား…

သူ့လက်ကို အရူးမကြီးက မလွှတ်တမ်းဖက်တွယ်ထား ပါလား။

'အို မဖယ်ပါဘူး‥တော်ကြာ သားသား ပျောက်သွားဦး မယ်'

www.burmeseclassic.com

သူ့နားသို့ ထိုအရှုးမကြီးက ပို၍ တိုးကပ်ထိုင်လိုက်သ
ဖြင့် သူ လန့်သွားသည်။

'မမကြီး ကျွန်တော်'

သူက…ထိုအမျိုးသမီးကို အလန့်တကြား အကူအည
တောင်းသလို မော့ကြည့်လိုက်၏။

'ဟဲ့…မေမေ့ကို နည်းနည်းနှုတ်ဆက်လိုက်ဦး မေမေ
ဒီလိုပဲဟာကို အခုမှ ဘာအထူးအဆန်းဖြစ်နေတာလဲ'

'မဟုတ်သေးပါဘူး'

သူက ခေါင်းကုတ်ရင်း အမှန်တရားတစ်ခုကို မြန်မြ
ဖြေရှင်းပြမှဖြစ်တော့မည်ဆိုတာ သိလိုက်၏။

'နင်ဟာလေ အရင်ကနဲ့ကို မတူဘူး သွက်သွက်လ
လက်ကို မရှိဘူး'

'မဟုတ်ဘူးခင်ဗျ…ကျွန်တော် ဦးဇော်မင်းထက် မ
ပါဘူး'

သူက ကပျာကယာ ပြောလိုက်သော်လည်း ထိုအ
သမီးက ယုံကြည်ပုံမရ။

လက်ကို ခပ်တင်းတင်းပိုက်ရင်း…

'မောင်လေး နင် ငါ့ကို အပိုတွေပြောမနေနဲ့…အ



သောက်ပြီးရင် နင့်ကားကို အိမ်ထဲသွင်း၊ ပြီးရင်နားတော့ မနက်
ရောက်မှပဲ ငါတို့ အေးအေးဆေးဆေးစကားပြောကြတာပေါ့'

ထိုအမျိုးသမီး၏ အမိန့်ဆန်သော စကားများ အဆုံးမှာ
သူဘယ်လိုငြင်းဆန်ရမှန်း မသိတော့ချေ။

နောက်မှ ဖြည်းဖြည်းရှင်းပြရန် စဉ်းစားလိုက်ပြီး သူ့ရှေ့
တွင်ရှိသောအအေးခွက်ကိုသာ တဟုန်ထိုး မော့ချလိုက်သည်။

◆



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

အမိုးသမီးတည်ခင်းသောညနေစာကို စားအပြီးမှာတော့ သူက အူကြောင်ကြောင်ဖြင့် ညှို့ခန်းအလယ်တွင်ရပ်နေမိသည်။ အရွှးမကြီးကတော့ ထမင်းစားချိန်မှလွဲ၍ သူ့ကိုတစ်ချိန်လုံးဖက်တွယ်ထားသည်။

သူက စိတ်ပျက်လက်ပျက်ဖြင့် ညှို့ခန်းရှိဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။

ခဏကြာတော့မှ အမိုးသမီးကထွက်လာ၏။ ထွက်လာတော့ ပြုံးချိုနေသောမျက်နှာနှင့်...

'မောင်လေးရေ မမေက ဒီနေ့ထမင်းအစားဆုံးပဲ အခါတိုင်းနေ့တွေဆို ထမင်းကို မနည်းကျွေးနေရတာ ဒီပုံအတိုင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဆို ဆေးလည်းမှန်မှန်သောက်ရင် မေမေ့ရောဂါမကြာခင်ပျောက်
မှာပဲ'

'ခင်ဗျာ'

ကျွန်တော် ဇော်မင်းထက်မဟုတ်ဘူးဟုအော်ဟစ်လို
ချင်သော်လည်း သူ့ပါးစပ်က ထွက်မလာချေ။

'မမကြီး ကျွန်တော်နားချင်ပြီ ရန်ကုန်ကနေ တစ်နေကု
ကားမောင်းလာတာ'

'ဩော်..ဟုတ်သားပဲ တက်သွားလေ..အရင်အခန်းပဲ
ဘာလဲ ကိုယ့်အိပ်ခန်းကိုတောင် မသိတော့ဘူးလား'

'ဟုတ်ကဲ့ မသိပါဘူး'

ရောင်နီဘွားက ရိုးရိုးသားသားဖြေလိုက်ပေမယ့် အရှ
သမီး၏အကြည့်ခပ်စူးစူးက သူ့ထံသို့ ရောက်လာ၏။

ထိုအခါကျတော့လည်း သူ ထိုအမျိုးသမီး၏အကြည့်မျာ
ကို ရင်မဆိုင်ရဲပြန်။

'ကဲ..လာ'

'ကျွန်တော် သွားမယ် လက်လွှတ်ပေးပါ'

သူ့လက်ကိုကိုင်ထားသောအရှုးမကြီးကို သူကအတ
နိုင်ဆုံး ချိုချိုသာသာပြောလိုက်ပေမယ့် မမကြီးက သူ့ကို မျ





ခွာင်ကုပ်၍ ကြည့်သည်။

'ဟဲ့ မေမေလို့ခေါ်ပြီး ပြောလေ ဘယ်လိုဖြစ်တာလဲ'

သူစိတ်အလွန်ကျဉ်းကျပ်သွားပေမယ့် မမကြီး၏စကား
ကိုတော့ သူ မလွန်ဆန်နိုင်ပြန်။

'မေမေ ကျွန်တော် အိမ်ပေါ် တက်တော့မယ် ခရီးပန်း
လာတယ် ခဏလောက် နားလိုက်ဦးမယ်'

'ဟင် ငါ့သားက မေမေနဲ့ မအိပ်ဘူးလား'

'ဩော် မေမေကလည်း မေမေ့သားက ကြီးနေပြီလေ..
ကလေးမဟုတ်တော့ဘူး စိတ်ချ မေမေ့သား ဘယ်မှထပ်မထွက်
သွားစေရဘူး'

'တကယ်နော်'

အဲသည့်အခါကျတော့ အရှုးမကြီးက သူ့လက်ကိုလွှတ်
ပေး၏။

သူ့ရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးလိုက်သော မမ
ကြီးကို ကျေးဇူးတင်စွာလှမ်းကြည့်မိသည်။

မမကြီးက ခပ်သွက်သွက် အိမ်ပေါ်သို့ တက်သွားပြီးနိ
သူက နောက်မှလိုက်လာခဲ့ရသည်။

ကျွန်းလှေကားကြီး၏အထိအတွေ့က အေးစက်စက်..



www.burmeseclassic.com

www.burmeseclassic.com



**အခန်းတစ်ခန်း**၏အဝသို့ ရောက်တော့…

"ကဲ ဒါ နှင့်အခန်းပဲ ငါ နေ့တိုင်းဖုန်ဝင်လှဲထားတယ်… **နှင်မရှိပေမယ့်**လည်း ငါရော မေမေကပါ နှင့်အခန်းထဲ ဝင်ကြည့်ဖြစ်ပါတယ် နှင် အနားယူလိုက်ဦး"

မမကြီး၏စကားသံထဲတွင် တစ်ခုခုပါဝင်နေပေမယ့် သူ သေချာမဝေခွဲတတ်ချေ။

အပြစ်တင်သံလား

ကြိုဆိုသံလား

ဝမ်းသာသောအသံလား…

တစ်ခုခုတော့ ပျော်ဝင်နေသည်။

ကျောခိုင်း၍ထွက်သွားသောမမကြီးနောက်ကျောကို သူ ငေးမောကြည့်နေမိသည်။

တံခါးက်ခွက်အထိ ရှည်လျားသော ဆံပင်ရှည်ကြီးကို ပိုင်ဆိုင်ထားသောမမကြီးသည် သူ့အတွက်တော့ နတ်သမီးဟုပင် ထင်မှတ်နေမိသည်။

အခန်းတံခါးကို အတွင်းဂျက်ချပြီး ရောင်နီဘွားက ကုတင်ပေါ်သို့ပစ်လှဲပစ်လိုက်သည်။

ယခုမှ မောပန်းနွမ်းနယ်မှုများကို သတိထားမိသည်။





ခန္ဓာကိုယ်တစ်ခုလုံးက ကိုင်ရိုက်ထားသလို နာကျင်နေ… ချာချာလည်နေသည့်အတွေးများက ခေါင်းတစ်ခုလုံးကို ထူမှ…သည်။

ကျောပြင်နှင့်ထိတွေ့နေသည့် မွေ့ယာ၏အထိအတွေ့က …စက်စက်။

ဒီအိပ်ယာပေါ်မှာ ဇော်မင်းထွက် အိပ်စက်ခဲ့သည်။

ဒီအခန်းဟာ ဇော်မင်းထက်နေခဲ့တဲ့အခန်း…။

အတွေးကြောင့် ကြက်သီးနွေ့ညင်းများထောင်နေအောင် …လာသည်။

မလင်းတလင်းထွန်းထားသော ညအိပ်မီးအရောင်ကြောင့် …စိတ်ထဲ တစ်မျိုးကြီးဖြစ်မိပြီး လှဲအိပ်နေရာမှ ဝုန်းခနဲထထိုင်မိ…ည်။

အခန်းပြောင်းအိပ်ရမလားဟု သူတွေးမိသည်။

မဲဟုတ်သေးပါဘူး။

အခု ရောင်နီဘွား ဘာကိုကြောက်နေရတာလဲ၊ ဘာဖြစ်…ကြောက်ရတာလဲ အဲဒီကြောက်စိတ်ဟာ အဓိပ္ပာယ်ရှိရဲ့လား။ …င်နီဘွားဟာ ယောကျ်ားတစ်ယောက်။

ငါ ဘာမှ မကြောက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ သူသည် အသက်ကို ဝအောင်ရှူပြီး လှုပ်ရှားနေသောစိတ်များကို တည်ငြိမ်အောင် ထိန်းချုပ်ပြီး အိပ်ယာပေါ်သို့ ပြန်လှဲအိပ်လိုက်သည်။

မျက်လုံးများကို တင်းတင်းမှိတ်၍ ဘာမှမတွေးဘဲ အိပ်ပျော်အောင် ကြိုးစားသော်လည်း မရပေ။

ဘာမှမတွေးဟု ကိုယ့်ကိုကိုယ် ဘယ်လိုအမိန့်ပေးပေး ထိုအမိန့်ကိုလိုက်မနာနိုင်ခြင်းကတော့ ဆိုးလွန်းပါသည်။

'မမကြီးတို့မှာ မျှော်လင့်ချက်ရတာ ဘာလို့ အခုမှလာလဲ' ဟူသော ထိုအမျိုးသမီး၏ စိုးရိမ်မကင်းသောအသံ၊ ရုံ့ရိပ်တို့က သူ့အာရုံဝယ် ထင်ဟပ်နေပြန်သည်။

ဇော်မင်းထက်ဆိုသောလူဟာ ဘာတွေများလုပ်ထားလဲ။ အရှုံးမကြီးနှင့် မမကြီးတို့သာ ဒီအိမ်မှာ ရှိတာလား။

မမကြီးကရော သူ့ကို ဓာကယ်ဇော်မင်းထက်လို့ပဲထင်နေတာလား ရှုပ်ပွနေသောအတွေးတို့ဖြင့် ခေါင်းကို တဖျင်းဖျင်း ကုပ်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် မနက်ရောက်လျှင်တော့ သူသည် ဇော်မင်းထက်မဟုတ်ကြောင်းနှင့် ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြရပါလိမ့်မည်။





အတွေးကြောင့် ရောင်နီဘွား အနည်းငယ်စိတ်သက်သာရာရ၍ ခရီးပန်းလာမှုကြောင့် အိပ်စက်ပစ်လိုက်၏။

သို့သော် ကားမှောက်တုန်းက အကြောင်းကြီးကို အိပ်ဆော်လိုလိုပြန်မက်ရတာဟာ သူ့အတွက်တော့ အင်မတန်ဆိုးရွားလှပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

သူ့ကိုမောင်အရင်းကဲ့သို့ တစ်နေ့တာမျှဆက်ဆံခဲ့သော မကြီးကို ရောင်နီဘွား အားနာစွာနှင့် ဖြစ်ကြောင်း ကုန်စင်ကို ရှင်းပြရလေတော့သည်။

'အဲဒါပါပဲ မမကြီး'

'ဒါဆို…ဒါဆို မောင်လေးမရှိတော့ဘူးပေါ့'

မျက်နှာလှလှကလေးကို လက်ဝါးဖြင့်အုပ်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်သောမမကြီးကြောင့် သူ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

'ဟို မမကြီး ကျွန်တော်မပြောပြရင် မမကြီးက ကိုညာအားသဒီလိုဖြစ်မှာစိုးလို့ ပြောပြတာပါ ကျွန်တော့်ကြောင့် အခုလို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်ခံစားရတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်'

'ဟင့်အင်း မယုံဘူး မယုံဘူး မင်း လိမ်နေတာ'

မမကြီးက ခေါင်းကိုတွင်တွင်ခါယမ်း၍အိမ်ပေါ်ထပ်သို့ ပြေးသွားလေတော့သည်။

'မမကြီး မမကြီး'

'သားလေး သမီးကြီး ဘာဖြစ်သွားတာလဲ'

မျက်လုံးလေး ကလယ်ကလယ်နှင့်မေးသော ဦးနောင် မကောင်းရှာသည့်ထိုမိန်းမကြီးကို သူကရုဏာသက်သွားမိသည်။

'ဘာမှမဖြစ်ပါဘူး အမေရယ် ကဲ လာ လာ ဒီမှာထိုင်'

'သမီးကြီးက ဟိုကောင်တွေကို ကြောက်နေပြန်ပြီနဲ့တူ တယ် သားငယ်တစ်ယောက်လုံးရှိတာ ဘာကြောက်စရာလိုလဲ'

'ဘယ်လို အမေ မမကြီးက ဘာလို့ကြောက်နေတာလဲ'

ရောင်နီဘွားဖွာ ထိုမိန်းမကြီးပြောသည့်စကားကို စိတ် ဝင်စားသွားသည်။

'သြော် သားကလည်း မေ့တတ်ရန်ကော... အမေတို့ကို အနှောင့်အယှက်ပေးနေတဲ့အကောင်တွေကိုပေါ့ အခု ငါ့သားရှိ တော့ သေနတ်နဲ့ ဒိုင်းဒြောင့်ဆို ပစ်လိုက်ရင် အားလုံးကြောက် သွားမယ် ဟား ဟား'





သတိကင်းမဲ့စွာရယ်မောနေသော ထိုမိန်းမကြီး၏စကား ကို အမှန်အမှားခွဲခြားနိုင်ရန် ခက်ခဲလှသည်။

မမကြီးတစ်ယောက် ဘယ်လိုအခက်အခဲတွေနှင့်များရင် ဆိုင်နေရသနည်းဟု ပူပင်စွာ ရောင်နီဘွားတွေးမိလေသည်။

တကယ်ဆို သူဟာ ဒီနေရာမှထွက်သွားသင့်ပြီ ဖြစ်သော် လည်း သောကတွေဝေနေသောမမကြီးကို သူမထားပစ်ခဲ့နိုင်ပါ။

သူက တွေဝေမိန်းမောစွာ ညှို့ခန်းထဲ၌မည်မျှကြာအောင် ထိုင်နေမိသည်မသိပါ။

မမကြီး အိမ်ပေါ်ထပ်မှ ဆင်းလာတော့မှပင် သူ သတိ ပြန်ဝင်လာ၏။ မမကြီးက တည်ငြိမ်စွာပင် သူ့ရှေ့၌ဝင်ထိုင်လိုက် ၏။

'မင်း နာမည် ဘယ်လိုခေါ်သလဲ'

'ရောင်နီဘွားပါ'

'တို့နာမည်က မမမင်းထက်ပဲ ဆိုပါတော့ တို့ရဲ့မောင် လေးနာမည်ကိုတော့ မင်းသိပြီးဖြစ်မှာပါ မေမေက ခေါ်မိမိကြီး ပါ'

သူက ပိုက်ဆံအိတ်အနက်ကို မမကြီးကိုကမ်းပေးလိုက် ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ဒါကိုဇော်မင်းထက်ရဲ့ပစ္စည်းတွေပါ ကျွန်တော်ပြန်ပေးချင်ပါတယ်။ ပြီးတော့ ..ကျွန်တော် မမကြီးတို့ဆီက ခွင့်မြူချက်မရဘဲ ကိုဇော်မင်းထက်ရဲ့မျက်နှာပုံစံမျိုး ပြုပြင်မိလို့ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ'

'ဒါ မင်းနဲ့မဆိုင်ပါဘူး ...ဆရာဝန်တွေရဲ့ တမင်တကာမဟုတ်တဲ့အမှားပဲလေ ဒါပေမယ့် မောင်လေးနဲ့ဆင်နေတဲ့အတွက်မင်းမှာအန္တရာယ်ရှိမှာကိုတော့ မမကြီးစိုးရိမ်မိတယ် မောင်ရောင်နီ'

'ဗျာ'

အေးဆေးလှသောသူ့အတွက် အန္တရာယ်ဆိုတာ မရှိသလောက်ပင်။

သို့သော်လည်း ..သည်အိမ်ကြီးထဲ ရောက်ကတည်းက အန္တရာယ်ဆိုသည့်စကားကိုသာ ကြားနေရသည်။

'ကျွန်တော့်မှာ ရန်သူမရှိပါဘူး မမကြီး'

'အေးလေ အရင်တုန်းကမရှိပေမယ့် အခုရှိလာနိုင်တယ်ဟုတ်ပါတယ်လေ ..မမကြီးက အစကတည်းက သေချာမကြည့်မိတာပါ မမကြီးရဲ့မောင်လေးက သွက်လက် ဖျတ်လတ်တယ်။ သူ့မျက်လုံးတွေက စူးရှတောက်ပတယ်။ မင်းရဲ့မျက်လုံးတွေ





တော့ ရိုးရိုးလူတစ်ယောက်ရဲ့ မျက်ဝန်းတွေအပြင် တစ်ခုခုကိုပါ စိုးရိမ်နေတဲ့ပုံ ပေါက်တယ်'

'ခင်ဗျာ'

မမကြီးရဲ့အားမနာတမ်းဝေဖန်မှုတွေဟာ မှန်ကန်လှတာကြောင့် သူ အံ့အားသင့်သွားသည်။

'ဟုတ်ပါတယ် မမကြီး ...ကိုဇော်မင်းထက်ရဲ့အရိပ်ဟာ ကျွန်တော့်ကို အမြဲ ခြောက်လှန့်နေပြီး ကားမှောက်တုန်းက မြင်ကွင်းကိုလည်း ခဏခဏပြန်မြင်နေမိပါတယ် ဒါ့ကြောင့်လည်း ကျွန်တော် ဒီအထိလိုက်စုံစမ်းခဲ့တာပါ'

'ဪ မောင်ရောင်နီ ဆိုလိုတာက မောင်လေးဟာ မကျွတ်မလွတ်'

'ဟို မဟုတ်ပါဘူး မမကြီး ဒါက ကျွန်တော့်စိတ်ရဲ့အစွဲအလန်းပါ သွေးရူးသွေးတန်း စွဲမိစွဲရာဖြစ်သွားတာပါ'

'မေမေတော့ သနားပါတယ်ကွာ'

မမကြီးက သူ့ကိုယ်သူ ပြောသလို ခပ်တိုးတိုး ရေရွတ်လိုက်၏။

'ဒါနဲ့ နေပါဦး ..မင်းက မန္တလေးကို ဒီကိစ္စတစ်ခုထဲအတွက်လာတာလား ဒါမှမဟုတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကျွန်တော်တို့ကုမ္ပဏီခွဲဖွင့်ဖို့ကိစ္စလည်း ပါပါတယ်'

မမကြီးက သူ့ကို အလုပ်မရှိအကိုင်မရှိတဲ့လူဆိုပြီး… အထင်သေးသွားမှာစိုး၍ ကပျာကယာဝင်ပြောလိုက်၏။

'ဒါဆို မပြန်ခင် မမကြီးတို့အိမ်မှာပဲတည်းပေါ့ကွာ မေမေနဲ့မမကြီးတို့လည်း မင်းကိုမြင်နေရတော့မောင်လေးကိုအလွမ်းဖြေနေရသလိုပဲပေါ့'

မမကြီးက မျက်ရည်မကျအောင် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်တော့ ရောင်နီဘွား မမကြီးကို အရှမ်းကရုဏာသက်သွားမိသည်။

'ကျွန်တော့်ကို စပ်စုတယ်လို့တော့ မထင်ပါနဲ့ မမကြီးရယ် မမကြီးတို့ ဘယ်လိုအခက်အခဲနဲ့ကြုံနေရသလဲ ကျွန်တော် ကူညီနိုင်ရင် ကူညီပါရစေ'

'ထားပါတော့ မောင်လေးရယ် ဒါဟာ မမကြီးရဲ့ဒုက္ခနဲ့ မမကြီးပဲပေါ့ ကဲ ကဲ ငါ့မောင်လည်း ဗိုက်ဆာနေရောပေါ့'

'ရပါတယ် မမကြီး ကျွန်တော် အညောင်းပြေ ခြံထဲမှာ လမ်းဆင်းလျှောက်လိုက်ဦးမယ်'

'အေး လျှောက်တော့လျှောက်ပေါ့ ဒါပေမယ့်ခြံပြင်တော့





မထွက်နဲ့ ဒါကလည်း မင်းအန္တရာယ်ဖြစ်မှာစိုးလို့ ပြောတာပါ'

မမကြီးရဲ့ စိုးရိမ်မကင်းသောလေသံကို သူ နားမလည်မိပေမယ့် မမကြီးစိတ်ချမ်းသာစေရန် ခေါင်းညိတ်ပြလိုက်၏။

'သားငယ်လေး မေမေပါ လိုက်ခဲ့ဦး'

ဟုဆိုကာ ထိုမိန်းမကြီးက သူ့လက်ကိုလှမ်းဆွဲလိုက်၏။

'မေမေ'

မမကြီး၏လေသံခပ်တောင့်တောင့်က ထွက်ပေါ်လာတာကြောင့် သူ ဝင်ပြောလိုက်၏။

'လိုက်ပါစေ မမကြီး ကျွန်တော် တစ်ယောက်တည်းဆိုတော့ ပျင်းတာပေါ့ မေမေပါတော့ အဖော်လည်း ရတာပေါ့'

'အားနာစရာ မောင်ရောင်နီရယ်'

'သြော် သမီးကြီးကလည်း ဘာအားနာစရာရှိလဲ မေမေ့သားပဲဟာကို ကဲလာ သားလေး သွားကြစို့'

သူက မမကြီးကို နှစ်သိမ့်ပြုံးပြုံးပြလိုက်ပြီး မိန်းမကြီးဆွဲခေါ်ရာနောက်သို့ ယက်ကန် ယက်ကန်နှင့် ပါသွားလေတော့သည်။

'သားငယ်လေး မျက်နှာလည်းမကောင်းဘူး မနေကောင်းရဲ့လား မှန်းစမ်း'



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နဖူးကိုခပ်ဖွဖွစမ်းလိုက်သော ထိုမိန်းမကြီးကြောင့် မိခင်နှင့် မွေးကတည်းကမနေဖူးသော သူ့အတွက် စိတ်ထဲဖွင့် ကြည်နူးသွားမိသည်။

'ကောင်းပါတယ် မေမေရဲ့'

သည်တစ်ခါတော့ သူ့စိတ်ထဲမှတကယ်ပါ၍ လိုက်လိုက် လှဲလှဲခေါ်လိုက်ခြင်းဖြစ်၏။

ထိုနေ့တစ်နေ့လုံး မမကြီး၏မောင်အရင်းကဲ့သို့ဆက်ဆံ မှုများအောက်တွင် ရန်ခုန်ပျော်ဝင်ရင်း နွေးထွေးသောအရှေ့မကြီး ၏မိခင်ကဲ့သို့ဆက်ဆံမှုအောက်တွင် ကျေနပ်ခြင်းတို့ဖြင့် အားလုံး ကို မေ့လျော့နေပါသည်။

ညဘက်ရောက်တော့ မမကြီးတိုက်သော နွားနို့တစ်ခွက် ကိုသောက်ပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။

အိပ်ခန်းထဲသို့ဝင်ဝင်ခြင်းပင် ကြက်သီးဖြန်းခနဲထ သွား သည်။

ပထမဆုံး သတိရမိတာက ဇော်မင်းထက် ဆိုသောလူ တစ်ယောက်ပင် ဖြစ်သည်။

သူဒီလိုနေမိတာကို တမလွန်ရှိဇော်မင်းထက်က ကျေနပ် ပါ့မလားဟု သံသယဝင်မိသည်။



တော်ပြီ သူ မနက်ဖြန်ရန်ကုန်ပြန်ဆင်းတော့မည်ဟုဆုံး ဖြတ်ချက်ချလိုက်မိသည်။

တစ်နေကုန် နွေးထွေးနေသမျှ ကုတင်ပေါ်သို့ လှဲလိုက် သောအခါမှပင် အေးစက်စက်အထိအတွေ့ကိုစတင်ခံစားရသည်။

အိပ်ရန်စဉ်းစားလိုက်ပြီးမှ ချွေးကြောင့် ယားကျိကျိဖြစ် နေသော အင်္ကျီကိုလဲရန် တွေးမိပြီး အိပ်နေရာမှ ပြန်ထလိုက်၏။

ပြီးနောက် သူ့ရဲ့အဝတ်အစားအိတ်ကို မျက်စိကစားပြီး ရှာလိုက်တော့မှ ကားပေါ်မှာကျန်နေမှန်း သတိရ၏။

ခြေရင်းတွင်ရှိသော ဇော်မင်းထက်၏အဝတ်အိတ်ဆီသို့ မျက်လုံးရောက်သွားသည်။

ငါ ယူဝတ်လိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။

ဒါ သေသူရဲ့အဝတ်တွေ။

နေစမ်းပါဦး..

သူ ဘာကိုကြောက်နေရတာလဲ။

သေတဲ့သူက သေပြီပဲလေ။

အတွေးများကြောင့် သူ့ရဲ့ လက်က အဝတ်အိတ်ဆီသို့ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သင့်တော်မှုည်ထင်သောအကျီနှင့် ပုဆိုးကို ဆွဲအထုတ်တွင်....

'ဒေါက်'

'ဘာပါလိမ့်'

သူက ခပ်တိုးတိုးရေရွတ်ရင်း အောက်သို့ကျသွားသော အရာကိုကောက်ယူကြည့်လိုက်တော့ အနက်ရောင်သားရေဖုံးနှင့် စာအုပ်တစ်အုပ်ဖြစ်နေလေသည်။

စာအုပ်၏ရှေ့ဖုံး နောက်ဖုံး၌ ဘာတစ်ခုမှ ရေးထိုးထားခြင်းမရှိပေ။

အေးစက်စက်စာအုပ်အဖုံးကိုလှန်ကြည့်လိုက်တော့ မလှပသော်လည်း ရှင်းလင်းသေသပ်သည့်လက်ရေးနှင့်ရေးထားသော စာကြောင်းများကို တွေ့ရ၏။

ဒါ ဇော်မင်းထက်ရဲ့မှတ်တမ်းစာအုပ်ပဲ။

စာလုံးများနှင့် စာရေးစက္ကူက လုံးဝသစ်လွင်ခြင်း မရှိတော့။

ရေးထားတာကြာနေတာဖြစ်မည်ဟုမှတ်ချက်ချရင်း တစ်ရွက်ပြီးတစ်ရွက်လှန်ကြည့်မိတော့ မှင်အရောင်ကတဖြည်းဖြည်း သစ်လွင်လာသည်ကို တွေ့ရသည်။





နောက်ဆုံးစာမျက်နှာတွင် ရေးထားသော စာလုံးများ၏ မှင်အရောင်က လတ်ဆတ်တောက်ပနေဆဲ ဖြစ်သည်။

ဇော်မင်းထက်ဟာ ဒီစာအုပ်ကို အချိန် တော်တော်ကြာကြာရေးလာခဲ့ဟန် တူသည်။

စိတ်ဝင်စားမှုကြောင့် ရောင်နီဘွားသည် ပင်ပန်းနွမ်းနယ်နေခြင်း၊ ကြောက်ရွံ့ခြင်းနှင့် စိတ်ရှုပ်သွားခြင်းများကိုမေ့လျော့၍ ကုတင်ပေါ်၌အကျအနထိုင်ကာ စာအုပ်ကြီးကို သဲကြီးမဲကြီးဖတ်မိသွားတော့သည်။

စာဖတ်ရင်းနှင့် ရုပ်ရှင်ပြကွက်များလို အာရုံထဲထင်ဟပ်လာလေတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com







အလယ်....



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

ကျွန်တော့်မှာ ရှေးဟောင်းပစ္စည်းတွေကို အရမ်းဝါသနာပါတဲ့ ဖခင်တစ်ယောက်

ယဉ်ယဉ်လေးရှိနေတဲ့ မိခင်တစ်ယောက်နဲ့

ကျွန်တော့်ကိုအရမ်းဂရုစိုက်တဲ့ အစ်မကြီးတစ်ယောက်ရှိပါတယ်။

ကျွန်တော့်ဖခင်ဟာ တစ်နေကုန် ရှေးဟောင်းပစ္စည်းတွေ၊ ကျောက်စာတွေနဲ့ အချိန်ကုန်တတ်သလို ကျွန်တော့်မိခင်ဟာလည်း ...ဟာသူ သီချင်းလေးတအေးအေးနဲ့ အချိန်ကုန်တတ်ပါတယ်။

အဲဒီလိုနဲ့နေလာခဲ့တာ ကျွန်တော်တက္ကသိုလ်...ကျောက်ဆုံး...ရောက်တဲ့အထိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ဖေဖေက သူ့ရဲ့အလုပ်ခန်းထဲကို ကျွန်တော့်ကိုခေါ်ပြီး စကားတချို့ပြောပါတယ်။

'ငါ့သား မင်းအမေ ဘာ့ကြောင့်ဒီလိုဖြစ်နေလဲဆိုတာ-- မင်း သိတယ်နော်'

'ဟုတ်ကဲ့ သိပါတယ်။ မေမေ ကျွန်တော့်ကိုမီးဖွားတုန်းက မီးတွင်းထဲမှာ ဘိုးဘိုးနဲ့ ဘွားဘွား ဆုံးတဲ့သတင်းကို ရတ်တရက်ကြားပြီး ဖြစ်သွားတာလို့ မမကြီးက ပြောပါတယ်'

'အေး ဘာလို့ မင်းရဲ့အဘိုးနဲ့ အဘွား ဆုံးသွားလဲဆိုတာကိုရော မင်း သိလား'

ကျွန်တော်က ဖေဖေ ဘာကိုဆိုလိုချင်မှန်းလည်း မသိ၊ အမှန်တကယ်လည်း မသိ၍ ခေါင်းခါပြလိုက်မိသည်။

'အေး မင်းအဘိုးနဲ့ အဘွားကို သူများ လုပ်ကြံသွားတာလို့ ငါထင်တယ်'

'ဗျာ'

မျှော်လင့်မထားသောစကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားသည်။

'လုပ်ကြံရအောင် ဘယ်လိုရန်ငြိုးရန်စတွေများ··'

'အေး···ဖေဖေပြောချင်တဲ့ အဓိကအကြောင်းအရာက



လည်း အဲဒါတွေပဲ'

'မင်းအဘိုးတွေက သီပေါမင်း ပါတော်မူတုန်းက ကျန်ရစ်ခဲ့တဲ့အဆက်အနွယ်တွေထဲက တစ်ယောက် ဆိုပါတော့။ ပါတော်မူတုန်းက ရွှေ ငွေပစ္စည်းတွေနဲ့ ရွှေဒင်္ဂါးသေတ္တာကြီးတစ်ခု ကျန်ရစ်ခဲ့တယ်။ အဲဒါကို အစဉ်အဆက် လျှို့ဝှက်နေရာမှာ ထားပြီး ထိန်းသိမ်းခဲ့ကြတယ်··မင်းအဘိုးရဲ့လက်ထက်လည်း ရောက်ရော မမျှော်လင့်တဲ့ပြဿနာတစ်ခု ပေါ်လာတယ်'

ဆွေစဉ်မျိုးဆက်အကြောင်းဖြစ်နေပြီး လျှို့ဝှက်ကိစ္စတွေလည်း ပါဝင်နေတာကြောင့် ကျွန်တော် စိတ်ဝင်စားစွာနားထောင်နေမိ၏။

'ဘယ်လိုပြဿနာလဲ ဖေဖေ'

ကျွန်တော် စိတ်ဝင်စားလွန်း၍ ဖေဖေ့စကားကိုထောက်ပေးလိုက်သည်။

'အဲဒါက မင်းအဘိုးဆီမှာ အဲဒီပစ္စည်းတွေရှိတယ် ဆိုတာ မသမာတဲ့လူတွေ သိသွားတာပဲ'

'ဗြော် ဘယ်လိုများ သိသွားရတာလဲ'

'အဲဒီပစ္စည်းတွေကိစ္စကို မင်းအဘိုးနဲ့ အဘွားပြောဆိုနေတုန်း အိမ်မှာအလုပ်လုပ်တဲ့သူတစ်ယောက်က ကြားသွားတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ပစ္စည်းတွေကလည်း ဒီမှာ မဟုတ်ပါဘူး လျှို့ဝှက်တဲ့ တစ်နေရာမှာ ဝှက်ထားတယ်'

ဖေဖေက ပြောလက်စ စကားကို ရပ်နား၍ သောက်နေကျဆေးတံကြီးကို ထုတ်သောက်လိုက်လေသည်။

ကျွန်တော်ကတော့ ကျွန်တော်တို့ဆွေစဉ်မျိုးဆက်အဖြစ်အပျက်ကြီးကို အလွန်အမင်းစိတ်ဝင်စားလျက်ရှိလေတော့သည်။

'အပြင်ကို သတင်းပေါက်ကြားသွားပြီလဲ ဆိုရော မင်းအဘိုးအဘွားတွေ အစိုးရိမ်လွန်ပြီး ပစ္စည်းတွေရွှေ့ဖို့ကြိုးစားကြတော့တာပဲ အဲဒီကိစ္စနဲ့ ပြင်ဦးလွင်ကဆွေမျိုးတွေဆီ တိုင်ပင်ဖို့သွားတာ ကားမှောက်ပြီးဆုံးတာပဲ ဖေဖေစိတ်ထင်တော့ ဒါဟာ လုပ်ကြံမှုလို့ထင်တာပဲ ဒါပေမယ့် အမှုကလည်းပိတ်လိုက်ပြီဆိုတော့ ဘာမှ မတတ်နိုင်ခဲ့ဘူး'

'အဲဒီတော့ ပစ္စည်းတွေကရော ဖေဖေ'

'အေး ပစ္စည်းတွေအကြောင်းကို ကျန်ရစ်ခဲ့တဲ့ဆွေမျိုးတွေထဲမှာ သိတဲ့လူဟာ မင်းအမေတစ်ယောက်ပဲ ရှိတော့တယ်'

'ဗျာ'

ဦးနှောက်မကောင်းသောမေမေသည် ထိုပစ္စည်းများအကြောင်း မည်ကဲ့သို့ ပြောပြနိုင်မည်နည်းဟု ကျွန်တော် တွေးမိ



သည်။ ဖေဖေက ကျွန်တော်တွေးနေတာကို ရိပ်မိဟန်ဖြင့်

'ဘာလဲ မင်းအမေက မပြောပြနိုင်ဘူးလို့ မင်း ထင်နေတာ မှတ်လား'

ကျွန်တော်က ဖေဖေ့ကို ခေါင်းညိတ်ပြလိုက်၏။

'မင်းအမေက ငါတို့ထက်တောင် မှတ်ဉာဏ် ကောင်းသေးတယ်ဗျာ သူနဲ့ငါ နှစ်ယောက်တည်းသိရမည့်အကြောင်းတို ပြောပြဆိုရင် အဲဒီပစ္စည်းတွေရှိတဲ့နေရာကို အသေအချာပြောပြတော့တာပဲ ဒါပေမယ့် ကျန်တဲ့သူတွေ ဘယ်လိုမေးမေး သူပြောပြမှာမဟုတ်ဘူး'

'ဪ အဲဒီတော့ ဖေဖေက ဘယ်လိုလုပ်ချင်သလဲ'

'ပစ္စည်းတွေက ရှမ်းပြည်နယ်ဘက်မှာ ဝှက်ထားတယ်ဆိုတော့ ဖေဖေတစ်ယောက်တည်းသွားရမှာအဆင်မပြေဘူး ဒါဒီတော့ ဖေဖေနဲ့အတူ ရှေးဟောင်းပစ္စည်းတွေရှာဖွေနေကြတဲ့လူတွေနဲ့ အတူသွားမယ်'

'ဟင် သူတို့ကရော စိတ်ချရပါ့မလား'

ဖေဖေက ကျွန်တော့်ရဲ့ မေးခွန်းကို ကြိုသိနေဟန်ဖြင့် ပြုံး၏။

'ဖေဖေက ရတနာတွေ သွားရှာမယ်လို့ ဘယ်ပြောထား



www.burmeseclassic.com

www.burmeseclassic.com



ပါမလဲ ရှေးဟောင်းပစ္စည်းတွေသွားရှာမှာလို့ပဲ ပြောထားတာပေါ့ ကွာ'

'ဟင်း'

ဘာ့ကြောင့်မှန်းမသိ ကျွန်တော့်စိတ်ထဲတွင် လေးလေးပင်ပင်ခံစားရသည်။

'အင်း…စိတ်ချရတယ်လို့တော့ ပြောရမှာပဲ ဒါပေမယ့် လူ့စိတ်ဆိုတာ ဖေဖေလည်း မခန့်မှန်းတတ်ဘူး အဲဒီတော့…'

'ဘာများလဲ ဖေဖေ'

'ဖေဖေ တစ်ခုခုဖြစ်သွားရင် ငါ့သားက ဆက်ပြီး ထိန်းသိမ်းစောင့်ရှောက်ပြီး သက်ဆိုင်ရာကိုအပ်ပါလို့ ဖေဖေပြောချင်တယ် ကိုင်း…တို့သားအဖလည်း စကားကောင်းနေတာနဲ့ မိုးချုပ်သွားပြီ သွားအိပ်ချေတော့'

'ဟုတ်ကဲ့ ဖေဖေ ဒါနဲ့ ဖေဖေ ဘယ်တော့ခရီးထွက်မှာလဲ'

'ရန်ကုန်က အဆက်အသွယ်ရရင် ထွက်မှာပေါ့ကွာ အဲဒါကလည်း ဒီရက်အတောအတွင်းမှာပဲ ဖြစ်လိမ့်မယ် ဖေဖေခရီးထွက်သွားရင်လည်း မင်းအမေနဲ့အစ်မကိုဂရုစိုက်လိုက်ပါကွာ'

'ဟုတ်ကဲ့'





ထိုညက ခွေစဉ်မျိုးဆက်အကြောင်းအရာများကို တွေးရင်း ကောင်းကောင်းအိပ်မပျော်တော့ချေ။

ပြီးတော့…

ဖေဖေ့ကို ဘာကြောင့်မှန်းမသိဘဲ စိတ်ပူပန်နေမိ၏။

ဤသို့ဖြင့် သူတို့မိသားစုလေးသည် ယခင်က အတိုင်းပင် နေ့တချို့ကို အေးဆေးစွာဖြတ်သန်းပြီးနောက် စာတစ်စောင် ရောက်လာခဲ့သည်။

ဖေဖေက စာကိုဖတ်၍ မျက်မှောင်ကိုတွန့်ချိုး၍စိတ်ရှုပ်နေပုံရသည်။

'ဖေဖေ ဘာဖြစ်လို့လဲ'

'ဘာမှ မဟုတ်ပါဘူးကွာ…နောက်တစ်ပတ် ရန်ကုန်မှာ လူစုပြီးထွက်မယ်တဲ့ အဲဒါ ဖေဖေရန်ကုန်ဆင်းရမယ်နဲ့တူတယ်'

ဖေဖေက ကျွန်တော့်ကို ဘာမှမပြောဘဲ စာကိုသာဆက်ဖတ်နေ၏။ ပြီးမှ…

'ဖေဖေ သားကို သေချာမှာချင်တာ တစ်ခုရှိတယ်'

'ဘာများလဲ ဖေဖေ'

'ဘယ်လိုအကြောင်းအရာကြောင့်နဲ့ပဲဖြစ်ဖြစ် အဲဒီပစ္စည်းတွေကို မသမာသူတွေရဲ့လက်ထဲကိုမရောက်သွားစေချင်ဘူး အဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သားမြဲမြဲမှတ်ထားပါ ပြီးတော့ ဖိုးမိသားစုတွေရဲ့လျှို့ဝှက် ချက်ကို အပြင်ကို မပေါက်ကြားစေချင်ဘူး ပေါက်ကြားတာနဲ့ ငါတို့တစ်မိသားစုလုံး ဒုက္ခရောက်လိမ့်မယ်'

'ဟုတ်ကဲ့ပါ ဖေဖေ'

နောက်တစ်နေ့တွင် ဖေဖေသည် ရန်ကုန် ဆင်းရန် ပြင် ဆင်တော့၏။

'ဖေဖေက ရန်ကုန် ဆင်းတော့မလို့လား'

'အေး'

ဖေဖေက ကျွန်တော့်ကို ဘာမှပြန်မပြောအားဘဲ အဝတ် အစားတွေရယ်၊ သူ့ပစ္စည်းတွေရယ်ကို အိတ်ထဲထည့်နေသည်။

'သတိထားလဲသွားပါ ဖေဖေရယ်'

'အေးပါကွ ငါက အဲဒီဒင်္ဂါးသေတ္တာကိုမက်လို့ မဟုတ် ပါဘူး အဲဒီထဲက အင်မတန်ရှေးကျတဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားလွန်းလို့ပါ'

ဖေဖေက သူစိတ်ဝင်စားတဲ့အကြောင်းအရာဖြစ်၍ မျက် လုံးတွေ တလက်လက်တောက်ပနေသည်။

'အခု ဖေဖေနဲ့အတူတူ အဲဒီပစ္စည်းတွေကိုသွားရှာရမယ့် လူတွေကရော စိတ်ချရလို့လား'





ကျွန်တော်က ဖေဖေ့ကို စိတ်ပူပန်စွာ မေးလိုက်သော် လည်း ဖေဖေက သူ့ကိုယ်သူ ယုံကြည်စိတ်ချဟန်အပြည့်ဖြင့်

'စိတ်ချရပါတယ် ငါ့သားရဲ့ ဖေဖေနဲ့ရှေးဟောင်းပစ္စည်း တွေ ရှာဖွေနေကြသူတွေပဲ...အေး ဒါပေမယ့် လူ့စိတ်ဆိုတာက တော့ ပြောလို့မရဘူးပေါ့ကွာ အဲဒီအခါကျရင် ဖေဖေ ငါ့သားကို ဖြစ်ဖြစ်တဲ့နည်းနဲ့ဆက်သွယ်မယ် ငါ့သား ရုံးကိုမြဲ ဆိုက်ခန်း ကို လိုက်ခဲ့ပါ'

'ဟုတ်ကဲ့ ဖေဖေ'

ဖေဖေဟာ အခါတိုင်းခရီးထွက်နေကျဖြစ်ပေမယ့် သည် တစ်ခေါက်ဖေဖေခရီးထွက်တော့ ကျွန်တော့်စိတ်တွေ ဘာ့ကြောင့် လေးလံနေသလဲ ကျွန်တော် မသိပါ။

'ဖေဖေ နောက်ကြောင်းကို စိတ်အေးပါရစေ ငါ့သား'

'ဟုတ်ကဲ့ပါ ဖေဖေ'

'ကိုင်း သမီးကြီး ဖေဖေ သွားမယ် မိမိ ငါသွားမယ်'

'ဟင့်အင်း နင် ဘယ်သွားမလို့လဲ မသွားရဘူး ငါ့ကို ထားပြီး မသွားရဘူး'

မေမေက အလန့်တကြားဖေဖေ့လက်ကိုဆွဲပြီးထားတော့ ကျွန်တော် ပို၍ လန့်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေဟာ ဖေဖေ့ရဲ့ အခါတိုင်းခရီးစဉ်တွေတုန်းက ဒီလို တစ်ခါမှမတားမြစ်ဖူးတာကြောင့် ဖြစ်သည်။

'မသွားနဲ့နော်'

'ဩော် မိမိကလဲ အစ်ကိုပြန်လာမှာပါ..စိတ်မပူပါနဲ့.. အခါတိုင်းလည်း သွားနေကျပဲလေ'

ဖေဖေ့ရဲ့ချော့မော့သံများကိုလည်း မေမေက ဂရုမစိုက်နိုင်ဘဲ အသံကျယ်ကြီးနှင့် အော်ငိုလေတော့သည်။

ထိုခရီးစဉ်သည် ဖေဖေက ကျွန်တော်တို့မိသားစုကြီးကို အပြီးအပိုင်ခွဲခွာသွားတော့မည့်ခရီးစဉ် ဆိုတာကို ကျွန်တော်ကြိုတင်၍ မသိနိုင်ခဲ့ပါချေ။

◆





## အခန်း(၂)

အဲဒီလိုနဲ့...ဖေဖေ ကျွန်တော်တို့အိမ်က ထွက်သွားတာ တစ်လပြည့်သွားပြီ ဆိုပါတော့။

ဒီကြားထဲမှာ ကျွန်တော်တို့ကျောင်းက ကျွန်တော်အဖြေ တောင်းထားတဲ့ ကောင်မလေးဆီက အဖြေရတယ်။

ဒါပေမယ့်..

ကျွန်တော့်ကို အဲဒီကောင်မလေး အဖြေပေးတာက ခပ်ဆန်းဆန်းဗျ။

အဲဒီနေ့က....

'ယူ တို့ကို တကယ်ချစ်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပြောလိုက်တာလဲ မေရယ်....ကိုယ် မင်းတစ်ယောက်တည်းကိုပဲချစ်တာပါ'

'တကယ်ရော လက်ထပ်ဖို့အထိ စဉ်းစားထားလား'

'ကိုယ်ချစ်တဲ့သူပဲ မေကသာခွင့်ပြုမယ်ဆိုရင် အခုချက်ချင်းလက်ထပ်ချင်တာပေါ့'

ကောင်မလေးရဲ့မျက်နှာလှလှလေးက ရှုံ့မဲ့သွားပြီး..

'နိုး နိုး မေက ဟာင်းရှက်ကန့်ရွန်းမဟုတ်ဘူး မေ ဟိုး..ငယ်ငယ်လေးထဲက ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူ တစ်ယောက်တည်းဖြစ်ရမယ်လို့ဆုံးဖြတ်ထားတယ် အဲဒီတော့မေ့ရဲ့အချစ်ကိုလိုချင်ရင် ယူ့မိဘကို လာတောင်းခိုင်းလိုက်ပါ နေပါဦး ယူတို့မိသားစုက မင်းမျိုးမင်းနွယ်တွေ သိပ်ချမ်းသာတယ်ဆို..'

'မေ့ကို ဘယ်သူပြောလဲ...'

ကျွန်တော်တို့ မိသားစုအကြောင်းကို သိသူက ရှားတာကြောင့် မေ သိနေတာကို အံ့သြမိသည်။

'ဒီလိုပဲ ကြားတာပေါ့'

'ကိုယ်နဲ့မေချစ်ကြမယ့်ကိစ္စမှာ အဲဒါတွေပါလား'

'မသိဘူးကွာ မေသိတာ ယူ မေ့ကိုလာတောင်းဖို့ပဲ'

မေ့ရဲ့စကားသံများထဲတွင် တစ်စုံတစ်ရာပါဝင်နေသည်





ဟု ကျွန်တော် ထင်၏။ သို့သော် .....

မေ့ရဲ့ မျက်နှာလှလှလေးကိုတွေ့နေရတော့ ကျွန်တော် အလိုလိုခေါင်းညိတ်မိပြီးသား ဖြစ်သွားသည်။

'အင်းပါ မေရယ် ဒါပေမယ့် ကိုယ့်ဖေဖေက ခရီးထွက်နေတော့ ချက်ချင်းကြီး လာတောင်းဖြစ်မယ် မထင်သေးဘူး'

'ယူ့ဖေဖေက ဘယ်ကို ခရီးထွက်နေတာလဲ'

'မသိပါဘူးကွာ အလုပ်ကိစ္စနဲ့ တူပါတယ်'

'ယူ့အဖေက ဘာအလုပ်လုပ်တာလဲ'

ဖေဖေ့အကြောင်း စပ်စုလွန်းသောမေ့ကို ကျွန်တော့်စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်သွားသည်။

ထို့ကြောင့် ဘာမှပြန်မဖြေတော့ဘဲ ပါးစပ်ပိတ်နေလိုက်တော့ မေက ကျွန်တော့်ကို မရမကလိုက်မေးလေတော့သည်။

'ဘာလဲ ယူ့အဖေအကြောင်း မပြောပြချင်ဘူးပေါ့'

'မဟုတ်ပါဘူးကွာ'

'မဟုတ်ရင် ပြောပြ ယူ့ဖေဖေနဲ့ မေမေက ဘာလုပ်လဲ ဘယ်သူက မင်းမျိုးမင်းနွယ်လဲ'

'မေ ကိုယ်ချိန်းထားတဲ့ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် မေ့ရဲ့ နှုတ်ခမ်းလေးက သိသိသာသာ ချွန်သွားသည်။

'ယူက မေ့နားမှာ ကြာကြာမနေချင်ဘူးလား'

'မဟုတ်ပါဘူး မေရာ အလုပ်ကိစ္စအရေးကြီးလို့ပါ သွားမယ်နော်'

ကျွန်တော်က အလိမ္မာသုံး၍ မေ့အနားမှထလာခဲ့သည်။ တကယ်ဆို/ ကျွန်တော် မေ့နားမှာနေချင်ပါသေးသည်။

သို့သော်...

စပ်စုလွန်းသော မေကြောင့် ကျွန်တော်တို့ရဲ့ ခွေ့စဉ်မျိုးဆက်ကိစ္စတွေသိသွားမှာ စိုးရိမ်မိပါသည်။

တစ်ဆက်တည်းမှာပင် ကျွန်တော် တွေးမိတာက...အေကျွန်တော့်ကို ဆက်ဆံမှုများသည် သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားဟုပင် ဖြစ်သည်။

သို့သော် မေရဲ့မျက်နှာလှလှလေးကြောင့် ထိုအတွေးများသည် ခဏအကြာတွင် ပျောက်ကွယ်သွားလေတော့သည်။

ဘာပဲဖြစ်ဖြစ် သည်တစ်ခေါက်ဖေဖေပြန်လာလျှင် မေ့ကိုလိုက်တောင်းခိုင်းမည်ဟု စိတ်ထဲတွင်တေးထားလိုက်သည်။

◆





နောက်ထပ် တစ်ပတ်ခန့်အကြာတွင် ဖေဖေ့ထံမှ တယ်လီဖုန်းလာ၏။

'ဟယ်လို သားလား'

'ဟုတ်ပါတယ် ဖေဖေ'

'အေး သား မင်းအမေကို ဂရုစိုက်ကွာ ပစ္စည်းတွေကိစ္စလုံးဝ တခြားသူတွေကို မသိစေနဲ့'

ဖေဖေအသံက အလောတကြီးနိုင်လှသည်ဟုကျွန်တော်ထင်မိသည်။

'ဖေဖေ ဘာဖြစ်နေတာလဲ'

'ဘာမှမဖြစ်ဘူး သား ဖေဖေ အကယ်၍ပြန်ရောက်မလာနိုင်တော့ရင် ဖေဖေ့တာဝန်ကို သား ဆက်ယူပါ'

'ဖေဖေ ဘာတွေပြောနေတာလဲ အခု ဘယ်ကဆက်နေတာလဲ'

ကျွန်တော်က ဖေဖေ့ကို စိုးရိမ်တကြီး မေးလိုက်မိသည်။ ဖေဖေက ကျွန်တော့်မေးခွန်းကို မဖြေဘဲ ပြောချင်တာတွေ ဆက်ပြောနေ၏။

'ဒီမှာ သား ဘယ်လိုအကြောင်းကြောင့်နဲ့မှ ရွှေဒင်္ဂါးတွေရှိတဲ့နေရာကို မပြောပါနဲ့ မသမာသူတွေရဲ့လက်ထဲ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ် ဖေဖေပြောတာကို သဘောပေါက်တယ်နော် ပြီးတော့ သားတို့ အခုနေတဲ့အိမ်ကို ပိတ်ပြီး စိန့်ပန်းရပ်မှာ ဖေဖေဝယ်ထားတဲ့ အိမ်အဟောင်းကြီးမှာ ခတ်မြုပ်ပြီးနေပါ သားတို့ အဲဒီမှာနေတယ် ဆိုတာကို ဘယ်သူ့ကိုမှမပြောပါနဲ့ သားတို့လည်း သိုသိုသိပ်သိပ် နေပါ အန္တရာယ်ရှိတယ်'

'ဖေဖေ ဖေဖေ ဘာတွေဖြစ်နေတာလဲ'

'ဘာမှမဖြစ်ဘူး ဖေဖေပြောတဲ့အတိုင်း လုပ်ပါ'

ဖေဖေက စကားဆုံးသည်နှင့်တယ်လီဖုန်းကိုချလိုက်၏။ ကျွန်တော် ဘာမှဆက်မေးခွင့်မရလိုက်ချေ။ ဖေဖေဘာဖြစ်နေပါလိမ့်။

'ဟဲ့ မောင်လေး တယ်လီဖုန်းကို ကိုင်ထားပြီး ဘာဖြစ်နေတာလဲ'

မမကြီးပြောတော့မှပင် ကျွန်တော် သတိဝင်လာပြီး ဖုန်းကိုချလိုက်၏။

'ဖေဖေ ဖုန်းဆက်တယ်'

'ဟင် နင်ကလည်း နင်တစ်ယောက်ထဲပြောတယ် ငါနဲ့ ဖေဖေတောင် ဘာမှမပြောလိုက်ရဘူး မေမေကလည်း ဖေဖေ့ကို မေးနေတာ…'





'ကျွန်တော့်တောင် ဘာမှ မပြောလိုက်ရဘူး မမကြီးရ …ဟာ သူပြောချင်တာတွေပြောပြီး ဖုန်းချလိုက်တာ'

'ဖေဖေက ဘာတွေပြောသွားလဲ'

မမကြီးက ကျွန်တော့်ကို အနည်းငယ် စိတ်တိုနေပုံရပြီး …တ်ဆတ်နှင့် မေးလိုက်သည်။

'ဖေဖေကလား စိန့်ပန်းရပ်က သူထပ်ဝယ်ထားတဲ့ အိမ် …ဆီကို အမြန်ပြောင်းပါတဲ့'

'ဒီအိမ်က..'

'ဒီအိမ်ကိုသော့ခတ်သွားတဲ့ ကျွန်တော်တို့ အန္တရာယ်ရှိ …တဲ့'

'ဘုရားရေ ဒါဆို ဖေဖေတော့…'

မမကြီးက ရင်ဘတ်ကို လက်နှင့်ဖိပြီး ပြောလိုက်တော့ ဖေဖေ့အတွက် ကျွန်တော် စိုးရိမ်သွားမိလေသည်။

သို့သော် မိန်းမသားဖြစ်သောမမကြီးကို ကျွန်တော်က …မှ မဖြစ်လေဟန်ဆောင်၍ နှစ်သိမ့်လိုက်သည်။

'စိတ်ချပါ မမကြီးရဲ့ ဖေဖေ ဘာမှမဖြစ်ပါဘူး ဖေဖေ …ကြောင်းလည်းသိသားနဲ့ မိသားစုအတွက် အရမ်းစိုးရိမ်တတ် …တဲ့ ဒီလိုပဲ မှာနေတာပေါ့ ကျွန်တော်တို့လည်း ဖေဖေ စီစဉ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အိမ်ပြောင်းကြတာပေါ့'

'အင်းလေ ဖေဖေ ဘာမှမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရ တော့မှာပေါ့'

ဤသို့ဖြင့် ကျွန်တော်တို့ မိသားစုသည် ကျုံးရှေ့ရှိ အိမ်ကြီးကို သော့ပိတ်၊

အိမ်တွင်အလုပ်လုပ်နေသောသူများ အားလုံးကို အနား ပေး၍ . . . ။

စိန့်ပန်းရပ်ရှိ ရှေးဟောင်းနှစ်ထပ်အိမ်ကြီးသို့ လိုအပ်သည့် ပစ္စည်းလေးများသာယူ၍ကျွန်တော်တို့မိသားစုသုံးယောက်ပြောင်း ခဲ့လေသည်။

ပထမတော့ ကျွန်တော်တို့မိသားစုသုံးယောက်သည် မှုန် ကုပ်ကုပ်နှင့် ရှေးဟောင်းနှစ်ထပ်အိမ်ကြီးထဲတွင် ဘယ်လိုမှ နေ သားမကျခဲ့ပေ။

အိမ်စောင့်ဂေါ်ရခါးဦးရှာမါးကတော့ ညဘက်တွင် ကျွန် တော်တို့၏ သက်တော်စောင့်။

နောက်တော့လည်း သော့ခလောက်ကြီးတစ်ခုကို အမြဲ ပိတ်ထားသော ထိုအိမ်ကြီးထဲတွင် ကျွန်တော်တို့ မိသားစု သုံး ယောက်၏သီးသန့်ကမ္ဘာ ဖြစ်လာခဲ့သည်။





တစ်ခုဆိုးရွားလှတာက ထိုအိမ်သို့ပြောင်းပြီး သုံးလထိ ကြာသည်အထိ ဖေဖေ့ထံမှ အဆက်အသွယ်လည်းမရ။

သတင်းအစအနပင် မကြားရတော့ပေ။

ထိုအခါ ကျွန်တော်နှင့် မမကြီးတို့သည် ဖေဖေအတွက် စိုးရိမ်တကြီးဖြစ်ရုံမှလွဲ၍ ဘာမှမတတ်နိုင်ချေ။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

ထိုနေ့က····

မြို့ထဲမရောက်တာလည်း ကြာပြီ၊ မေနှင့်လည်း မတွေ့တာကြာပြီဖြစ်၍ မြို့ထဲသို့ ထွက်ခဲ့သည်။

မြို့ထဲတွင် မေဖွင့်ထားသည့်စတိုးဆိုင်သို့ ကျွန်တော်ဝင်ခဲ့တော့ အဆင်သင့်ရှာပင် မေနှင့် တွေ့ရသည်။

'မေ···'

'ဟော ယူပါလား ဘယ့်နှယ်··ယူတို့ တစ်မိသားစုလုံးပျောက်သွားရတာလဲ ဖုန်းဆက်လို့လည်းမရ အိမ်သွားကြည့်တော့လည်း သော့ပဲ တွေ့တယ်···'

'ကိုယ်တို့အိမ်ပြောင်းသွားလို့ပါမေရယ် အပြင်ထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အအေးလေး ဘာလေး သောက်ရအောင် ကိုယ်တို့ မတွေ့ရတာ လည်း ကြာပြီမှတ်လား'

'အင်းလေ သွားကြတာပေါ့'

မေက ကြွကြွရွရွလေး ကျွန်တော့်ကားရှေ့ခန်းတွင်ဝင် ထိုင်လိုက်တော့ ကျွန်တော် ကျေနပ်သွားပါသည်။

'မေ့က ပိုချောလာတယ်'

'အဲ့မယ် လာမြှောက်မနေနဲ့ ယူ့ တိုက်ရမှာနော်··ယူက တော့ အရင်အတိုင်းပဲ အခုကျောင်းပြီးသွားပြီဆိုတော့ ယူ ဘာ အလုပ်လုပ်နေလဲ'

'လယ်ယာပြန်စားရေးလေ'

'ဘုရားရေ ဗီလိုလူကို ဘယ်လိုအားကိုးရမှာလဲ'

မေက ကျွန်တော့်ကိုရယ်ရယ်မောမောနှင့်ပြောလိုက်ပေ မယ့် ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။

'ဘာလဲ မေက ကိုယ့်ကို အထင်သေးတာလား'

'အထင်သေးတာမဟုတ်ပါဘူးရှင်ရယ် မင်းမျိုးမင်းနွယ် ကို အထင်မသေးရဲပါဘူး'

'အဲဒီအကြောင်း ဘာလို့ ခဏခဏ ထည့်ပြောနေရတာ လဲ မေရဲ့ ဒီခေတ်ကြီးမှာ အဲဒါတွေမရှိတော့ဘူး မေရဲ့'



ကျွန်တော်က မေ့ကို ငေးကြည့်ကြည့်မော့မော့နှင့် ပြောလိုက် ပေမယ့် မေက မလျှော့သေးဘဲ···

'အို မရှိလည်း မေက အဲဒါတွေကိုပဲစိတ်ဝင်စားနေတာ'

မေ့စကားကြောင့် ကျွန်တော့်စိတ်ထဲတွင်တစ်မျိုးကြီးဖြစ် သွားသည်။

ဒါပေမယ့် ကျွန်တော်ချစ်ရတဲ့ကောင်မလေးဖြစ်ရဲ့အကြောင်း ထပ်မပြောဘဲ ငြိမ်ငြိမ်လေးနေလိုက်၏။

'ကဲ မေ ဘာသောက်မလဲ'

'အအေးပဲ သောက်မယ်'

ကျွန်တော်က အအေးနှစ်ခွက်ကိုမှာလိုက်ပြီး ချစ်ရတဲ့မေ ရဲ့မျက်နှာကိုသာ တစိမ့်စိမ့် ထိုင်ကြည့်နေမိသည်။

'ကဲ ကြည့်မနေနဲ့···ယူတို့ ဘယ်မှာ နေတယ် ဆိုတာလဲ မေ့ကိုသေချာပြောပြဦး ယူ့ကို မေကတွေ့ချင်ရင် ဘယ်လိုလုပ် မလဲ'

မေ့ရဲ့ခပ်နွဲ့နွဲ့လေသံလေးကြောင့် ကျွန်တော်တို့စိန်ပန်း ရပ်ရှိ အိမ်ကြီး၏နေရာကို ပြောပြလိုက်မိသည်။

'ဟင် ယူတို့ကလည်း မြို့ထဲကနေပြီးပြောင်းရတယ် လို့'

www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေအရပေါ့ မေရာ'

'မေ့ကိုရော ယူ ဘယ်တော့လာတောင်းမှာလဲ'

'ကိုယ့် ဖေဖေပြန်ရောက်တဲ့နေ့ပေါ့'

'ဟင်း…ဟင်း'

ဘာ့ကြောင့်မှန်း မသိ။

မေက တဟင်းဟင်းနှင့်ရယ်မောနေလေတော့သည်။

မြမနှင့် တွေ့ပြီး တစ်ပတ်တိတိပြည့်သော နေ့မှာတော့ သတင်းဆိုးတစ်ခုကို ကျွန်တော်တို့ လက်ခံရရှိခဲ့သည်။

'စာပို့…စာ'

အိမ်ရှေ့မှစာပို့သမား၏အော်သံကြောင့် ကျွန်တော်ဝင် သာသွားသည်။

ဖေဖေ့ဆီက စာထင်ပါရဲ့…

'လာပြီ…လာပြီ'

စာအိတ်ကြီးကို ဖောက်ဖတ်လိုက်တော့ ကွန်ပြူတာစ လုံးစီထားသော စာကြောင်းများ…

*ဓော်မင်းထက်*

*မင်းအဖေကို အသက်ရှင်လျက် ပြန်တွေ့ချင် တယ်ဆိုရင် ရတနာမြေပုံနဲ့အတူ တစ်ပတ်အတွင်းရန်ကုန်ကိုဆင်*



*ခဲ့ပါ။ ငါတို့ ထပ်ဆက်သွယ်မယ်…ရဲတိုင်ရင်တော့ မင်းအဖေရဲ့ အလောင်းပဲရမယ်…။*

မျှော်လင့်မထားသောစာနှင့်အတူ ဖေဖေ့သတင်းပါ ပါ လာ၍ ကျွန်တော်ဖေဖေ့အတွက် အရမ်းစိုးရိမ်သွားမိသည်။

'မောင်လေး ဘာတဲ့လဲ'

ကျွန်တော့် နံဘေးတွင် သိချင်စောနှင့် မတ်တပ်ရပ်နေ သော မမကြီးကို လက်ထဲတွင်ကိုင်ထားသော စာကို ကမ်းပေး လိုက်သည်။

မမကြီးက စာကိုဖတ်ပြီး…

'ဒုက္ခပဲ ဖေဖေတော့ ဒုက္ခပါပဲ…ဘာဆက်လုပ်ကြမလဲ ဟင်…'

'စိတ်အေးအေးထားပါ မမကြီးရာ လာ အိမ်ထဲ ဝင်ပြီး အေးအေးဆေးဆေးပြောကြတာပေါ့'

စိုးရိမ်တကြီးဖြစ်နေသောမမကြီးကို ကျွန်တော်က နှစ် သိမ့်ပြီး အိမ်ထဲခေါ်လာခဲ့သည်။

ညွှန်ခန်းရှိခုံပေါ်တွင်ထိုင်မိတော့ ကျွန်တော်တို့မောင်နှမ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ စကား

www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ဖြစ်နေကြသည်။ ခဏကြာတော့မှ မမကြီးက...

'အခု ဘယ်လိုလုပ်ကြမလဲ'

'မမကြီးက ဘယ်လိုလုပ်ချင်လို့လဲ'

ကျွန်တော့်ရဲ့မေးခွန်းကို မမကြီးကပြန်မဖြေနိုင်ဘဲ သက်ပြင်းတစ်ချက်သာ ချလိုက်၏။

'ဘယ်လိုလုပ်ရမှာလဲ မောင်လေးရယ် မမကြီးကတော့ ဖေဖေ့ဒုက္ခရောက်မှာ လုံးဝ မလိုလားဘူး'

'ဒါဆိုတော့လဲ သူတို့ပြောတဲ့အတိုင်း လုပ်ကြရုံပဲပေါ့'

ကျွန်တော့်စကားကြောင့် မမကြီးမျက်နှာ ပိုပြီးမှိုင်းညို့သွား၏။

'ဒါဆို မမကြီးတို့ မျိုးရိုးအစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ ပစ္စည်းတွေကို သူတို့ကို ပေးလိုက်ရတော့မှာပေါ့..'

'ဒါကတော့ မမကြီးရယ် လောကမှာ တစ်ခု လိုချင်ရင် တစ်ခုပေးဆပ်ရမှာပဲလေ'

'အင်းလေ ဖေဖေ့လောက်တော့ ဘယ်အရာမှ အရေးမကြီးပါဘူး...'

မမကြီးက သူ့ကိုယ်သူဖြေသိမ့်သလို ခပ်တိုးတိုး ပြောလိုက်တော့ ကျွန်တော် ဘာပြောရမှန်း မသိတော့ချေ။



'အဲဒီတော့ အခု ဘယ်လိုလုပ်ကြမလဲ'

'ကျွန်တော် တစ်ပတ်အတွင်း ရန်ကုန်ဆင်းရုံပဲ ရှိတာပေါ့'

'မောင်လေးပါ ထပ်သွားဦးမယ်ဆိုရင်တော့ မမကြီးတို့သားအမိနှစ်ယောက်ထဲ ကျန်ရစ်ခဲ့တော့မှာပေါ့'

မမကြီးက မသွားစေချင်သလို ခပ်လေးလေး ပြောလိုက်တော့ ကျွန်တော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

'မောင်လေးကိုပါ မမကြီး စိတ်ပူတယ်ကွယ်'

'စိတ်ပူတော့ရော ဘာတတ်နိုင်မှာလဲ ဖေဖေအသက်ရှင်ဖို့က ဒီတစ်နည်းပဲ ရှိတော့တယ်'

'ကောင်းပြီ ဒါပေမယ့် မမကြီးကို မောင်လေးကတိတစ်ခုပေးပါ'

မမကြီး၏လေသံက တည်ငြိမ်လေးနက်နေ၏။

'ဘာကတိလဲ မမကြီး'

'ဘယ်လိုအခက်အခဲတွေပဲ ရှိရှိ မမကြီးတို့သားအမိဆီကို ရောက်အောင်ပြန်လာခဲ့ပါ့မယ်ဆိုတဲ့ ကတိပေါ့'

'စိတ်ချပါ မမကြီးရဲ့ ကျွန်တော်ပြန်မရောက်ရင်တောင်မှ ကျွန်တော့်ဝိညာဉ်ကိုလွှတ်လိုက်မယ် ဟား ဟား'

www.burmeseclassic.com

ကျွန်တော်က ရယ်စရာ ပြောလိုက်ပေမယ့် မမကြီးက ကျွန်တော့်ကို ထုလေသည်။

'ကဲ သွားခါနီးလာခါနီး အဲလို မပြောရဘူး ငါတို့သား အမိအတွက် နှင့် ငါတို့ဆီကို ပြန်ကိုပြန်လာရဦးမယ်'

မမကြီး၏အလေးအနက်မှာကြားလိုက်သော စကားသံက ကျွန်တော့်နားထဲသို့ သေချာဝင်ရောက်လာပြီး ဦးနှောက်ထဲတွင် သံမှိုမှာ ရိုက်ပြီးသားဖြစ်သွားလေတော့သည်။

အဲဒီနောက်မှာတော့ ကျွန်တော်သည် ရန်ကုန် ဆင်းရန် ပြင်ဆင်လေသည်။

ပြင်ဆင်နေရင်းမှ ကျွန်တော့်ဦးနှောက်ထဲတွင် ဝင်လာသောသံသယက ဖေဖေဟာ ရတနာမြေပုံကိုသိရဲ့သားနှင့် ဘာလို့မပြောပြသလဲဆိုသောအချက်ပင် ဖြစ်သည်။

ဖေဖေဟာ သူရဲ့အသက်နှင့်များ ရတနာမြေပုံကို လဲရန် အထိ စိတ်ကူးထားသလားမသိပါ။

မြေပုံကိုလိုချင်တဲ့သူတွေကလည်း ဖေဖေ့ကိုမေးလို့မရ၍ ကျွန်တော်တို့ကို အကြပ်ကိုင်ပြီးမေးခြင်းဖြစ်နိုင်ပါသည်။

ဒီလူတွေကရော ဘယ်လိုဖော်ပြီး ညှိမျှချောင်ကျသော ကျွန်တော်တို့၏လိပ်စာကို သိသွားပါသနည်း။



ဖေဖေကတော့ ကျွန်တော်တို့ ဒုက္ခရောက်မည် စိုးရိမ်၍ ဘယ်လိုနည်းနှင့်မှ ကျွန်တော်တို့နေသော နေရာကို ပြောပြမည် မဟုတ်ပါ။

ဒါဆို ကျွန်တော်တို့ရဲ့နေရာကို ဘယ်လိုလုပ်များသိသွားပါသနည်း။

အေးလေ သူတို့က သိချင်တဲ့သူတွေဆိုတော့လည်း မရရအောင် လိုက်စုံစမ်းနေမှာပေါ့ဟု တွေးမိသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ရန်ကုန်သို့ရောက်အောင်သွားရပေလိမ့်မည်။

ပြီးတော့ မမကြီးကိုကတိပေးထားသည့်အတိုင်း မမကြီးနှင့်အမေ့ထံသို့ ရောက်အောင်ပြန်လာရမည် ဖြစ်သည်။

◆

www.burmeseclassic.com







## အခန်း(၄)

ဤသို့ဖြင့် တစ်ပတ်အတွင်း ကျွန်တော်ရန်ကုန်သို့ဆင်း ခြစ်သွားသည်။

ရန်ကုန်ဘူတာကြီး၌ ကျွန်တော်တစ်ယောက်တည်း… ယောင်လည်လည်ဖြစ်နေခိုက် ဗလခပ်တောင့်တောင့်နှင့် လူတစ်ယောက်က ကျွန်တော့်နားသို့လာမေး၏။

'ခင်ဗျားက ဇော်မင်းထက် ဆိုတာလား'

'ဟုတ်တယ်'

'ကျုပ် လာကြိုတာ ကျုပ်နဲ့လိုက်ခဲ့ပါ'

'ရန်ကုန်မှာ ကျုပ်တိုက်ခန်းရှိတယ် အဲဒီမှာပဲတည်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ဘာသာ ကျုပ်ကို ဆက်သွယ်ပါ'

လာကြိုသောသူရဲ့ပုံစံကိုမကြိုက်၍ ကျွန်တော်ခပ်တည်တည်ဝင် ပြောလွှတ်လိုက်ပြီး ကားတစ်စီးကို…လှမ်းတားလိုက်သည်။

ပြီးနောက် ကျွန်တော်တို့ဝယ်ထားသည့် တိုက်ခန်းနေရာကိုပြောလိုက်၏။

ကျွန်တော်ထင်ထားသည့်အတိုင်းပင် လာကြိုသောသူက ကားတစ်စီးတွင်းသို့ဝင်ပြီး ကျွန်တော် ငှားလာသော ကားနောက်သို့ လိုက်လာခဲ့လေသည်။

ဤသို့ဖြင့် ကျွန်တော်သည် ရန်ကုန်သို့ ရောက်ရောက်ခြင်းပင် စိတ်ပင်ပန်းခြင်းများကို စတင်လက်ခံရရှိသည်။

ကျွန်တော်တိုက်ခန်းသို့ရောက်ပြီး နာရီဝက်ခန့် အကြာတွင်··'ဒေါက် ဒေါက်'

ဘယ်သူပါလိမ့်။

ဖေဖေ့ကိုဖမ်းထားတဲ့လူတွေပဲဖြစ်မည်ဟုတွေးကာ တံခါးဖွင့်ကြည့်လိုက်တော့ ဘယ်သူမှမရှိချေ။

သို့သော် တံခါးကြားထဲတွင်တော့ စာတစ်စောင်ကိုတွေ့ရ၏။ စာက ထုံးစံအတိုင်းပင် ကွန်ပြူတာစာလုံးများနှင့်ဖြစ်၏။





*မင်းထက်*

*ညနေ လေးနာရီတိတိ ကျုပ်တို့ လာခေါ်မယ်။ အဆင်သင့်လုပ်ထား။*

*မင်းအဖေနဲ့ ရတနာမြေပုံ လဲကြတာပေါ့။*

ဟူ၍ ဖြစ်သည်။

ကျွန်တော့်စိတ်ထဲတွင် ဖေဖေ့ကိုပို၍ပူပန်သွားမိသည်။ ဖေဖေ အသက်ရှင်လျက်ရှိပါသေးရဲ့လား။

ဘာပဲဖြစ်ဖြစ် ညနေလေးနာရီတော့ ကျွန်တော်သူတို့ခေါ်ရာသို့လိုက်သွားရမည် ဖြစ်သည်။

ထို့ကြောင့် ရေချိုးပြီး ညနေလေးနာရီကိုထိုင်စောင့်နေမိတော့သည်။

စောင့်ပါသည်ဆိုတော့မှ အချိန်တို့ကလည်း ကုန်နိုင်ခဲလှသည်။

ထို့ကြောင့် ကျွန်တော် အိမ်သော့ပိတ်ပြီး ဓိုက်ဖြည့်ရန်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

မလှမ်းမကမ်းရှိ ဆိုင်တစ်ဆိုင်အတွင်းသို့ ကျွန်တော်ဝင်သွားတော့ မမျှော်လင့်သောသူတစ်ယောက်နှင့်ဆုံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် မေ ဘယ်တုန်းက ရန်ကုန်ရောက်လဲ'

'ယူကိုး သိပ်မကြာသေးပါဘူးကွာ ယူရော ဘယ်တုန်းက ရန်ကုန်ရောက်လဲ'

'လာလေ ဆိုင်ထဲ ဝင်ရအောင်'

ကျွန်တော်က ဝမ်းသာအားရနှင့် ခေါ်လိုက်သော်လည်း မေက ခေါင်းကို ခပ်သွက်သွက်ခါပြလိုက်၏။

'ကိစ္စရှိလို့ မေ သွားလိုက်ဦးမယ်'

ယခုမှ ကျွန်တော်က မေ့ဘေးတွင်အဖော်ပါလာတာ သတိထားမိလေသည်။

'အင်းလေ သွားပါ..ဒါနဲ့ အမေ မန္တလေးကို ဘယ်တော့ ပြန်မှာလဲ'

'မပြောတတ်သေးပါဘူး ကဲ မေ သွားတော့မယ် ယူ ကောင်းပါစေ'

မေက ကျွန်တော် ဘာမှလှမ်းမပြောနိုင်ခင်မှာပင် ထွက်သွားသည်။

မေ ဘာတွေများ လုပ်နေပါလိမ့်။

စောစောက မေ့အမူအယာသည် တစ်ခုခုကိုပဲ စိုးရိမ်သလိုလိုဖြစ်သည်။



ကျွန်တော့်ကိုလည်း သိပ်ပြီး စကားပြောချင်ပုံမရပေ။ ဘာတွေလဲကွာ..။

ထုမင်း မှာစားလိုက်ရပေမယ့် ဗိုက်ထဲသို့ ဘယ်လိုဝင်သွားမှန်း မသိပါ။

နာရီကြည့်လိုက်တော့ သုံးနာရီခွဲနေပြီဖြစ်၍ ဘယ်မှမဲသွားတော့ဘဲ တိုက်ခန်းသို့ပင် ပြန်သွားနေလိုက်၏။

လေးနာရီတိတိထိုးသောအခါတွင် တံခါးခေါက်သံ သုံးချက် ထွက်ပေါ်လာ၏။

တော်တော် အချိန်တိကျတဲ့သူတွေပဲဟု မှတ်ချက်ချပြီး တံခါးထဖွင့်လိုက်၏။

'ကျုပ်တို့နဲ့ လိုက်ခဲ့ပါ'

ဘူတာရုံတွင်တွေ့သောဗလကြီးက လေသံပြတ်ဖြင့်ပြောလိုက်သည်။

ကျွန်တော်က ဘာမှ ထပ်မပြောဘဲ စားပွဲပေါ်တွင် တင်ထားသော ပိုက်ဆံအိတ်ကို ယူပြီး တိုက်ခန်းသော့ကို ပိတ်လိုက်၏။

အောက်ထပ်ရောက်တော့ အသင့်ရပ်ထားသောကားပေါ်သို့တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကားက မြားတစ်စင်းပမာထွက်ခွာလာ၏။

'အခု ဘယ်ကိုသွားတာလဲ'

'ဆရာကြီးဆီကို'

ဗလကြီးကပင် အသံပြတ်နှင့် ဖြေလိုက်သည်။

သူတို့လည်း ထပ်ဖြေချင်ပုံမရ၍ ကျွန်တော် ဘာမှထပ် မမေးတော့ချေ။

ကားက မှန်အလုံပိတ်ပြီး တော်တော်ဝေးဝေးကို မောင်း နေလေသည်။

ကျွန်တော့်တိုက်ခန်းနှင့် ဝေးလာလေလေ ကျွန်တော့်ရင် ထဲတွင် စိုးထိတ်လာလေလေဖြစ်သည်။

ဘာတွေထပ်ဖြစ်ဦးမလဲဆိုတာ ကျွန်တော် မတွေးတတ် တော့ချေ။

ထို့နောက် အုတ်တော်ကြီးသောခြံတစ်ခြံရှေ့အရောက်တွင် ကားက ရပ်သွားပြီး ဟွန်းသုံးချက်ဆင့်တီးလိုက်၏။

ခြံဝင်းတံခါးပွင့်လာပြီးနောက် ကားကအိမ်ရှေ့တွင်ရပ် သွားသည်။

'ဆင်း...'

ကျွန်တော်က သူတို့နောက်မှ လိုက်ခဲ့သည်။





ခေတ်မီသံ့ဖွားသောဧည့်ခန်းတွင် လူကြီးတစ်ယောက် သာ မိန့်မိန့်ကြီးထိုင်နေလေသည်။

'ထိုင်ပါ...'

သူ့ရှေ့ကထိုင်ခုံတစ်လုံးတွင်ထိုင်ရန် ကျွန်တော့်ကိုညွှန် ပြလိုက်သည်။

'ကျွန်တော့်ဖေဖေရော'

'ဖြည်းဖြည်းပေါ့ ကိုင်း...ဧည့်သည်ကို ဧည့်ခံရအောင် ကော်ဖီလေး ဘာလေး ယူခဲ့လေ...'

'ကျွန်တော် ဖေဖေနဲ့ပဲ တွေ့ချင်ပါတယ်'

'တွေ့ရမှာပေါ့ကွာ'

ထိုလူကြီးက ခပ်အေးအေးပင်ပြောလိုက်ပြီး ကျွန်တော့် ဆီ ခပ်တည်တည်ပင်ကြည့်နေသည်။

'အလဲအလှယ်ကိစ္စ အရင်ဆွေးနွေးကြတာပေါ့'

'ကျွန်တော့်အဖေကို အရင်တွေ့ရမှဆွေးနွေးနိုင်မယ်'

'ကောင်းပြီ...ကောင်းပြီ'

ထိုလူကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး လက် ခုပ်သုံးချက်တီးလိုက်သည်။

မကြာခင်မှာပင် အခန်းတစ်ခုအတွင်းမှဗလခပ်တောင့်

www.burmeseclassic.com

www.burmeseclassic.com



တောင့်လူနှစ်ယောက်က ဘေးတစ်ဘက်တစ်ချက်စီတွင်လိုက်ပါလျက် ဖေဖေထွက်လာသည်။

'သား'

'ဖေဖေ'

ကျွန်တော်က ဖေဖေ့ကိုစေ့စေ့စပ်စပ်ကြည့်လိုက်သည်။ ဒဏ်ရာဒဏ်ချက်တော့မတွေ့ရပေမယ့် ဖေဖေ တော်တော်ချောင်ကျသွားတာကိုတော့ တွေ့ရ၏။

'သား ဘာလို့ လိုက်လာတာလဲ'

'ဖေဖေ နေကောင်းရဲ့လား'

ဖေဖေက ကျွန်တော့်ကို စိုးရိမ်တကြီးလှမ်းကြည့်သည်။ ဖေဖေ့အကြည့်ကို ကျွန်တော် နားလည်ပါသည်။

ရတနာမြေပုံကို သူတို့ လက်ထဲ မပေးစေလိုသော အကြည့်ဖြစ်သည်။

'ကိုင်း အထဲပြန်ခေါ်သွားတော့…'

လူကြီးက ကျွန်တော့်ကို တစ်ချက်ကြည့်၍…

'ကျုပ်တို့ ဆွေးနွေးလို့ရပြီလား'

'ပြောပါ'

'ကျုပ်တို့ဟာ လူဆိုးဂိုဏ်းလည်း မဟုတ်ဘူး ဘာအဖွဲ့



အစည်းမှလည်း မဟုတ်ဘူး အေး ဒါပေမယ့် ရတနာတွေတော့ လိုချင်တယ် မောင့်အဖေနဲ့ တစ်ယောက် တစ်ဝက်စီလို့ ညှိတာလည်း မရလို့ ဒီလိုအကြမ်းနည်းကိုသုံးလိုက်တာ'

'အဲဒီတော့ ခင်ဗျားတို့က ဘယ်လိုလုပ်ချင်လဲ'

လူကြီးက ပြုံးလိုက်သည်။

'အစီအစဉ်အတိုင်း မင်းအဖေနဲ့ ရတနာမြေပုံ လဲကြတာပေါ့ ဒါပေမယ့် မင်းတော့နေခဲ့ရမယ် ကျုပ်တို့ရတနာစစ္စည်းတွေ သွားရှာရင်လိုက်ခဲ့ရမယ် ဒါမှမြေပုံအတုကြီးကို ကျုပ်တို့မရမှာ'

'ကောင်းပြီ ရတနာမြေပုံကို ကျုပ် ပြောပြမယ် ခင်ဗျားတို့စီစဉ်တဲ့အတိုင်းလည်း လုပ်မယ် ကျုပ်အဖေကို အခုချက်ခြင်း လွှတ်ပေးပါ'

'ပေးလေ မြေပုံ'

'မြေပုံက ကျုပ်အလွတ်ကျက်ထားတယ်…'

◆

www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၅)

တံခါး ခေါက်သံကြောင့် ရောင်နီဘွား နိုးထလာသည့်အချိန်တွင် နေက အတော်မြင့်နေပြီ ဖြစ်သည်။

အိပ်ယာမှလူးလဲထပြီး အခန်းတံခါးကိုဖွင့်ကြည့်လိုက်သော့ အခန်းဝ၌ မမကြီးက ရပ်နေသည်။

'ကျွန်တော် အရမ်းအိပ်ပျော်သွားတယ်'

'အေးကွယ်...မမကြီးလည်း စိတ်ပူပြီး လာနှိုးမိလိုက်တယ် မောင်လေးအိပ်ရေးပျက်သွားတဲ့အတွက် မမကြီး စိတ်မကောင်းပါဘူး'

'ရပါတယ် ဗျာ'

'ကဲ ကဲ မျက်နှာသစ် အဝတ်အစားလဲပြီးရင် အောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကို ဆင်းလာခဲ့ ကော်ဖီသောက်ဖို့ မေမေလည်း စောင့်နေတယ်'

'ဟုတ်ကဲ့'

နံနက်မိုးလင်းသည်နှင့် မမကြီး၏နူးညံ့နွေးထွေးသော စကားသံလေးကို ကြားလိုက်ရ၍ သူ့စိတ် ကြည်လင်လန်းဆန်းသွားသည်။

ညက တစ်ညလုံး ကိုဇော်မင်းထက်၏ စာအုပ်ကို ဖတ်ပြီး အိပ်ရေးပျက်ခဲ့သည်လေ။

အခန်းထဲရှိ ရေချိုးခန်း၌ပင် မျက်နှာသစ် အဝတ်အစားလဲပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။

စားစရာသောက်စရာများရှေ့တွင်ထိုင်စောင့်နေသော မေမေနှင့်မမကြီးကို တွေ့ရသည်။

မမကြီးက မို့အစ်ပြီး ငိုထားဟန်တူသော မျက်လုံးနီနီ-- တစ်ညလုံး အိပ်ရသေးပုံမပေါ်။

သွေးကြောများပေါ်နေသည့်မျက်လုံးများနှင့်သူ့ကိုမော့ကြည့်သည်။ အပူမျက်နှာကို သနပ်ခါး ခပ်ပါးပါးနှင့် ဖုံးကွယ်ထားသော မမကြီးကို ရောင်နီဘွား အရမ်းသနားမိပြီး ကရုဏာသက်စွာကြည့်မိသည်။



'မမကြီး ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား ထင်တယ်'

မမကြီးက နူးညံ့စွာ ပြုံးပြပြီး သူ့ကို ခပ်တိုးတိုး ပြောသည်။

'ထိုင် မောင်လေး မမကြီးက စိတ်ပူလို့ နိုးလိုက်မိတာ အိပ်ရေးပျက်သွားတယ် ထင်တယ်'

'ရပါတယ် မမကြီး'

'ကဲ မုန့်စား ကော်ဖီသောက်ပါ မောင်ရောင်နီ--ပြီးရင် မောင်ရောင်နီ့ကိုပြောပြစရာနဲ့ အကူအညီတောင်းစရာလေးတွေရှိပါတယ်'

တိမ်ဝင်သွားသောမမကြီး၏အရယ်ကြောင့် ရောင်နီဘွားစိတ်ထဲမှာ ကရုဏာသက်ပြီး အလျင်စလိုပြောပြလိုက်မိသည်။

'ဟို-မမကြီး ကျွန်တော် ကိစ္စတော်တော်များများ သိပြီးပါပြီ'

'ဘယ်လို...'

တအံ့တသြဖြစ်သွားသောမမကြီးကို ညင်သာစွာပြုံးပြလိုက်မိသည်။

သူကတော့ မနေ့ကနှင့် တစ်ယောက်စီလိုပင် ထင်ရလောက်အောင်ပင် တည်တည်ငြိမ်ငြိမ်ဖြစ်နေသည်ကို မမကြီးက

www.burmeseclassic.com



အံ့အားသင့်နေသောမျက်လုံးများဖြင့် ကြည့်လေသည်။

'ဟုတ်ပါတယ် ကိစ္စတချို့ကို ကျွန်တော်သိပြီးသွားပါပြီ ကျန်တဲ့ကိစ္စတွေကိုလည်း မမကြီးက ကျွန်တော့်ကိုပြောပြချင်တဲ့ စိတ်ရှိမှပြောပြပါ ရပါတယ် အခု မမကြီးကို ကျွန်တော်ပေးစရာ တစ်ခုရှိပါတယ်'

'မောင်ရောင်နီပြောတာတွေ မမကြီး နားမလည်ဘူးဖြစ်နေတယ်'

'ဒီစာအုပ်ကို ဖတ်ကြည့်ရင် မမကြီး သဘောပေါက်သွားမှာပါ'

ရောင်နီသွားက ကိုဇော်မင်းထက်၏မှတ်တမ်းစာအုပ်ကို ရှေ့သို့ တိုးပေးလိုက်၏။

'ဒါက ညတုန်းက ကျွန်တော် မမျှော်လင့်ဘဲ အကြိုဝတ်စရာမရှိလို့ရှာရင်းက တွေ့တဲ့ စာအုပ်ပါ။ ကျွန်တော် မမကြီးရဲ့ ခွင့်ပြုချက်မရဘဲ စိတ်ဝင်စားလွန်းလို့ လူဖတ်လိုက်မိတဲ့အတွက် ခွင့်လွှတ်ပါဗျာ'

မမကြီးက ခေါင်းမညိတ်ခေါင်းမခါနှင့်မှတ်တမ်းစာအုပ်လေးကို ခပ်ဖွဖွကိုင်ပြီး စာရွက်များကို တစ်ရွက်ခြင်းလှန်လှော ကြည့်သည်။



'သားလေး စားလေ'

'ဟုတ်ကဲ့'

သနပ်ခါးအဖွေးသားနှင့် အမေက မုန့်ပန်းကန်ကြီးကို ရှေ့တိုးပေးလိုက်တော့မှပင် မမကြီးရော ကျွန်တော်ပါ သတိဝင် လာ သည်။

'ဪ ဟုတ်သားပဲ မောင်လေး စားလေ ပြီးတော့မှပဲ စကားအေးအေးဆေးဆေးပြောကြတာပေါ့'

မမကြီးက ပြောသည်။ ပြော၊ ကော်ဖီလည်း ထည့်ပေးတာကြောင့် စားချင်စိတ် မရှိသော်လည်း သူ မငြင်းသာတော့ပေ။ နံနက်စာစားပြီး အိမ်ရှေ့ရှိဧည့်ခန်းထဲတွင် အေးအေးဆေးဆေးထိုင်ပြီး မမကြီးနှင့် သူ စကားပြောဖြစ်ကြသည်။

'မောင်ရောင်နီလည်း ဒီစာအုပ်ထဲက အကြောင်းအရာ တော်တော်များများ သိပြီးပြီဆိုတော့ မမကြီးလည်း သိပ်အများကြီး ပြောစရာမလိုတော့ဘူးပေါ့'

'ဟုတ်ပါတယ် ဒါပေမဲ့ စာအုပ်က ဟစ်ဝက်တစ်ပျက်နဲ့ရပ်ထားတော့ ကျွန်တော့်စိတ်ထဲမှာဆက်သိချင်တာပေါ့ ဒါပေမဲ့ မမကြီးအတွက် အဟောင်းတွေက အသစ်ဖြစ်မယ်ဆိုရင်တော့ ကျွန်တော် မသိချင်တော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် မောင်လေးရယ် ညကတည်းက မောင်လေး ကို အားလုံးပြောပြဖို့ ဆုံးဖြတ်ထားပြီးသားပါ'

မမကြီးရဲ့မျက်နှာက ဆွေးဆွေးမြေ့မြေ့ဖြစ်သွားသည်။

'အဲဒီနေရာက ဆက်ပြောရရင်တော့ သူတို့တွေ မောင် လေးကိုပါ ဖမ်းထားလိုက်ကြတယ် အဲဒီနောက်မှာတော့ ဖေဖေ က ပစ္စည်းတွေရှိတဲ့နေရာကိုသူကိုယ်တိုင်လိုက်ပို့မယ် မောင်လေး ကိုတော့လွှတ်ပါဆိုပြီးတော့တောင်းဆိုတယ် အဲဒီမှာ သူတို့မောင် လေးကို လွှတ်ပေးလိုက်တယ် မောင်လေးက သူ ပြန်လာပြီလို့ ဖုန်းဆက်ပြီး ပြန်မရောက်လာခဲ့ဘူး နှစ်လလောက်ကြာမှ မောင် ရောင်နီ ရောက်လာခဲ့တယ်'

'ဒါဆို မမကြီးတို့ရဲ့အဖေကရော'

'အင်း...'

မမကြီးက သက်ပြင်းတစ်ချက် ပင်မင်ပန်းပန်းချလိုက် သည်။

'အဲဒီကတည်းက ဖေဖေ့သတင်းလည်း ဘာမှမကြားရ တော့သလို မောင်လေးသတင်းကိုလည်း မောင်ရောင်နီ လာမှ ကြားရတော့တာပါကွယ် မမကြီးတို့မှာလည်း ဘယ်နေ့ဘယ်လို အန္တရာယ်မျိုးနဲ့ရင်ဆိုင်ရမှာလဲ ဆိုတာ တထိတ်ထိတ်နဲ့ မမကြီး





တို့သားအမိနေလာခဲ့ရတာ'

မမကြီးရဲ့ စကားက တိုးတိတ်ဝင်သွားပြီး မျက်တောင် တဖျတ်ဖျတ် ခတ်သွားသည်။

မမကြီးမျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့ပါလား။

'အခုလို မမကြီးတို့မိသားစုရဲ့အဖြစ်ဆိုးကြီးကို ကြားရ တာ ကျွန်တော် လုံးဝစိတ်မကောင်းပါဘူးဗျာ'

အမှန်တကယ် သူ့ရင်ထဲမှလှိုက်လှိုက်လှဲလှဲဖြစ်ကာပြော လိုက်လေသည်။

'ဒြိုးတော့...မမကြီး ကျွန်တော့ကို အကူအညီဘာများ တောင်းချင်ပါသလဲ ကျွန်တော် တတ်နိုင်သလောက် ကူညီပေး ဖို့ အခွင့်သင့်ပါပဲဗျာ'

'အေးကွယ် မောင်ရောင်နီကိုလည်း မမကြီးက မောင် လေးနဲ့တူလွန်းလို့ မောင်အရင်းလိုပဲသဘောထားပါတယ် မောင် ရောင်နီအခွင့်ပြုမယ်ဆိုရင်တော့ ဖေဖေ့ရဲ့သတင်းကိုစုံစမ်းပေး စေချင်ပါတယ်...'

'စိတ်ချပါ မမကြီး'

ရောင်နီ့ဘွားက တကယ့်ကို စိတ်ထဲမှ ပါ၍ အလေးအ နက် ကတိပေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမကြီးတို့ ဘာမှလည်း မမက်ပါဘူးကွယ် ... မမကြီး ရဲ့အဖေကို အသက်ရှင်လျက်ပြန်တွေ့ရဖို့နဲ့ မမကြီးတို့မိသားစု အေးအေးဆေးဆေးနေရဖို့ကိုပဲ မျှော်လင့်တယ် သိလား'

မမကြီးရဲ့မျက်ရည်တစ်စက်က တောက်ခနဲ မမကြီးရဲ့ လက်ဖမိုးပေါ် ကျသွားတာကိုတွေ့ရတော့ သူ့ရင်ထဲမှာ ဆို့နင့် သွားသည်။

'စိတ်ချပါ မမကြီးရယ် ... ကျွန်တော်လည်း တတ်နိုင်သ လောက် စုံစမ်းပေးမှာပါ'

မမကြီးကို ဒီထက်ပို၍နှစ်သိမ့်ပေးလိုက်ချင်ပေမယ့် လူ မှုရေးစည်းကမ်းများက ရှိသေးသည်မဟုတ်ပါလား။

'အခုလောလောဆယ်တော့ မမကြီးတို့သားအမိမှာအန္တ ရာယ်မရှိသေးဘူး မှတ်လား'

'အင်း မရှိဘူးလို့ဘဲ ပြောရမှာပေါ့ မောင်ရောင်နီရယ်'

'ဒါဆို ကျွန်တော် တစ်ရက် နှစ်ရက် မန္တလေးမှာ နေပြီး ရင် ရန်ကုန်ပြန်ဆင်းမယ် မမကြီး၊ ပြီးရင် မမကြီးရဲ့အဖေကိစ္စကို ရန်ကုန်မှာ သေချာစုံစမ်းပေးမယ်'

'ကျေးဇူးပါပဲကွယ်'

မမကြီးနှင့် တစ်ရက်နှစ်ရက်လေးသာ နေလိုက်ပေမယ့်





ခွဲရတော့မည်ဆိုသောအသိကြောင့် ရောင်နီဘွားရဲ့ စိတ်နှလုံး သားတစ်ခုလုံး ညှိုးနွမ်းသွားပါသည်။

မမကြီးကတော့ သူ့ကို မောင်အရင်းလေးတစ်ယောက် သို့သာ ရိုးရိုးသားသား ခင်ပုံရသည်။ သူကသာ ဖြစ်ချင်သောဆန္ဒ အတွက်ကို ပြန်လည်မျိုချ၍ ထိုင်နေရာမှထလိုက်၏။

'မမကြီး ကျွန်တော် ဒါဆို အပြင်ထွက်ပြီး လုပ်စရာရှိ တာလေးတွေ လုပ်လိုက်ဦးမယ်နော်'

'အေးအေး ထမင်းစားချိန်အရောက်ပြန်လာနော် မမေ ရာ မမကြီးပါစောင့်နေမယ် သိလား'

'ဟုတ်ကဲ့'

ပြန်လာရန်အသေအချာမှာနေသောမမကြီးကြောင့် သူ့ စိတ်နှလုံးသားအစုံမှာ ကြည်ကြည်နူးနူးလေးဖြစ်သွားသည်။

သူတို့အိမ်မှာက အဖေတစ်ခု သားတစ်ခု ဘဝ ဖြစ်၍ အခုလို တကူးတကမှာမည့်သူလည်း မရှိပါ။

မမကြီးက ယခုလို မှာတော့ သူ့ရဲ့ စိတ်တွေ ညွတ်နူး သွားတာ မဆန်းပါဟု ရောင်နီဘွားထင်ပါသည်။

ဘာပဲဖြစ်ဖြစ် မမကြီးကို သူအမှန်တကယ်ချစ်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၆)

ကားကိုထုတ်၍ ထွက်ခဲ့သော်လည်း သူ့ရဲ့စိတ်က မမကြီးထံတွင် ကျန်ရစ်ခဲ့သည်ဆိုလျှင် လွန်မည်လား။

ကုမ္ပဏီကို ချက်ခြင်း မသွားသေးဘဲ အအေးဆိုင်တစ်ဆိုင်ရှေ့တွင် ကားကိုရပ်ပြီး အအေးဝင်သောက်နေမိသည်။

ဘာကြောင့်မှန်းမသိ…

သူဟာ မိန်းကလေးများနှင့် ဆက်ဆံခဲ့ဖူးပေမယ့်…မမကြီးရဲ့ရှေ့မှာတော့ တစ်ခုခုယူပြီး စားရ သောက်ရမှာကို ရှက်နေသည်။

ပြီးတော့…



www.burmeseclassic.com

www.burmeseclassic.com



သူသည် မမကြီးရဲ့ရှေ့မှာ ဆယ့်ခြောက်နှစ်သားကလေး ပြန်ပြန်ဖြစ်သွားတာကတော့ ဆိုးရွားလွန်းပါသည်။

အခုမှ သတိရတယ် ကြည့်စမ်း…မန္တလေး ရောက်တာ သုံးရက်ရှိပြီ၊ ဖေဖေနှင့်ဝင့်ဝါထံသို့ ဖုန်းဆက်ရဦးမှာပဲ။

ဖေဖေကတော့ သူ့အကြောင်း သိနေတာကြောင့် ဖုန်းမျှော်နေမည်ဟု မထင်ပါ။

ဝင့်ဝါလေးကတော့ မျှော်နေရမှာပဲ။

'ဟိတ် ယူ'

ရောင်နီဘွားက ရှေ့တွင်ရုတ်တရက်ဝင်ထိုင်လိုက်သော အမျိုးသမီးကြောင့် အတွေးများ ပျောက်ဆုံးကုန်သည်။

'ဘာကိစ္စရှိလို့လဲ'

'ဟော့တော် ယူက တို့ကိုတောင် မမှတ်မိတော့ဘူးလား ဒါမှမဟုတ် နောက်နေတာလား'

'ခင်ဗျား ဘယ်သူလဲ‥ခင်ဗျားကို ကျွန်တော်မသိဘူး'

ခေတ်လွန်အပြင်အဆင်များနှင့်အမျိုးသမီးကြောင့် သူ မျက်စိစပါးမွေးစူးကာ ခပ်ဆတ်ဆတ်ပြောလိုက်မိသည်။

'ယူက မေ့ကို မေ့ချင်ယောင်ဆောင်နေပြီ ဆိုတော့ ကန္တ ရန်ကုန်မှာ ကောင်မလေးတွေနဲ့တွေ့ခဲ့ပြီ ထင်တယ်'





'မေ‥'

ရောင်နီဘွားက ရုတ်တရက် ကိုဇော်မင်းထက်၏ မှတ်တမ်းစာအုပ်ကို သတိရသွားသည်။

'ဆောရီး မေရယ်….ကိုယ်က မေ့ကို စ,လိုက်တာပါ ကိုယ်က မေ့ကို မသိတော့ဘူးဆိုရင် ဘယ်လိုများ ဖြစ်သွားမလဲ လို့'

'ဟွန်း မေ့မှာဖြင့် ရင်ကိုထိတ်သွားတာပဲ'

သူသည် ဇော်မင်းထက်အကြောင်းကို မေ့ထံမှတတ်နိုင်သလောက် သိအောင်လုပ်မည်ဟုဆုံးဖြတ်ပြီး မေ့ကိုအံလိုက်တသင့်လေး ပေါင်းလိုက်၏။

'ကိုယ်က မေ့ကို အရမ်းသတိရနေတာ'

'ဟုတ်လို့လား မပိုပါနဲ့'

'မပိုပါဘူးဗျာ လိုတောင်လိုသေး'

မေရဲ့ခပ်နွဲ့နွဲ့မျက်စောင်းကလေးကို လက်ခံ ရရှိလိုက်သည်။

'ဒါနဲ့ ယူနဲ့မေ မတွေ့တာတောင်ကြာပြီ ဘယ်ရောက်နေတာလဲ'

'ဒီလိုပဲပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ရောင်နီဘွား၏အဖြေကို မေက ကျေနပ်ဟန်မတူချေ။

'မရှဘူးကွာ ယူ ဘာလုပ်တယ် ဘယ်သွားတယ်ဆိုတာ မေ့ကို သေချာပြောပြလေ....'

'ဟား ဟား ကိုယ်လုပ်တာတွေ အများကြီးပဲ မေထ တကယ်နားထောင်ချင်လို့လား ဒါပေမယ့် မေရယ် ကိုယ် ဘယ်နေရာရောက်ရောက် ကိုယ့်ဦးနှောက် အသည်းနှလုံးထဲမှာ ရှိတာက မေတစ်ယောက်ထဲပဲဆိုတာ ယုံပါ'

'ဟား ယူ့စကားတွေက မေတောင် ကြွေချင်လာပြီ'

'ကြွေလိုက်ပါ မေရယ်'

သူက မေးစေ့ပေါ် လက်ထောက်၍ သေချာ ကြည့်ပြီး ပြောလိုက်တော့ ထိုအမျိုးသမီးမနေတတ်မထိုင်တတ်ဖြစ်သွားပုံက ရယ်ချင်စရာကောင်းပါသည်။

'ယူက အခု ဘယ်သွားမှာလဲ'

'ကုမ္ပဏီကို...'

ယောင်ယမ်းပြီး သူ့ပါးစပ်က ထွက်သွားတော့ သူ့ကို မေက မျက်လုံးပြူးပြီး ကြည့်သည်။

'ယူ့မှာကုမ္ပဏီရှိတယ်လို့လည်း တစ်ခါမှ မပြောဖူးပါလား'



'သူငယ်ချင်းကုမ္ပဏီပါကွာ ကဲ..မေ ကိုယ် ကိစ္စရှိလို့ သွားတော့မယ် ကိုယ့်ကို မေ့ရဲ့ဖုန်းနံပါတ်ပေးပါ'

'ဟင် ယူ့ပဲ ဟိုတစ်ခေါက်ကပြောတော့ အလွတ်ရတယ်ဆို'

မေက သူ့ကို ခပ်စူစူပြော၏။

'အဲဒါက ဟိုတစ်ခေါက်လေ အခုက အခုလေ မေရဲ့.. လုပ်ပါကွာ ကိုယ့်ရဲ့မန်မိုရီက ကမောက်ကမဖြစ်နေတာသိတယ်မှတ်လား'

နောက်ဆုံးမှာတော့ မေသည် သူ့ကို မျက်စောင်းတစ်ချက်ထိုး၍ ကဒ်တစ်ခုကို ထုတ်ပေးလိုက်၏။

'ကဲ မေ ကိုယ်သွားမယ် ဘိုင့်ဘိုင်'

မေ့ကို ထိုဆိုင်ထဲတွင်ပင် ပိုက်ဆံရှင်းပြီး ထားခဲ့သည်။

ကုမ္ပဏီကိုရောက်တော့ လုပ်စရာရှိသည်များလုပ်ပြီး ဖေဖေ့ထံသို့ ဖုန်းဆက်လိုက်သည်။

'သားလား အေး..ဝင့်ဝါဆီကိုဖုန်းဆက်လိုက်ဦး သားဖုန်းမဆက်လို့ဆို အဖေ့ဆီကိုချည်းပဲ ဖုန်းဆက်ပြီး သားရဲ့ ဖုန်းနံပါတ်ကို တောင်းနေတယ်'

'ဟုတ်ကဲ့ ကျွန်တော် အခုပဲ ဆက်မှာပါ ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



'အေး အေး'

ဖေဖေ့ထံမှဖုန်းကိုချပြီး ရောင်နီဘွားသည် သူ့ကိုယ်သူ အပြစ်တင်မိသွားသည်။

သူ ဘာလို့ ဝင့်ဝါဆီကို ဖုန်းမဆက်မိတာပါလိမ့်။ သူ့ကိုသံယောဇဉ်ကြီးရှာလွန်းသော ဝင့်ဝါလေး မျှော်နေရှာမည်ဟု တွေးမိသည်။

ထင်သည့်အတိုင်းပင် ဝင့်ဝါဆီ ဖုန်းဆက်တော့....

'ဟယ် ကိုကိုလား ဝင့်ဝါကဖြင့် မျှော်လိုက်ရတာ ကိုကိုရယ် ကိုကိုနေကောင်းရဲ့လား ဘာဖြစ်လို့ ဝင့်ဝါဆီ ဖုန်းမဆက်တာလဲ'

'အမလေး...မေးခွန်းတွေက များလိုက်တာ ဒေါ်ဝင့်ဝါရယ် ကျွန်တော်မျိုး ဘယ်က စဖြေရမှာလဲဗျာ'

ဝင့်ဝါ၏ ချစ်စဖွယ်ရယ်မောလိုက်သံ....

'ကိုကိုဖြေချင်တဲ့ဆီကဖြေ ဝင့်ဝါ နားထောင်မယ်ဟုတ်ပြီလား'

'ဟုတ်ပါပြီဗျာ ကိုကို နေကောင်းပါတယ် အလုပ်တွေရှုပ်နေလို့ ဖုန်းမဆက်ဖြစ်တာပါ ဝင့်ဝါလေးရယ် ဝင့်ဝါလေးကိုလည်း သတိရတယ်'



'တကယ်နော်'

'တကယ်ပါဗျာ'

ရောင်နီဘွားက အဲဒီလို ပြောလိုက်တော့လည်း ရိုးသားလွန်းသော ဝင့်ဝါကလေး ကျေနပ်သွားတတ်ပါသည်။

'ကိုကို'

'ဟင်'

'ရန်ကုန်ကို ဘယ်တော့ပြန်လာမှာလဲ'

'နောက်ထပ် တစ်ရက်နှစ်ရက်ကြာရင်ပေါ့ ကလေးရဲ့'

ဤသို့ဖြင့် ဝင့်ဝါက သူ့ကို လွမ်းကြောင်း တီတာချွဲနွဲ့ပြောဆိုပြီး တယ်လီဖုန်းချသွားသည်။

ကောင်မလေးရယ် မင်းကတော့ ကိုကိုပြောသမျှ ယုံနေတာပါပဲလား။

ရောင်နီဘွားက ဘာမှန်းမသိဘဲ မသက်မသာခံစားချက်မျိုးဖြင့် တယ်လီဖုန်းကိုချလိုက်မိသည်။

သူ့ရဲ့အာရုံထဲတွင်....

ရိုးသားသော ဝင့်ဝါကို မြင်ယောင်လိုက်၊

နတ်မိမယ်လိုလှပသောမမကြီးကိုမြင်ယောင်လိုက်နှင့် ဝေဝေဝါးဝါးဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမကြီးတို့အိမ်ရောက်တော့ ညခုနစ်နာရီထိုးနေပြီ ဖြစ်သည်။

'လာ မောင်လေးကို ထမင်းစားဖို့ စောင့်နေတာ ထမင်းမစားရသေးဘူး မှတ်လား'

'သားကလည်း နောက်ကျလိုက်တာ'

ဆီးကြိုသံများကြောင့် ရောင်နီဘွား၏ရင်ထဲတွင်ကြည်နူးချမ်းမြေ့သွားသည်။

'ဟင် မမကြီးတို့ကလည်း ဗိုက်ဆာရင် စားထားတာမဟုတ်ဘူး ဘာလို့ ကျွန်တော့်ကိုစောင့်နေလဲ'

'မေမေကလည်း မောင်လေး လာမှ စားမယ် ဆိုတာနဲ့ စောင့်နေတာ'

'ကဲ ကဲ သွားစားရအောင်'

သူ့လက်ကိုဆွဲထားသောအမေ့ရဲ့ပခုံးကိုဖက်၍ ထမင်းစားခန်းထဲသို့ခေါ်လာတော့ အမေ့မျက်နှာပြုံးရွှင်သွားပါသည်။

'အမေ ထည့်စား'

ထိုနေ့က အမေ ထမင်းနှစ်ပန်းကန်တောင် စား၍ မမကြီးက အတော်စိတ်ချမ်းသာနေပုံရသည်။

'မမကြီး ကျွန်တော် အပေါ်ထပ်တက်တော့မယ်နော်'



'အေး အေး'

မမကြီးက အမေ့ကို ဆေးတိုက်ရင်း အောက်ထပ်တွင်ကျန်ရစ်ခဲ့သည်။

ထိုညက ညဉ့်အတော်နက်သည့်တိုင် ဇင်ဝါနှင့် မမကြီးအကြောင်း စဉ်းစားနေမိ၍ အိပ်မပျော်နိုင်ချေ။

သူ ဘာရားပါရဲ့လား။

ကိုဇော်မင်းထက်မျက်နှာမှီးလည်း ပြောင်းထားသေးတယ်။ သူ့အစ်မကိုလည်း စိတ်ထဲကပြစ်မှားနေသေးတယ်။

တမလွန်မှဇော်မင်းထက်သည် သူ့ကို ခွင့်လွှတ်နိုင်ပါမည်လား။

တွေးရင်းဖြင့် ဦးနှောက်တွေ နောက်ကျိပြီး ကြွက်သီးတဖြန်းဖြန်းထလာ၏။

ငါယောကျ်ားပဲ ငါ ဘာကိုကြောက်နေရပြန်တာလဲ။

နောက်ဆုံးမှာတော့ သူသည် ဘယ်လိုမှ အိပ်မပျော်နိုင်သည့်အဆုံး တံခါးဖွင့်ပြီး ဝရံတာတွင် ထွက်ရပ်နေမိသည်။

ကောင်းကင်ကြီးရယ် ကြယ်လေးတွေရယ် လမင်းကြီးရယ် ...

ရှပ် ရှပ် ရှပ်

www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ခြေသံကြားရသောကြောင့် သူ အလန့်တကြားလှည့်ကြည့်လိုက်တော့ အခန်းဝတွင် မတ်ရပ်ရပ်နေသော မမကြီး…

လရောင်ကြောင့် အမှောင်တစ်ဝက်လင်းတစ်ဝက်အလင်းရောင်လေးတွင် မမကြီးသည် နတ်သမီးတစ်ပါး နတ်ပြည်မှဆင်းသက်လာသည်ဟုပင် သူထင်မိသည်။

'အိပ်မပျော်ဘူးလား 'မောင်လေး'

'ဟုတ်ကဲ့'

'အေးကွယ် မမကြီးလည်း အိပ်မပျော်ဘူး မောင်လေးခေါ်မင်းထက်ကိုပဲ သတိရနေမိတယ်'

'ကျွန်တော်ရှိနေတော့ တူနေလို့ သတိရတာ ဖြစ်မှာပေါ့ ကျွန်တော်လည်း သဘက်ခါဆိုပြန်တော့မှာပါ မမကြီး'

'အို··မမကြီးက အဲဒီသဘောပြောတာ မဟုတ်ရပါဘူးကွယ်'

မမကြီးက ပျာပျာသလဲပင် သူ့ကိုပြောသည်။

'မမကြီးက မောင်လေးပြန်သွားမှာကိုတောင် စိုးရိမ်နေမိတာပါကွယ် ပြီးတော့ မမကြီးက မောင်ရောင်နီကို မောင်လေးအရင်းလို ခင်မင်နေမိတယ်'



'မမကြီးက ကျွန်တော့်ကို မောင်အရင်းလေးလိုဆိုပေမဲ့ ကျွန်တော်ကတော့ မမကြီးကို အစ်မအရင်းလို မသတ်မှတ်နိုင်ဘူး မမကြီးကို ကျွန်တော်အရမ်းချစ်နေမိပြီဗျာ'

သူက စိတ်ထိန်းထားသည့်ကြားမှပင် ပြောချင်ရာ ပြောမိပြီး အားနာရှက်ရွံ့စွာ မမကြီး ဘာမှပြန်မပြောနိုင်ခင်လှည့်ထွက်ခဲ့သည်။

သေချာတာကတော့ ထိုညက ရောင်နီသွားကောင်းကောင်းမအိပ်နိုင်တော့ခြင်းပင် ဖြစ်၏။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

နံနက်မိုးလင်းပြီဆိုတာ သူသိရှိသွားနှင့် အိပ်ယာကမထချင်သေး။ အိပ်ယာကထပြီး မမကြီးနှင့် မျက်နှာချင်းဆိုင်ရမှာကို ဝန်လေးနေမိခြင်း ဖြစ်သည်။

ညတုန်းက သူ မမကြီးကို ပြောချင်တာပြောပြီး နံနက်ရောက်တော့မှ အားနာနေမိခြင်းဖြစ်သည်။

ဘာလုပ်ရမှန်းမသိ၍ မျက်နှာသစ်ပြီး ကုတင်ပေါ်၌ သူ ထိုင်နေမိသည်။ နံနက် ရှစ်နာရီခွဲသောအခါ .....

'မောင်လေးရေ မောင်လေး..ထတော့ ရှစ်နာရီခွဲနေပြီ'

မမကြီးရဲ့အသံက ပုံမှန်မှဟုတ်ရဲ့လားဟု သူ အခန်းထဲမှ ဆေချာနားစွင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'လာပြီ မမကြီး ကျွန်တော် ဆင်းခဲ့မယ်'

'အေး အေး'

မမကြီးရဲ့အသံက ပုံမှန်ဖြစ်နေ၍ သူ နည်းနည်းတော့ စိတ်အေးသွားသည်။

အောက်ထပ်ဆင်းပြီး ကော်ဖီဝိုင်းတွင်ဝင်ထိုင်တော့ မမကြီးနှင့်ရင်ဆိုင်ရမှာစိုးရိမ်ပြီး ခေါင်းကိုသာ ငုံ့နေမိသည်။

'ဟဲ့ မောင်လေး ဆီထမင်းထိုးထားတာ ကောင်းတယ် ထည့်စားလေ ခေါင်းကြီးကိုငုံ့ပြီး ဘယ်လိုဖြစ်နေတာလဲ'

'ဟိုလေ မမကြီးကို ကျွန်တော် တောင်းပန်ပါတယ်'

'ဘာကိုလဲ တို့မောင်နှမကြားမှာ တောင်းပန်စရာဆိုတာ မရှိပါဘူးကွာ ကဲ စား စား'

မောင်နှမဟူသောစကားလုံးကို မမကြီးက တမင်ထည့်သုံးလိုက်သည်ဟု သူ ထင်မိသည်။

မောင်နှမမှမဟုတ်တာ မောင်နှမတဲ့လား မမကြီးရယ်။

'ဒါနဲ့ မောင်လေးက မနက်ဖြန်ပြန်မှာဆိုတော့ မန္တလေးကိုလျှောက်လည်ပြီးပြီလား'

'မလည်တော့ပါဘူး မမကြီးရယ် နောက်လည်း ရောက်ဦးမှာပဲလေ'





'အို နောက်ဆိုတာ နောက်မှပဲ အခုတော့ မမကြီးတို့ရှိ သလောက်သွားလည်ကြရအောင် မမကြီးနဲ့မေမေလည်း အပြင် မရောက်တာကြာပြီဆိုတော့…'

'အဲဒါဆိုလည်း သွားကြတာပေါ့'

ဤသို့ဖြင့် မမကြီးရယ်၊ သူရယ်၊ အမေရယ်၊ သူ့ကား လေးဖြင့် ထွက်လာခဲ့သည်။

အပြင်မထွက်တာကြာပြီဖြစ်သောမမကြီးနှင့် အမေက ပျော်ရွှင်နေသည်။

'အရင်ဆုံး မန္တလေးတောင် သွားမယ်။ ပြီးရင်··ဦးပိန် တံတားဘက်ကို သွားကြမယ်'

မမကြီးက စီစဉ်တော့ သူဘာမှဝင်မပြောဖြစ်ပေ။ သူ့ ရဲ့အတွေးထဲတွင် မမကြီးနှင့် မနက်ဖြန် ခွဲရတော့မည် ဆိုသော အသိမှလွဲ၍ အခြားဘာမှမရှိချေ။

'ဟဲ့ ဘုရားရှိခိုးလေ ဘာလုပ်နေတာလဲ မောင်လေး'

'ဪ အင်း'

မမကြီး ပြောတော့မှ··သူ သတိဝင်လာပြီး ဘုရားရှိခိုး သည်။

'ဒီမန္တလေးတောင်ပေါ်ကို မေမေတို့ အဘိုးတွေ အဘွား



www.burmeseclassic.com

www.burmeseclassic.com



တွေလသတ်ထက်စေနှုန်းကဆိုရင် ပလိပ်ရောဂါ ဖြစ်ကြလို့ ဟောဒီ တောင်ပေါ်မှာ ရောဂါမရှိတဲ့သူတွေ တက်နေကြတာ တစ်မြို့လုံး နီးပါးပဲ'

ဦးနောက်မကောင်းသော အမေက စိတ်လိုလက်ရ ဟိုး အရင်အကြောင်းတွေ ပြန်ပြောနေသည်။

လေတဟူးဟူးတိုက်နေသော မန္တလေးတောင်ပေါ်တွင် မမကြီး၏ဆံနွယ်တို့က တလွင့်လွင့်နှင့် ရင်ခုန်ဖွယ်ရာကောင်းလှ သည်။

'မမကြီး'

'ပြော....'

'မမကြီးမှာ ချစ်သူမရှိဘူးလား'

'မမကြီး အဲဒါတွေစိတ်မဝင်စားဘူး မောင်လေး'

ယတိပြတ်ပီပီပြောလိုက်သော မမကြီးရဲ့စကားကြောင့် ရောင်နီဘွား ရှေ့ဆက်၍ ဘာပြောရမှန်းမသိဖြစ်သွားသည်။

သနပ်ခါးနံ့ကလေး ခပ်သင်းသင်းရနေသော မမကြီးထံ တွင် သူသည် ရင်ခုန်မှုးမှုးကျဆုံးလျက် ရှိနေကြောင်း မမကြီးမှ သိပါလေစ။

'မမကြီး ကျွန်တော်လေ'





'ကဲ မောင်လေးရေ ဦးပိန်တံတားတို့ ဘာတို့ဘက်ပါ သွားရအောင် ပြန်ကြစို့'

'အင်း'

သူက သက်ပြင်းတစ်ချက်ခိုးချလိုက်၏။

မမကြီးရယ် ကျွန်တော်ရူးတော့မယ်ဗျာ။

ထို့နောက် သူတို့ ဦးပိန်တံတားဘက်ရောက်တော့လည်း ...ဘာ သူလိုရာကိုဆွဲပြောနေပေမယ့် မမကြီးကတော့ လိမ္မာပါး ...ချွာရှောင်တိမ်းဆဲဖြစ်သည်။

'မမကြီး ကျွန်တော်ရူးတော့မယ်ဗျာ'

နောက်ဆုံးမှာတော့ သူမမကြီးလက်ကိုဆွဲ၍ပြောလိုက် ...သည်။

'မောင်လေး မမကြီး မင်းကို မောင်အရင်းတစ်ယောက် ...ပဲချစ်ခင်တယ် ဒီထက် ရှေ့ဆက်တိုးမယ်ဆိုရင် မင်းကိုမောင် ...ရင်းလိုတောင် မခင်ချင်တော့ဘူး'

'ဟာဗျာ'

သူ နာကျင်ကြေကွဲစွာ ဘာမှဆက်မပြောဝံ့တော့ချေ။

'ဒါပေမယ့် ကျွန်တော် မမကြီးကို တကယ်ချစ်တယ်ဆို ...တော့ ယုံကြည်ပေးပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



မကြီးက ခေါင်းမညိတ်ခေါင်းမခါဘဲ လှည့်ထွက်သွား
လေသည်။

သူ့ဘဝမှာ မိန်းကလေးတော်တော်များများဖြင့်ဆုံဆည်း
ခဲ့ဖူးပါသည်။ သို့သော် မမကြီးလောက် စွဲလန်းတမ်းတမိသော
မိန်းမမျိုးလည်း မရှိခဲ့ဖူးပါ။ မမကြီးလောက်ချစ်ခဲ့မိသော မိန်း
မျိုးလည်း မရှိခဲ့ဖူးပါ။

မမကြီးဟာ သူ့အတွက်တော့ အစားထိုးမရသော မိန်း
တစ်ယောက်ပင်ဖြစ်သည်။ မမကြီးကတော့ သူ့ကိုမောင်အရင်း
တစ်ယောက်လိုပဲ ချစ်ခင်သတဲ့။

ထိုအခါမှာတော့ သူ့မျက်နှာကို မမကြီး၏မောင်ကဲ့သို့
ပြုပြင်ပေးလိုက်သောဆရာဝန်ကြီးများကို အပြစ်တင်ရမည်လား
ကျေးဇူးတင်ရမည်လား သူ မစဉ်းစားတတ်တော့ချေ။

◆



## အခန်း(၈)

'မမကြီး ကျွန်တော် မနက်ဖြန် ရန်ကုန်ပြန်ရတော့မယ်
မမကြီး လိုအပ်ရင် ကျွန်တော်ပေးထားတဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာ
အတိုင်း ဆက်သွယ်ပါ'

'အေးပါကွယ် မောင်လေးလည်း မနက်စောစောထပြီး
သွားနော် မေမေ မနိုးခင်သွားမှ မဟုတ်ရင် မောင်လေး ခရီးဖင့်
နေးနေဦးမယ်'

မမကြီးရဲ့စေတနာစကားပေမယ့် သူ့ရင်ထဲမှာတော့ နာ
ကျင်နေသည်။

မမကြီးရယ် လေး ငါးရက်ကလေး တွေ့ဆုံလိုက်ရပေ
မယ့် တစ်သက်လုံးတောင် မမေ့နိုင်ပါ့မလားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုညအဖလည်း မမကြီးနှင့်ခွဲရတော့မည် ဆိုသောအကြောင်း ကောင်းကောင်းအိပ်မပျော်နိုင်ခဲ့ချေ။ နောက်တစ်နေ့နံနက် လေးနာရီထိုးတော့ မမကြီးက လာနှိုးပါသည်။

'မောင်လေး ကားကို ဂရုစိုက်မောင်းနော်'

'ဟုတ်ကဲ့ပါ မမကြီးရဲ့အဖေအကြောင်းကိုလည်း ကျွန်တော်အမြန်ဆုံးစုံစမ်းပြီး မမကြီးတို့ဆီကိုဆက်သွယ်ပါ့မယ်'

'အေးပါကွယ် အဆင်ပြေမှပါ ကဲ ငါ့မောင်..ဘေးမသီရန်မခ‌ဘဲ အိမ်ကိုတန်းတန်းမတ်မတ်ရောက်ပါစေ'

မမကြီးရဲ့ဆုတောင်းသံအဆုံးမှာ သူ မမကြီးရဲ့မျက်နှာကို တဝကြီးကြည့်လိုက်၏။

'မမကြီး ကျွန်တော် သွားတော့မယ်..အရေးအကြောင်းရှိရင် ဖုန်းဆက်ပါ'

'အေးပါကွယ်'

သူ ကားပေါ်တက်လိုက်သည်။

ခြံဝတွင် လက်ပြပြီးကျန်ရစ်ခဲ့သောမမကြီး၏ပုံရိပ်ဟာ သူ့ကို တစ်လမ်းလုံး လွှမ်းမိုးထားလေတော့သည်။

ထမင်းဆိုင်တစ်ဆိုင်သို့ရောက်တိုင်း မမကြီး၏လက်ရာထမင်းနှင့် ဟင်းကိုသာ တမ်းတမိ၏။ မမကြီးတစ်ယောက်ရော





သူ့ကို သတိမှရရဲ့လား၊ အမေကတော့ သူ့ကို ငိုယို၍ရှာဖွေနေတော့မည်ဆိုတာ သူကျိန်းသေသိပါသည်။

မမကြီးရယ်...

ဟန်ဆောင်ကောင်းတာပဲလား၊ အမှန်တကယ်ပင် သူ့ကို မောင်အရင်းလိုသဘောထားတာပဲလား မသိ၊ မမကြီး၏အမူအယာတွေကတော့ တည်ငြိမ်လှပါသည်။

ဘာပဲဖြစ်ဖြစ် လူက ရန်ကုန်ကို ပြန်ရောက်လာပေမယ့် စိတ်ကတော့ မန္တလေးမှာ ကျန်ရစ်ဆဲပင် ဖြစ်လေသည်။

'ဟော သားပြန်လာတာနဲ့ အတော်ပဲ'

သူ ပြန်ရောက်တော့ ဖေဖေက ထုံးစံအတိုင်း ဧည့်ခန်းတွင် စာအုပ်တစ်အုပ်ဖတ်နေရာမှ လှမ်းပြောသည်။

'ဟိုတစ်နေ့က ဝင့်ဝါအဖေနဲ့တောင်တွေ့တယ် သားရဲ့'

သူက နားချင်နေပေမယ့် ဖေဖေ့ရဲ့ရှေ့တွင် ဝင်ထိုင်လိုက်၏။

'အဲဒါ ဦးမင်းထက်ပိုင်က နိုင်ငံခြားထွက်တော့မှာတဲ့..မထွက်ခင်မှာ ဝင့်ဝါနဲ့ သားကို မင်္ဂလာဆောင်ပေးခဲ့ချင်လို့တဲ့'

'ဗျာ ဟာ မဖြစ်နိုင်တာဘဲ..သားတို့က ငယ်သေးတယ်ပြီးတော့ သားမှာ လုပ်စရာတွေတပုံကြီးရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ထောင်ပြုပြီးမှလုပ်လည်း နောက်မကျပါဘူး သားရယ်'

သူက ဖေဖေ့ကို ဘာမှ ထပ်မပြောတော့ဘဲ အိမ်ထဲသို့ တန်းဝင်လာခဲ့သည်။ စိတ်ပင်ပန်းလူပင်ပန်း ဖြစ်နေသည့်ကြားမှပင် မမကြီး၏ မျက်နှာကို မြင်ယောင်နေမိတာကတော့ သူ့အတွက် ဆိုးဝါးသောကျိန်စာတစ်ခုပင်ဖြစ်သည်။

◆

ဝင့်ဝါ....

'ကိုကို ဘယ်တုန်းကပြန်ရောက်တာလဲ'

ဝင့်ဝါက သူ့လက်မောင်းကိုကိုင်လှုပ်၍မေးလိုက်တော့မှပင် သတိဝင်လာတော့သည်။

'မနေ့က...'

'ဟို ကိုကိုစုံစမ်းတဲ့ကိစ္စရော အဆင်ပြေရဲ့လား'

'ပြေပါတယ်ကွာ စိတ်အစွဲအလမ်းကြောင့်ပါ..အဲဒီလူရဲ့အိမ်သားတွေနဲ့ တွေ့ပြီး ပြောဆိုလိုက်တော့လည်း အဲဒါကြီး ပျောက်သွားပါပြီ'





ရောင်နီဘွားက တတ်နိုင်သမျှ ဖုံးဖုံးဖိဖိ ပြောလိုက်၏။ မမကြီးနှင့်ပတ်သက်သောကိစ္စကို ဝင့်ဝါ မသိစေချင်ပါ။

'ဝင့်ဝါ...'

'ရှင် ကိုကို'

'မင်းအဖေက နိုင်ငံခြားထွက်တော့မှာဆို'

'ဟုတ်တယ်လေ'

'မထွက်ခင် ငါနဲ့မင်းကို မင်္ဂလာဆောင်ပေးခဲ့ချင်တယ်ဆိုတာရော ဟုတ်လား'

သူ့လေသံက အနည်းငယ်မာသွားတာကြောင့် ဝင့်ဝါက ပြန်မဖြေဘဲ ခေါင်းငုံ့နေ၏။

'ဖြေလေကွာ'

'ဟုတ် ဟုတ်ပါတယ် ကိုကို...'

'ကျွတ်'

သူရဲ့လေသံကြောင့် ဝင့်ဝါမျက်နှာလေးငယ်သွားတာကို ဂရုမစိုက်ဘဲ သူက ဆက်ပြော၏။

'ငါတို့နှစ်ယောက်က အခုမှ ငယ်ငယ်လေး ရှိသေးတာ အဲဒါကို အိမ်ထောင်ရေးနွံထဲ မင်းက စောစောစီးစီးနစ်ချင်နေလို့လား...ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟို ကိုကို့သဘောပါ ကိုကိုရယ်'

လေသံတုန်တုန်နှင့်ပြောလိုက်သော ဝင့်ဝါကြောင့် သူ ဘာမှထပ်မပြောချင်တော့ပေ။ ဒီကောင်မလေးဟာ သူ့ကိုမှ ဘာ့ကြောင့် ဒီလောက်စွဲလန်း ချစ်ခင်နေရပါသနည်း။ သူ မစဉ်းစားတတ်တော့ချေ။

သူ့အာရုံထဲမှာ ရှိတာက မမကြီးတစ်ယောက်တည်းလို့ ပြောလျှင် / လွန်လေမည်လား။

ရောင်နီဘွား ရုတ်တရက် မမကြီးရဲ့အဖေကိစ္စတွေ စုံစမ်းပေးရန် သတိရသွားသည်။

ဝင့်ဝါထက်ပိုင်ကိုစောင်းငဲ့ကြည့်လိုက်တော့ သူ့ပခုံးပေါ်တွင် ခပ်နွဲ့နွဲ့ကလေးမှီထားသည်။

'ကိုကို ဘာဖြစ်နေတာလဲဟင် နေမကောင်းဘူးလား'

သူ့နဖူးကို လက်ကလေးဖြင့် ခပ်ဖွဖွလာစမ်းသော ဝင့်ဝါထက်ပိုင်ကိုထားခဲ့ရမှာ သူ အားနာသွားသည်။

'ဘာမှ မဖြစ်ပါဘူး ဝင့်ဝါလေးရဲ့ ကိုကို နေကောင်းပါတယ် ဝင့်ဝါ ကိုကို့ကို အဲလောက် ဂရုမစိုက်ပါနဲ့ ··အစွဲအလမ်းလည်း မထားပါနဲ့'

'အို ကိုကိုကလည်း ဘယ်လိုပြောလိုက်တာလဲ ကိုကို က ဝင့်ဝါနဲ့ လက်ထပ်ရမယ့်သူ ကိုကို့ကိုမှ ဂရုမစိုက်ရင် ဝင့်ဝါ ဘယ်သူ့ကိုဂရုစိုက်ရမှာလဲ'

'ဟင်း'

ဝင့်ဝါရဲ့စကားကြောင့် သူသက်ပြင်းတစ်ချက်ခိုးချလိုက်မိသည်။ သူ ဝင့်ဝါအပေါ်မှာ တရားရဲ့လား··။ ဝင့်ဝါက သူ့ကို အချစ်ကြီးချစ်နေရှာပြီ။

'ဝင့်ဝါ ကိုကိုကဝင့်ဝါမသိအောင် မဟုတ်တာတွေလုပ်ထားရင်ရော အခုလိုမျိုး ကိုကို့ကို ဆက်ချစ်နိုင်ပါဦးပါ့မလား'

'အို ကိုကိုကလည်း ကိုကို ဝင့်ဝါ မသိအောင် မဟုတ်တာမလုပ်ဘူးလို့ယုံတယ် လုပ်ရင်တောင်မှ ဝင့်ဝါက ခွင့်လွှတ်မှာပါ ကိုကိုရယ်'

သူက သူ့ကိုချစ်ရှာလွန်းသူလေးကို ဘာမှ ထပ်မပြောရက်တော့ဘဲ ပခုံးလေးကိုသာခပ်ဖွဖွဖက်လိုက်လေတော့သည်။

ဪ ဝင့်ဝါလေးရယ်····။

◆





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၉)

ထို့နောက်ပိုင်းတွင် ရောင်နီ့ဘွားသည် မမကြီးအဖေနှင့် ပတ်သက်သမျှကို လိုက်စုံစမ်း၏။

သို့သော်...

လူတစ်စုနှင့် ရှေးဟောင်းပစ္စည်း ရှာပုံတော်ထွက်သွားသည်ဆိုသောသတင်းမှအပ အခြားဘာမှထပ်မကြားရတော့ချေ။

သူက မမကြီးတို့ ရန်ကုန်တွင်ဝယ်ထားသောတိုက်ခန်းအောက်ထပ်ရှိ လက်ဖက်ရည်ဆိုင်တွင်ထိုင်နေခိုက် မှုန်မှုန်လင့် သူနှင့်ဆုံတွေ့လေသည်။

'ငမေ...'



www.burmeseclassic.com

www.burmeseclassic.com



'ယူတို့များ နေနိုင်လိုက်တာနော် မေ့ဆီက ဖုန်းနံပါတ်တောင်းသွားပြီး ဖုန်းလေးတောင် တစ်ချက်ဆက်ဖော်မရဘူး'

'ဟုတ်ပါတယ် မေရယ် ကိုယ် အလုပ်တွေများနေလို့.. အခုတောင် ရန်ကုန်ရောက်နေတာကြည့်ပါဘား မေရော ရန်ကုန်ကို ဘယ်တုန်းကရောက်လဲ'

'မကြာသေးပါဘူး'

မေက ထုံးစံအတိုင်း ချိုချိုအီအီအကြည့်များဖြင့် သူ့ကို ကြည့်လေသည်။

'နေပါဦး ယူက ရန်ကုန်ကိုဘာကိစ္စနဲ့ရောက်နေတာလဲ'

'ကိုယ့်အဖေကိစ္စ လာစုံစမ်းတာပါကွာ'

'ယူ့ အဖေ'

မေက သူ့ကိုနားမလည်ဟန်ဖြင့် ကြည့်သည်။

'ဟုတ်တယ် ကိုယ့်အဖေပျောက်နေလို့'

'ဘုရားရေ ယူ ဦးနှောက်မှကောင်းသေးရဲ့လား'

မေက တအံ့တသြကြီးဖြင့် ရင်ဘတ်ကို လက်ဖြင့်ဖိပြီး မေးသည်။

'ဟုတ်တယ် မေ ကိုယ် မန္တလေးကို မလာခင်တုန်းက ကားအက်စီးဒင့်ဖြစ်ပြီး နေမကောင်း ဖြစ်သွားသေးတယ်။ အဲဒီ





အာက်ပိုင်း ကိုယ်ဘာမှသေချာမမှတ်မိတော့ဘူး အားလုံးဝေဝေ ါးဝါးပဲ'

သူက ချော်လဲရောထိုင်လုပ်ပြီး ပြောလိုက်မိသည်။

'သြော် ဒါကြောင့် ယူက ဟိုတစ်ခေါက်မေနဲ့တွေ့တုန်းက အူကြောင်ကြောင်ဖြစ်နေတာကိုး'

'ဟုတ်ပါတယ် မေရယ်'

မေက သက်ပြင်းခပ်ဖွဖွချပြီး....

'ယူ သိချင်တယ်ဆိုရင်လည်း မေပြောပြပါ့မယ် ဒါပေမယ့် အခုတော့ မေ အချိန်သိပ်မရဘူး နောက်တော့မှ'

'မေ ရန်ကုန်မှာရှိဦးမှာ မဟုတ်လား'

'အင်း ယူ့ ဖုန်းနံပါတ်မေ့ကိုပေးထားလေ မေ ဒီတစ်ပတ် နှစ်ရက်အတွင်း ဖုန်းဆက်လိုက်မယ်'

'ကောင်းပါပြီဗျား'

မေနှင့် မမကြီးတို့ရဲ့ဖေဖေပျောက်မှုဟာ ဘယ်လိုသက် ိုင်သလဲ သူ မစဉ်းစားတတ်ချေ။ ဘာပဲဖြစ်ဖြစ် မေ့ထံမှတစ်ခု သိရလျှင်လည်းအကျိုးမယုတ်လှဟုတွေးမိပြီး သူ့ရဲ့ဖုန်းနံပါတ် ို မေ့ကို ပေးလိုက်သည်။ ထို့နောက်မှာတော့ သူ မမကြီးကို ဘတ်ရစ္စာဖြင့် ဖုန်းဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မမကြီးလား'

'ဪ မောင်ရောင်နီ ပြောလေ...'

မကြားရတာကြာပြီဖြစ်သော မမကြီးရဲ့ အသံနွေးနွေးလေးကို သူ ရင်ခုန်စွာဖြင့် နားထောင်နေမိသည်။

'မမကြီးကို သတိရတယ်ဗျာ'

'ဝမ်းသာပါတယ် ကိုယ့်အစ်မကိုသတိရတယ်ဆိုတော့'

မမကြီးရဲ့စကားက မောင်နှမဆိုသောစည်းဖြင့်ခြားထားပြန်၏။

'ကျွန်တော် မန္တလေးကို လာစရာကိစ္စရှိသေးတယ် ဆိုရင် ဘယ်မှာတည်းရမလဲ'

'အမလေး မေးနေစရာလိုသေးလား မောင်လေးရယ် တို့ကမောင်နှမတွေပဲ ဘာလဲ မင်းက မမကြီးတို့အိမ်မှာ မတည်းဘဲ ဘယ်မှာသွားတည်းချင်လို့လဲ'

'မမကြီးကရော ကျွန်တော့်ကိုလက်ခံချင်လို့လား'

'ကိုယ့်မောင်လေးပဲ ဘာလို့လက်မခံချင်ရမှာလဲ..'

'ဟင်း'

သူက စိတ်မောစွာ သက်ပြင်းချလိုက်မိသည်။

'တစ်ခါလာလည်း ဒီမောင်လေးပဲ။





'မမကြီး...ကျွန်တော်လေ'

'အေး မောင်လေး ဒီမှာ မေမေက မင်းနဲ့ စကားပြောချင်လို့တဲ့...'

မမကြီးရဲ့စကားကြောင့် သူဘာမှဆက်မပြောသာတော့ချေ။

'သားလား မေမေပါ'

'ဟုတ်ကဲ့ အမေပြောပါ'

'သားက ရုတ်တရက်ဘယ်ကိုပျောက်သွားတာလဲ သားကို မေမေသတိရတယ် အခုချက်ချင်းပြန်လာခဲ့'

'ခင်ဗျာ'

ကျွန်တော်ကတော့ အခုချက်ချင်းလာချင်တာပေါ့ အမေရယ်ဟု စိတ်ထဲမှ ပြောလိုက်မိ၏။

'ဟဲ့ သား ဘာဖြစ်နေတာလဲ အခုလာမှာ မှတ်လား'

'ဟုတ်ကဲ့'

'မောင်လေးရေ မေမေ့အကြောင်းကတော့ သိတဲ့အတိုင်းပဲ ဖေဖေ့အကြောင်းရော ဘာသတင်းကြားလဲ'

မမကြီးက တယ်လီဖုန်းကိုပြန်ယူပြီး ပြော၏။

'ဟုတ်ကဲ့ မမကြီး တစ်ရက်နှစ်ရက် နေရင် သိရမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စုံစမ်းထားပါတယ်'

'အေး အေး ဪ ဒါနဲ့မောင်လေးကိုမေးစရာရှိတယ်'

'ဟုတ်ကဲ့ မေးပါ မမကြီး'

မမကြီးဘက်မှ ခေတ္တတိတ်ဆိတ်သွားသည်။ ပြီးမှ

'မောင်လေးနဲ့ ကောင်မလေး တစ်ယောက် စေ့စပ်ထား တယ်ဆို'

'ဟုတ်ကဲ့ တရားဝင်စေ့စပ်ထားတာတော့ မဟုတ်ပါဘူး လူကြီးချင်း စကားစပ်မိလို့ပြောဆိုထားတဲ့သဘောပါ'

'အင်း'

သူက အတတ်နိုင်ဆုံး ပေါ့ပေါ့ပါးပါးဖြစ်အောင် ပြော လိုက်မိသည်။

'အင်းပေါ့ ကောင်းတာပေါ့ …ငါ့မောင်အတွက် မမကြီး စိတ်အေးသွားပြီ'

'ဘာကိုလဲ မမကြီး ကျွန်တော် သဘောမကျရင် ချက် ချင်းဖျက်ခိုင်းလို့ရပါတယ်'

'ဪ မောင်လေးကလဲ‥တစ်ဘက်က မိန်းကလေး သနားစရာကွယ်…မောင်လေး ယောက်ျားကောင်းပီသတာကို မမကြီး မြင်ချင်တယ် ကဲ မောင်လေး ဘာပြောစရာရှိသေးလဲ'





'မရှိတော့ပါဘူး ကျွန်တော် မမကြီးရဲ့အဖြေကိုစွတ္တိ သိ ရပြီးတာနဲ့ မန္တလေးကို လာခဲ့မယ်နော်'

'အေးပါကွယ် ဟင်းကောင်းကောင်းကြို့ချက်ထားမယ် ဟုတ်ပြီလား'

မမကြီးက နူးညံ့သိမ်မွေ့စွာရယ်မောပြီး တယ်လီဖုန်းချ သွားသည်။ သူ့မှာသာ တယ်လီဖုန်းကြီးကိုကိုင်လျက် တွေဝေ စွာကျန်ရစ်ခဲ့သည်။

သူနှင့်ဝင့်ဝါကိစ္စကို မမကြီးအယ်လိုများသိသွားပါလိမ့် ဟု တွေးမိသည်။

သည်လိုဆိုရင်တော့ သူနှင့်မမကြီး ပို၍ဝေးတော့မည် ဟုတွေးမိလေသည်။

သူ့အတွက် မျှော်လင့်ချက်ကင်းမဲ့သွားပြီအတွေးကြောင့် သူ့ရဲ့စိတ်တွေ မှုန်မှိုင်းသွားလေသည်။

◆

www.burmeseclassic.com







# အခန်း(၁၀)

သည်နေ့တစ်နေ့လုံး သူ့စိတ်တွေပင်ပန်းစွာအိပ်ခန်းထဲ တွင်သာ နားနားနေနေ နေမိသည်။

ကုတင်ပေါ်တွင် အိပ်နေရင်းမှ ပိုက်ဆံအိတ်ထဲတွင် အမြဲဆောင်ထားမိသောမမကြီးရဲ့ဓာတ်ပုံလေးကိုထုတ်ကြည့်မိသည်။

ထိုဓာတ်ပုံလေးကို မမကြီးတို့အိမ်ရှိ အယ်လ်ဘမ်ထဲမှသူ မမကြီး မသိအောင်ယူလာခြင်းဖြစ်သည်။

ယဉ်စစနှင့် မဟာဆန်သော မမကြီး။

တည်ငြိမ်စွာ သူ့ကို မောင်အရင်းကဲ့သို့ ဆက်ဆံတတ်သော မမကြီး။

ကရုဏာမျက်ဝန်းများပိုင်ရှင် မမကြီး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဖခင်နှင့်မောင်အတွက် ကြေကွဲဆို့နင့်၍ မျက်ရည်များဝေ့သီနေတတ်သော မမကြီး။

တစ်ခါတစ်ရံ ခန့်မှန်းရခက်သော လေးနက်တည်ငြိမ်နေသောမျက်နှာထားပိုင်ရှင် မမကြီး။

ဘာပဲဖြစ်ဖြစ် မမကြီးကို သူချစ်ပါသည်။

ဝင့်ဝါထက်ပိုင်နှင့် စေ့စပ်ထားရုံကလေးနှင့် မမကြီးကို သူအဆုံးရှုံးခံရမည်လား။

မဖြစ်နိုင်ပေ။ မမကြီးကို သူ အရမ်းချစ်မိပါသည်။

တကယ်တော့ သူ့အတွက် အချစ်ဆိုတာမမကြီးနှင့်တွေ့မှသိရှိခဲ့ခြင်းဖြစ်သည်။

သူ တွေးရင်းနှင့် မမကြီးကို ဘယ်လိုနည်းနှင့်မှ အဆုံးအရှုံးမခံနိုင်ကြောင်း သိလာခဲ့၏။

'ဒေါက် ဒေါက် သားရေ…'

ရောင်နီဘွား အတွေးတို့ဖြင့် နစ်မြောနေစဉ် အပြင်ဘက်မှအခန်းတံခါးခေါက်သံကြောင့် လန့်သွား၏။

'ဗျာ မေမေ'

'အပြင်ဘက်မှာ ဦးမင်းထက်ပိုင် ရောက်နေတယ်…လာတွေ့ဦး'





'ဟုတ်ကဲ့'

သူ အဝတ်အစားများကို သပ်သပ်ယပ်ယပ် ဖြစ်အောင်ဖြင်ဆင်လိုက်၏။

ဦးမင်းထက်ပိုင် ကိုယ်တိုင်လာတွေ့တယ် ဆိုတော့ သူနှင့်ဝင့်ဝါထက်ပိုင်တို့၏မင်္ဂလာကိစ္စပဲဖြစ်မည်ဟု တွေးမိသည်။

တစ်နိုင်သလောက်တော့ သူ့အချိန်ဆွဲထားမှဟု စဉ်းစားမိသည်။

'အန်ကယ် ရောက်နေတာ ကြာပြီလား ကျွန်တော် အိပ်ပျော်နေလို့'

'အေး သိပ်မကြာသေးပါဘူးကွယ် မောင်ရောင်နီ့အမေနဲ့စကားပြောနေတာပါ'

'ဟုတ်ကဲ့ခင်ဗျာ ကော်ဖီလေး သုံးဆောင်လိုက်ပါဦး'

ရောင်နီဘွားက ဦးမင်းထက်ပိုင်ရှေ့သို့ ကော်ဖီပန်းကန်ကို တိုးပေးလိုက်သည်။ ဦးမင်းထက်ပိုင်က ကော်ဖီတစ်ငုံသောက်လိုက်ရင်း

'ဒါနဲ့ မောင်ရောင်နီ မနွယ်လေးကို သွားဦးမယ်ဆို'

'ဟုတ်ပါတယ်ခင်ဗျ ကုမ္ပဏီကိစ္စလေးတွေ မပြတ်သေးလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထက်ပိုင်က ခေါင်းတဆတ်ဆတ်ညိတ်၍

'အေးကွယ်..ဒါဆိုလည်း ဒီတစ်ခေါက် သွားရင် အန်ကယ်တို့သားအဖ ဘုရားဖူးရင်းလိုက်ကြမယ် အန်ကယ်လည်း မန္တလေးမရောက်တာ ကြာပြီဆိုတော့လေ သမီးလေးကလည်း လိုက်ချင်တယ်လို့ ပြောနေတာပဲ'

ရုတ်တရက် သူဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

'မောင်ရောင်နီအတွက်တော့ ဝန်ထုပ်ဝန်ပိုးမဖြစ်လောက်ပါဘူးနော်'

'ဗျာ ဪ ဟုတ်ကဲ့ မဖြစ်ပါဘူး ခင်ဗျ အန်ကယ်တို့ပါတော့ ပိုကောင်းတာပေါ့'

'အေး အေး ဒါဆို ဘယ်နေ့သွားမှာလဲ..ဒီတစ်ခေါက် အန်ကယ့်ကားနဲ့သွားရင်မကောင်းဘူးလား အန်ကယ့်ကားက ပိုကြီးတယ်လေ'

'ဟုတ်ကဲ့ ကောင်းပါတယ်ခင်ဗျ'

သူ့ပါးစပ်က အလိုက်သင့်လေးလိုက်ပြောမိသော်လည်း သူ့ရင်ထဲတွင် စိတ်ရှုပ်ခြင်းက နေရာယူထားလေသည်။

'အေးကွယ် အန်ကယ်လည်း နောက်လဆိုရင် အင်္ဂလန်ကိုသွားတော့မှာကွဲ့ အဲဒီမှာ တစ်နှစ်လောက်နေပြီးတော့မှ ဒီကို





ပြန်လာမှာ မသွားခင် မောင်ရောင်နီနဲ့သမီးရဲ့မင်္ဂလာကိစ္စ စီစဉ်ပေးမလို့ကို မင်းညီမက ဘာစိတ်ကူးပေါက်လည်း မသိပါဘူး ဖေဖေပြန်လာမှပဲ စီစဉ်ပါတဲ့လေ'

ရောင်နီဘွားက ဦးမင်းထက်ပိုင်ကိုဆက်မကြည့်ရဲတော့ပေ။

သူပြောတာများသိသွားပြီလားဟု မလုံမလဲဖြစ်စွာခေါင်းငုံ့နေမိသည်။

'မောင်ရောင်နီ'

'ဗျာ'

'အခုတလော မင်းညီမနေသိပ်မကောင်းဘူး အဲဒါ လာကြည့်ရင်လည်းကြည့် မကြည့်ရင်လည်း ဖုန်းဆက်လိုက်ပါဦး'

'ဟုတ်ကဲ့ခင်ဗျ'

ဝင့်ဝါထက်ပိုင်တို့သားအဖကလည်း အဖေတစ်ခု သမီးတစ်ခုဘဝမို့ ဦးမင်းထက်ပိုင်က ဝင့်ဝါကို အင်မတန် ဂရုစိုက်လှပါသည်။

'ကျွန်တော် ညနေကျရင် လာခဲ့ပါမယ်ခင်ဗျ'

'အေး အေး ဒါဆို အန်ကယ်ပြန်လိုက်ဦးမယ် ဦးအောင်ဘွား ကျွန်တော် ပြန်ဦးမယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဦးမင်းထက်ပိုင်'

ဖေဖေနှင့်သူ ဦးမင်းထက်ပိုင်ကိုတိုက်ခန်းဝအထိလိုက်ပို့သည်။ ပြီးတော့ ဖေဖေက

'ဦးမင်းထက်ပိုင်က သူ့သမီးကို တော်တော်ချစ်ရှာတာပဲ အခု မန္တလေးကို လိုက်မယ့်ကိစ္စလည်း သူ့ ဝင်ငါပြောလို့ပဲ ဖြစ်မှာ..'

'မန္တလေးများ အထူးအဆန်းလုပ်လို့ လိုက်ကြဦးမယ်'

'ဘာလဲ မင်းက မခေါ်ချင်ဘူးလားကွ ဘာလဲ..ဟိုမှာ ရောက်တစ်ယောက်ရှိနေပြီလား'

ဖေဖေက သူ့ပခုံးကိုပုတ်၍နောက်လိုက်ပေမယ့် သူကတော့ အမှန်တကယ်ဖြစ်နေသဖြင့် မလုံမလဲဖြစ်ပြီး....

'ဖေဖေကလည်းဗျာ ကြံကြံဖန်ဖန်'

'မင်းကလည်း သိပ်ပြောလို့ရမှာမဟုတ်ဘူး အခု ဝင်ငါထက်ပိုင်နဲ့မှ ခြေငြိမ်တာမှတ်လား..ကောင်မလေးက သနားပါတယ်ကွာ'

ရောင်နီဘွားက ဖေဖေရဲ့စကားကိုပြန်မပြောဘဲ အိမ်ခန်းထဲသို့ ဝင်နေလိုက်တော့သည်။

◆





ဒီနေ့...မေက ဖုန်းဆက်ပြီး ချိန်းထားတာကြောင့် သူ စော်မင်းထက် ဖြစ်သွားရပြန်သည်။

'မေ ရောက်နေတာကြာပြီလား..ကိုယ် ကိစ္စတစ်ခုရှိလို့ နည်းနည်းနောက်ကျသွားတယ်'

'ရပါတယ် ယူ ရောက်မလာတာထက်စာရင် နောက်ကျတာက တော်သေးတာပေါ့'

'ကိုယ်က ဘာလို့ရောက်မလာရမှာလဲ ကိုယ့်ကိစ္စအတွက်ပဲဟာ'

မေက သူ့စကားကြောင့် ခါးထောက်ပြီး ရန်တွေ့၏။

'ဩော်...ရှင်က ရှင့်ကိစ္စမဟုတ်ရင် မေ့ကို လာမတွေ့တော့ဘူးပေါ့လေ ဟုတ်လား ကြည့်စမ်း အခုမှ စိတ်ခါတ်လေး တွေ့သိရတယ်'

'မဟုတ်ပါဘူး မေရယ် ကိုယ်က အဲဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး'

သူ စကားမှားသွားပြီမှန်း သိ၍ ပျာပျာသလဲတောင်းပန်လိုက်မိသည်။

'အဲဒါဆိုလည်း ပြီးတာပဲ ယူ ဘယ်ကနေ စသိချင်တာလဲ ယူ့ကို မေက ကူညီလိုက်တာရော မှတ်မိသေးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း ကိုယ် အားလုံးဝါးတားတားဖြစ်နေတယ်'

'ဒါဖြင့် ဒါဆိုရင် ယူ ရန်ကုန်ကိုရောက်လာတဲ့ဆီကနေ ပြန်ပြောပြမယ်'

'ကောင်းတာပေါ့'

မေက အအေးကို တစ်ငုံချင်းသောက်၍ သူ မသိသေးသော ဖော်မင်းထက်၏အကြောင်းကို ပြန်ပြောလေသည်။

'ယူ ရန်ကုန်ကို ရောက်လာတော့ မေ့ရဲ့ဦးလေးက ယူ့အဖေအပြင် ယူ့ကို ထပ်ပြီးဖမ်းထားကြတယ်လေ အဲဒါနဲ့ မေက ယူ့ကို လွှတ်ပေးဖို့ ပြောပြီး ယူ့ဆီက မြေပုံ တောင်းပေးမယ်လို့ မေ့ရဲ့ဦးလေးကို ကတိပေးလိုက်တယ်'

'အဲဒါနဲ့ ကိုယ့်ဆီက မြေပုံတောင်းတော့....'

သူက မေ့ရဲ့စကားကို ထောက်ပေးလိုက်သည်။

'ယူက တကယ့်ကို အားလုံး မေ့နေတာကိုး။ ယူ့ဆီက မြေပုံတောင်းတော့ ယူက ပေးပါတယ်။ ဒါပေမယ့်..အတူကြီး ယူ့အဖေကိုဖမ်းထားပြီး အဲဒီကို သွားတော့ သက်ဆိုင်ရာက လူတွေ စောင့်နေပြီး ဆီးဖမ်းတယ် ယူက မေတို့ဆီက လွှတ်တာနဲ့ သက်ဆိုင်ရာကို တိုင်လိုက်တာကိုး'

'ဒါဆို ကိုယ့်ရဲ့အဖေကရော'



သူက သူသိလိုသည့်အချက်ကို အလျင်စလို မေးလိုက်မိသည်။

'ယူ့အဖေက အဲဒီလမ်းခရီးမှာပဲ ခရီးပန်းတာကြောင့်ရော ရောဂါကြောင့်ရော ဆုံးသွားတယ်လေ..အဲဒီမှာပဲ သင်္ဂြိုလ်ခဲ့ကြတယ်တဲ့'

'သြော် ဖြစ်ရလေ'

သူက မမကြီးအတွက် စိတ်မကောင်းဖြစ်စွာ ရေရွတ်လိုက်မိသည်။

ကံဆိုးရှာသော မမကြီးတို့မိသားစုကိုလည်း ပို၍ကရုဏာသက်သွားမိသည်။

'နောက်ပြီး ယူမေ့နေတဲ့ကိစ္စတစ်ခုရှိသေးတယ် မေက ယူမှတ်မိသေးလားလို့ မပြောဘဲနေနေတာ'

'ဘာလဲဟင်'

သူက မမကြီးတို့မိသားစုနှင့်ပတ်သက်၍ တစ်ခုခုများကြားရဦးမလားဟု မေးလိုက်မိသည်။

'ဘာလဲဆိုတော့ ယူနဲ့မေ အဲဒီတုန်းက ချစ်သူတွေ ဖြစ်ခဲ့ကြတာကိုပေါ့'

'ဘယ်လို'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်··မေ ယူ့ကို အဲဒီတုန်းက အဖြေပေးလိုက်တယ်လေ'

မေက ခေါင်းကိုငုံ့ပြီးထပ်ပြောလိုက်တော့ သူဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ဒီတစ်ခါတော့ ဓော်မင်းထက်နှင့်တူနေသောမျက်နှာကို အမှန်တကယ် မုန်းတီးသွားမိလေတော့သည်။

'ယူ အဲဒီကိစ္စကိုရော အခု သတိရသွားပြီလား··မေ့ကိုရော ချစ်သူလို့သတ်မှတ်သေးရဲ့လားဟင်'

'မေက ကိုယ့်ကိုအများကြီးကူညီပေးခဲ့တာပဲ ကိုယ်မေ့ကို အရမ်းကျေးဇူးတင်ပါတယ်ကွာ'

သူကတော့ ရှေ့ဆက်ပြောလို့မရ ဖြစ်နေသည်။ မေကသူ့ထံမှစကားကို မျှော်လင့်တကြီးမျက်နှာမျိုးနှင့် နားထောင်နေသည်။ သူက ရည်းစား တစ်ယောက်ပြီးတစ်ယောက် ထားခဲ့ဖူးပေမယ့် အခုလိုကြပ်တည်းသောအခြေအနေမျိုးနှင့်မကြုံခဲ့ဖူးသလို တပြိုင်နက်လည်း နှစ်ယောက်မထားဖူးပါ။

ရောင်နီဘွား စိတ်ရှုပ်စွာ ခေါင်းကုတ်လိုက်မိသည်။

'ပြောလေကွာ ဘာခေါင်းကုတ်တာလဲ မေက မိန်းမလေးပါ ယူက အခုမှ မေ့ကိုစိတ်ရှုပ်နေပြီလား'





'မဟုတ်ပါဘူးကွာ ကိုယ် မေ့ကို ချစ်ပါတယ်'

'မေကလည်း ယူ့ကို အတိတ်မေ့ပြီးမှ ယူ့ရဲ့အနေကြောင်ကြောင်ပုံလေးကို ပိုချစ်လာမိတယ်သိလား'

မြတ်စွာဘုရား···

ရောင်နီဘွားစိတ်ထဲမှ ဘုရားတမိသည်။

အမှန်တကယ်ဆိုလျှင်တော့ ဒီအမျိုးသမီးကို ဒီ့ထက်ပိုပြီးမပတ်သက်ချင်တော့ပေ။ ဒီအမျိုးသမီးမှမဟုတ်ပါ။ မကြီးမှလွဲ၍ ဘယ်မိန်းကလေးနှင့်မှ ထပ်ပြီး မပတ်သက်ချင်တော့တာ သူ့ရဲ့ဆန္ဒအမှန်ပင်ဖြစ်သည်။

'ကဲ ယူ မေ့ကို ကတိပေးထားတဲ့အတိုင်း ကိစ္စအားလုံးပြီးရင် ယူ မေ့ကို လာတောင်းမယ်ဆို'

'အဲ··အဲဒါ··အင်း မေနဲ့ကိုယ်ထပ်တွေ့ကြဦးမယ်လေ အဲဒီအခါမှဆက်ဆွေးနွေးကြတာပေါ့ ကဲ···ကိုယ်သွားမယ်နော် အရေးကြီးကိစ္စရှိနေလို့ပါ'

သူက စကားဖြတ်၍ ထ,လာခဲ့သည်။ ထိုအမျိုးသမီး ဘယ်လိုဖြစ်ကျန်ခဲ့သလဲဆိုတာကိုတော့ သူ မသိတော့ပါ။ အားနာမိပေမယ့်လည်း မတတ်နိုင်ချေ။

◆



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

'ဝင့်ဝါလေး နေကောင်းသွားပြီနော်'

'ဟုတ်ကဲ့ ကိုကို'

ဝင့်ဝါထက်ပိုင်က သူမတို့ခြံထဲရှိ ဒန်းကလေးပေါ်တွင် ထိုင်လိုက်သည်။

နေကောင်းပြီးခါစ သနပ်ခါးခပ်မှုံမှုံလိမ်းထားပြီး ကျစ်ဆံမြီးလေးနှစ်ဘက်ခွဲကျစ်ထားသော ဝင့်ဝါ၏ပုံကလေးမှာ ဗီဘီကလေးငယ်တစ်ယောက်ကဲ့သို့ပင် ဖြစ်သည်။

'ဝင့်ဝါ'

'ရှင် ကိုကို'

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို့ကို စိတ်မဆိုးဘူးလား....'

'ဘာကိုလည်း ကိုကိုရဲ့...'

ဝင့်ဝါက မတ်တပ်ရပ်နေသော သူ့ကို ကြည့်ပြီး မေးသည်။

'ဪ ဟိုတလောက ဝင့်ဝါကို လက်မထပ်ချင်သေးဘူးလို့ ပြောလိုက်တာလေ'

'ဝင့်ဝါဖြင့် သတိတောင်မရဘူး ကိုကိုရဲ့'

သူ့ကို ခပ်ငေးငေးကြည့်ပြီး ပြောလိုက်သော ကောင်မလေးကို ရောင်နီဘွား သနားသွားမိသည်။

'ဒါနဲ့ ကိုကိုနဲ့ မန္တလေးလိုက်မလို့ဆို နေရော သေချာကောင်းသေးရဲ့လား'

'ကောင်းပါတယ် ကိုကိုရဲ့ ကိုကိုကရော ဝင့်ဝါတို့ သားအဖကို ခေါ်ချင်ရဲ့လားဟင် ကိုကို မခေါ်ချင်ရင် ဝင့်ဝါမလိုက်ပါဘူး'

'မဟုတ်ပါဘူး ကလေးမရယ် ခေါ်ချင်ပါတယ်ကွာ'

သူက ဝင့်ဝါရဲ့မေးစေ့လုံးလုံးလေးကိုဆွဲပြီး ပြောလိုက်တော့ ကောင်မလေးက ရှက်ပြုံးလေးပြုံးသည်။

'ဝင့်ဝါက ကိုကို့အပေါ် သိပ်သိတတ်တာပဲနော်..နား





လည်း လည်ပေးနိုင်တယ်'

'ဝင့်ဝါက ကိုကို့ကို အရမ်းချစ်နေမိတာကိုး ပြီးတော့.. ဝင့်ဝါက ကိုကိုထားခဲ့မှာကိုတောင် စိုးရိမ်နေမိတာ'

'ဪ ဝင့်ဝါလေးရယ်'

သူ့ကို တွယ်တာလွန်းသောကောင်မလေးကို သူသနားသွားသည်။

သူ ဒီကောင်မလေးကို ဘာ့ကြောင့် မမကြီးလိုမချစ်မိတာလဲ။

ဝင့်ဝါလေးကိုသာ သူချစ်မိလျှင် သူရော ဝင့်ဝါပါ ယခုထက်ပို၍ ပျော်ရွှင်နေရပြီဟု သူတွေးမိ၏။

'ဒါနဲ့ ကိုကို မန္တလေးကို ဘယ်နေ့သွားမှာလဲ'

'သဘက်ခါလေ ဝင့်ဝါရဲ့ မနက်စောစော ဝင့်ဝါတို့သားအဖ ကားနဲ့ ကိုကို့အိမ်လာခဲ့ပေါ့ ဝင့်ဝါဖေဖေက ဝင့်ဝါတို့ကားနဲ့ သွားမယ်တဲ့'

'အင်း အင်း ဝင့်ဝါလည်း ခရီးမသွားရတာ ကြာပြီဆိုတော့ သွားချင်နေတာ ဒီတစ်ခေါက် ကိုကိုနဲ့သွားရမှာ ဆိုတော့ ပိုပျော်တယ်'

သူက ပျော်နေပုံရသောကောင်မလေးကို ချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားသည်။

'အင်း ကိုကိုကတော့ သိပ်ပျော်မှာမဟုတ်ဘူး'

'ဘာဖြစ်လို့လဲဟင်'

ဝင့်ဝါက သူ့စကားကြောင့်…အလန့်တကြားဖြစ်သွားသည်။

'အန်ကယ်ပါလို့'

သူ့စကားကြားရတော့မှ ကောင်မလေးက ရှက်ပြုံးဖြင့် သူ့ကို လှမ်းထုသည်။

'ကိုကိုနော်'

'ဝင့်ဝါတို့ ဟိုတယ်မှာပဲ တည်းမှာ မှတ်လား'

'ဟင် ကိုကိုက ဟိုတယ်မှာ မတည်းဘူးလား'

'အင်း ဟိုတယ်မှာပဲ တည်းဖြစ်မှာပါ'

ဟင်းများချက်၍စောင့်နေမယ်ဆိုသော မမကြီးရဲ့မျက်နှာကို ဖျတ်ခနဲ သူ မြင်ယောင်မိသည်။

အိမ်အကြီးကြီးထဲတွင် အဖော် ကင်းမဲ့စွာ ဦးနှောက်မကောင်းသောမိခင်ကြီးနှင့် အတူနေရသော မမကြီးသည် ဘယ်လောက်အထီးကျန်လိုက်မလဲ…။

အတွေးကြောင့် သူ မမကြီးကို အရမ်း သနားသွားမိသည်။



သူသာ မမကြီးရဲ့အိမ်မှာ မတည်းလျှင် မမကြီး ဘယ်လောက် စိတ်မကောင်း ဖြစ်လိုက်မလဲ။

သူ့ကိုတမ်းတမ်းတတဖြစ်နေသော မမကြီးရဲ့အမေကရော ဘယ်လိုများဖြစ်မလဲ…။

'ကိုကို…'

'အင်'

ဝင့်ဝါထက်ပိုင်အသံကြောင့် သူ့အတွေးတွေလွင့်ပါးကုန်သည်။

'ဘာတွေ တွေးနေတာလဲကိုကိုရဲ့ ဝင့်ဝါဖြင့် ခေါ်နေတာကြာလှပြီ'

'အေးပါကွာ ကိုကိုညက ကောင်းကောင်းမအိပ်ရသေးလို့ပါ'

သူ့ရဲ့မုသားကို ဝင့်ဝါက ယုံကြည်ဟန်မတူချေ။

ထို့ကြောင့်

'ကိုကိုက အခုတလော ဝင့်ဝါကိုဆက်ဆံတာ စိတ်မပါသလိုပဲနော် ဝင့်ဝါကို ဘယ်တော့မှထားမသွားဘူးလို့ ကတိပေးပါ ကိုကိုရယ်…ကိုကိုမရှိရင် ဝင့်ဝါသေလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'သြော် ဝင့်ဝါရယ်'

ဝင့်ဝါစကားကြောင့် သူ ဘာဆက်ပြောရမှန်းမသိတော့ချေ။

'ကိုကို ကတိပေးလေ'

သူ့ထံမှ ကတိအတင်းတောင်းနေသော ကောင်မလေးကို နောက်ဆုံးမှာတော့ သနားကရုဏာသက်စွာ ကတိပေးလိုက်မိတော့သည်။

'ကတိပေးပါတယ် ဝင့်ဝါရယ်··ကိုကို ဝင့်ဝါကို ဘယ်တော့မှထားမသွားပါဘူးကွာ'

ရောင်နီဘွားပါးစပ်ကပြောလိုက်ရပေမယ့် မမကြီးရဲ့မျက်နှာကို မြင်ယောင်မိပြီး ရင်ဝတွင် အလုံးကြီးဆို့နေသလို ခံစားရသည်။

ဘာပဲပြောပြော···

အပြစ်မရှိသောဝင့်ဝါလေးကိုတော့ သူသနားမိပါသည်။

'ကဲ ဝင့်ဝါ ကိုကိုသွားမယ်···နေကောင်းအောင်လည်း နေဦးနော်'

'ဟုတ်ကဲ့'

ကောင်မလေးက သွက်သွက်လက်လက် ပြောလိုက်





တော့ သူ စိတ်ချမ်းသာသွားပါသည်။

သို့သော်···

သူ့ရဲ့စိတ်ချမ်းသာမှုများက ကြာရှည်မခံခဲ့ပေ။

ထိုနေ့ညက····

◆



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

တူ·····တူ·····တူ

ညအက် ဆယ်နာရီလော်က်ကြီးမှာထမြည်လာသော··· တယ်လီဖုန်းသံကြောင့် အိပ်ချင်မူးတူးနှင့် သူ ထကိုင်မိသည်။

'ဟယ်လို'

'မောင်ရောင်နီလား မမကြီးပါ'

မမကြီးရဲ့အသံက တုန်ယင်နေသောကြောင့် သူ စိုးရိမ်သွားမိသည်။

'မမကြီး ဘာဖြစ်လို့လဲ ဘာဖြစ်တာလဲဟင်'

'မေမေလေ မေမေ···'

www.burmeseclassic.com

www.burmeseclassic.com



မမကြီးရဲ့အသံက တိုးတိမ်ဝင်သွားတာကြောင့် သူ အ လောတကြီး မေးမိသည်။

'အန်တီ ဘာဖြစ်လို့လဲဟင် မမကြီး'

'မေမေ မေမေ ပျောက်သွားတယ်'

'ဟင်'

အမေတစ်ခုသမီးတစ်ခုဘဝဖြစ်၍ မမကြီးအတွက်ရော သူ့ကို သွားတိုင်း မိခင်တစ်ယောက်ကဲ့သို့ ဆက်ဆံတတ်သော အမေ့ကို သူ စိုးရိမ်သွားမိသည်။

'မမကြီး အခုဘယ်မှာလဲ အိမ်မှာပဲလား'

'ဟုတ်တယ် မောင်လေး…မနက်ကတည်းက ပျောက် သွားတာ လိုက်ရှာတာလည်း နံ့နေပြီ ဘယ်မှာမှမတွေ့ဘူး မေ မေတော့ ဒုက္ခရောက်ပြီထင်ပါတယ် အဟင့် အဟင့်'

မမကြီးရဲ့အသံက တိုးတိတ်သွားပြီး ရှိုက်သံက ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။

'မမကြီး မမကြီး မငိုပါနဲ့ မငိုပါနဲ့ မမကြီးရယ်…ဘာ မှ စိတ်ပူမနေနဲ့ ကျွန်တော် အခုချက်ချင်းလာခဲ့မယ်…မနက်တော့ ရောက်မှာပေါ့ တံခါးတွေလုံလုံခြုံခြုံပိတ်ပြီး အိပ်ဆေး သောက် အိပ်ပါ မမကြီး'





သူက အတတ်နိုင်ဆုံးစိတ်ငြိမ်အောင်ထားပြီး မမကြီးကို ပြောလိုက်သည်။

'အင်း မောင်လေး မလာပါနဲ့ ရပါတယ် ညဘက်ကြီး မနက်ဖြန်မှလာပါ'

'ရတယ် မမကြီး ကျွန်တော့်ကိုမစိုးရိမ်ပါနဲ့ မမကြီးသာ စိတ်အေးအေးထား ကျွန်တော်အခုထွက်လာမယ် ဟမ်းဖုန်းလည်း ယူလာခဲ့မယ် အရေးအကြောင်းရှိရင် ကျွန်တော့်ဟမ်းဖုန်းကိုဆက် ပါ ဘယ်သူတံခါးခေါက်ခေါက် မဖွင့်ပေးနဲ့နော်'

'အေးပါကွယ် မောင်လေးလည်း သတိထားပြီး လာပါ မောင်လေးသာ တစ်ခုခုထပ်ဖြစ်မယ်ဆိုရင်တော့ မမကြီး ရင်ကျိုး မှာ…'

သူ့ကိုပါ ထပ်မံစိုးရိမ်တကြီးမှာနေသောမမကြီးကြောင့် စိတ်ပူနေသည့်ကြားမှပင် ကြည်နူးသွားမိသေးသည်။

'ဒါဆို မမကြီး ကျွန်တော် ဖုန်းချလိုက်တော့မယ်…ကျွန် တော်မှာတာ မမေ့နဲ့နော်'

'အင်းပါကွယ်'

သူက ဖုန်းချပြီးသည်နှင့် အိတ်တစ်အိတ်ထဲသို့ အဝတ် အစားနှင့်ပိုက်ဆံတွေ စုထည့်ပြီး ဟမ်းဖုန်းကို ယူကာ အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ထွက်လာခဲ့သည်။

မမကြီးကို စိတ်ပူလွန်းလို့ အခြားကိစ္စတွေ ဘာမှမစဉ်းစားနိုင်တော့ပါ။

'သား ညဘက်ကြီး ဘယ်လဲ'

တံခါးမကြီးကိုဖွင့်လိုက်၍ ဖေဖေက နိုးသွားဟန်တူပြီး ထလာသည်။

'ဖေဖေ သား မန္တလေးမှာအရေးတကြီးကိစ္စရှိလို့ ဒီနေ့ညပဲ သွားတော့မယ် ဝင့်ဝါတို့သားအဖကို လေယာဉ်ပျံနဲ့ လိုက်ခဲ့ပါလို့ သား ဖုန်းထပ်ဆက်မယ်လို့ ပြောပေးပါ'

'မင်းကိစ္စက မနက်မှသွားလို့ မရဘူးလား'

'မနက်ကျရင် ဖြေရှင်းရမယ့်ကိစ္စကို အခုသွားမှ အဆင်ပြေမှာပေါ့ ဖေဖေရယ် ကဲ··ကျွန်တော် သွားမယ်'

'အေး··သတိထားသွားကွာ'

ဖေဖေက သူ့ကို မတတ်သာသည့်အဆုံး၌ခွင့်ပြုလိုက်ပုံရသည်။

သူကတော့ မမကြီးအတွက် စိုးရိမ် ပူပန်နေမှုမှ လွဲ၍ အခြား ဘာမှမရှိချေ။

မမကြီး စိတ်သောကရောက်နေသည့် အချိန်၌ မမကြီး



ဘေးနားမှာ အားပေးဖော်အဖြစ်ရှိနေချင်သည်။ မမကြီးရဲ့ပြဿနာတွေကို ကူညီဖြေရှင်းပေးချင်သည်။

အဲဒါက···

ဘာမျှော်လင့်ချက်မှ မပါသော သူ့ရင်ထဲက အာသီသသာ ဖြစ်သည်။

သူ ပထမဆုံး ကားကို စာတ်ဆီဝယ်ထည့်လိုက်သည်။ ပြီးနောက် မိုင်လေးရာကျော်ဝေးသောခရီးကို သူစတင်ခဲ့သည်။

အိပ်ချင်စိတ်အားလုံးကွယ်ပျောက်၍ မမကြီးထံသို့ရောက်ရန်သာ စိတ်စောနေမိတော့သည်။

◆

သူ မန္တလေးသို့ရောက်တော့ နံနက်ရှစ်နာရီခွဲအတိ ဖြစ်သည်။

မမကြီးက ခြံထဲတွင် ထိုင်နေလေသည်။

'မမကြီး'

'မောင်လေးရယ် အဟင့်ဟင့်···'

www.burmeseclassic.com

www.burmeseclassic.com



မမကြီးက သည်တစ်ခါတော့ ထိန်းချုပ်မှုတွေ အကုန်ကင်းမဲ့စွာ သူ့ကိုတွေ့တာနှင့် ပြေးဖက်၍ငိုလေသည်။

'မငိုပါနဲ့ မမကြီးရယ် ကျွန်တော်ရောက်လာပြီပဲ တိတ်ပါဗျာ'

တစ်ညလုံး အိပ်ရသေးဟန်မတူသော မျက်လုံးများနှင့် အငိုမျက်နှာကြောင့် သူပို၍ သနားမိသွားသည်။

မျက်နှာကလည်း သိသာစွာ ချောင်ကျသွားသော မမကြီး။

'မမကြီးလေ မမကြီး'

'ကဲပါ မမကြီးရယ် အိမ်ထဲရောက်မှအေးအေးဆေးဆေး ပြောပါ'

သူက မမကြီးကို ဖေးဖေးမမ တွဲ၍ခေါ်လာခဲ့သည်။

'မေမေလေ မေမေ ဘာမှ မဖြစ်ပါစေနဲ့လို့ပဲ တစ်ချိန်လုံး ဆုတောင်းမိတယ်'

မမကြီးရဲ့မျက်လုံးအိမ်မှမျက်ရည်များကို သူက တို့သုတ်ပေးလိုက်သည်။

'အခု ကျွန်တော်လည်း ရောက်လာပြီပဲ အေးအေးဆေးဆေးရှာကြတာပေါ့ဗျာ'





'အေးပါကွယ် ဒါနဲ့ဖေဖေ့သတင်းရော မောင်လေး စုံစမ်းပြီးပြီလား'

မမကြီးရဲ့မေးခွန်းကို သူ ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသည်။

မိခင်ပျောက်၍ သောကရောက်နေသော မမကြီး… ဖခင်က ဆုံးသွားပြီဆိုသောသတင်းကိုသာကြားရလျှင်တော့…

သူက ခေါင်းကို ခါယမ်းပြလိုက်ပြီး

'ကဲ မမကြီး တစ်ခုခုစားပြီးတာနဲ့ လိုက်ရှာကြတာပေါ့'

သူက မမကြီးကိုထားခဲ့ပြီး နောက်ဖေးဘက်ရှိမုန့်ပုံးထဲမှ မုန့်ကို သွားယူလာခဲ့သည်။

'မမကြီး နည်းနည်းဖြစ်ဖြစ်စားလိုက် တော်ကြာ မမကြီးပါ တစ်ခုခုဖြစ်သွားရင် ကျွန်တော်လည်း ဘာမှ လုပ်တတ်မှာမဟုတ်ဘူး'

မမကြီးက သူ့စကားကိုနားထောင်စွာ မုန့်တစ်ခုကိုယူ၍

'အန်တီက ဘယ်လိုပျောက်သွားတာလဲ'

'အဲဒါမမကြီးအမှားပါ မောင်လေးရယ်…ဈေးကပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အခါတိုင်းဆို ခြံတံခါးကိုသော့ပိတ်တယ်။ အဲဒီနေ့က ဦးရှာပါးကလည်း နေမကောင်းလို့ဆေးခန်းသွားတယ် သော့ ဖော်တော်နဲ့ပိတ်မရတာနဲ့ ချိတ်ရုံချိတ်ထားခဲ့တာ ဦးရှာပါးလည်း လာမှာပဲဆိုပြီး ချိတ်ထားခဲ့တာ ထမင်းစားကာနီးမှမေမေ့ကိုမေ တော့ မရှိတော့ဘူး၊ မေမေသာ တစ်ခုခု ဖြစ်ရင်တော့ မကြီး နောင်တရလို့ဆုံးတော့မှာ မဟုတ်ဘူး အဟင့်ဟင့်'

မမကြီးက ဝမ်းနည်းစွာ ထပ်ငိုတော့ သူက နှစ်သိမ့်ပေး ရပြန်သည်။

'ကဲ မငိုပါနဲ့ မမကြီးရယ်…ကျွန်တော်တို့ အခုလိုက်ရှာ ကြတာပေါ့ ထပါ'

မမကြီးက သူတွဲရာနောက်သို့ အလိုက်သင့်လေးပါလာ ၏။

'ဘုရား ဘုရား ဘုရားမလို့ မေမေ ဘာမှမဖြစ်ပါစေနဲ့'

'ဘာမှမဖြစ်ပါဘူး မမကြီးရယ်'

တစ်လမ်းလုံး မမကြီးကို အားပေးနှစ်သိမ့်ရင်းနှင့် ဆေး ရုံ၊ ရဲစခန်း နေရာအနှံ့ သူတို့ရောက်ခဲ့သည်။

သို့သော်…

ဘယ်နေရာမှာမှ မတွေ့ပေ။



'မောင်လေးရယ် မေမေ့ကို လူဆိုးတွေဖမ်းသွားပြီနဲ့ တူ တယ်'

'မဖြစ်နိုင်ပါဘူး မမကြီးရာ၊ လာ တစ်မြို့လုံးလည်းနှံ့ နေပြီ အိမ်ပြန်ပြီး ခဏလောက် နားကြရအောင်နော် ကျွန်တော် လည်း တစ်ညလုံး ကားမောင်းလာရတာ'

သူ့ရဲ့ချော့မော့ပြောဆိုသောစကားကို မမကြီးက ဘာမှ ပြန်မပြောတော့ချေ။

သူက ကားကို အိမ်ဘက်သို့ဦးတည်လိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

သူက မမကြီးကို ဆေးတိုက်၍ အိပ်ခိုင်းထားပြီး အိမ်ပေါ်သို့တက်လျက် ယခင်တစ်ခေါက်က သူတည်းခဲ့သော ကိုဇော်မင်းထက်အခန်းထဲ၌ပင် ဇစ်စွည်းအိတ်ကို ထားလိုက်သည်။

ပြီးနောက်‥ဝင့်ဝါတို့ထံ ဖုန်းဆက်ရန် သတိရလိုက်မိသည်။

'ဟယ်လို ဝင့်ဝါလား'

'ကိုကို အခုဘယ်ကဆက်နေတာလဲ'

'မနွေလေးကပါ ဝင့်ဝါ ညကအရေးကြီးကိစ္စရှိလို့ မနွေလေးကိုချက်ချင်းဆင်းခဲ့တယ် ညဘက်ကြီးမို့ ဝင့်ဝါတို့ဆီတောင် ဖုန်းမဆက်ခဲ့ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါဘက်မှ သူ့စကား ဆုံးသော်လည်း စကားမပြေ သေးဘဲ ဆိတ်ဆိတ်နေသည်။

'ဝင့်ဝါ ဘာဖြစ်သွားတာလဲ'

'ဟင့်အင်းဘာမှမဖြစ်ပါဘူး ဒါဆိုဝင့်ဝါတို့သွားအဖေ'

'ဝင့်ဝါတို့ လေယာဉ်နဲ့လာလေ လာမယ့်နေ့ ကိုကို့ဖုန်း ဖုန်းကိုဆက်လိုက် ကိုကိုလာကြိုမယ် သိလား၊ ပြီးရင် အန်ကယ့် ဆီကိုလည်း ကိုကို ဖုန်းထပ်ဆက်ဦးမှာပါ ဝင့်ဝါလေး ကိုကို့ စိတ်မဆိုးပါဘူးနော်'

'ဝင့်ဝါက စိတ်မဆိုးပါဘူး ကိုကို၊ ဒါပေမယ့် ဖေဖေ တော့...'

ဝင့်ဝါထက်ပိုင်က စကားမဆက်တော့ချေ။

'ဘာဖြစ်လို့လဲ အန်ကယ်က စိတ်ဆိုးနေလို့လား'

'အဲလိုလည်း မဟုတ်ပါဘူး ဒါပေမဲ့··ကိုကိုက အဆ သွားမယ်လို့ ပြောပြီးမှ အရင်ထွက်သွားတော့ လူကြီးကို စကား မတည် အရေးမစိုက်သလိုဖြစ်တာပေါ့ ဆိုပြီး ဖေဖေက ပြောနေ တယ်'

'အေးပါကွာ····ကိုကို ဖုန်းဆက်ပြီး တောင်းပန်လိုက် ပါ့မယ်'



သူ တယ်လီဖုန်းကိုပိတ်လိုက်ပေမယ့် စိတ်ထဲမှာ တစ် မျိုးဖြစ်နေသည်။

အခါတိုင်း သူ့အပေါ် တွင်လိုက်လိုက်လျောလျောဆက် ဆံတတ်တဲ့ ဝင့်ဝါဟာ သည်တစ်ခါ သူ့အပေါ်မှာတော်တော်စိတ် နေပုံရပြီး လေသံတပါ တစ်မျိုးဖြစ်နေ၏။

ဝင့်ဝါများ သူ့အပေါ် စိတ်ဆိုးသွားပြီလား။

သည်တစ်ခေါက်ကိစ္စကို ဝင့်ဝါ မကျေနပ်ဘူးလား။

သူ့အပေါ် အမြဲနားလည်ပေးတတ်သော ဝင့်ဝါဟာ သူ့ အပေါ်တွင် နားလည်မပေးနိုင်တော့ဘူး။

ရှုပ်ယှက်ခတ်နေသောအတွေးကြောင့် သူနေလို့မရ ဖြစ် သော အန်ကယ်လ်ဦးမင်းထက်ပိုင်ဆီကိုပါ တယ်လီဖုန်းဆက်၍ တောင်းပန်လိုက်သည်။

'အေးပါကွာ··မောင်ရောင်နီမှာ အရေးတကြီးကိစ္စရှိလို့ ဆို အန်ကယ် နားလည်ပါတယ်ကွာ၊ အန်ကယ်တို့ မနက်ဖြန် လိုက်နဲ့လာခဲ့မယ်လေ··သမီးကတော့ မောင်ရောင်နီကို စိတ် ကောက်နေလေရဲ့'

ဦးမင်းထက်ပိုင်ဆီဖုန်းဆက်လိုက်တော့မှ ဝင့်ဝါ သူ့ကို စိတ်ကောက်နေမှန်း သိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခင်း ညရောက်မှ ဖုန်းထပ်ဆက်ရဦးမည်ဟု တေးထား လိုက်သည်။

'ဒေါက် ဒေါက် မောင်လေးရေ မမကြီး အိမ်လို့မရောက် မေမေ့ကို ထပ်ရှာရအောင်'

'ဘယ်ကိုသွားမှာလဲ မမကြီးရယ်၊ ရဲစခန်းလည်း တိုင် ထားပြီးပြီပဲ မနက်ကတည်းက ရှာတာလည်း တစ်မြို့လုံး နီးပါး တာပဲ'

'လာပါကွယ် မမကြီးစိတ်ပူလွန်းလို့ ထပ်ရှာချင်လို့ပါ'

သူက ထုံးစံအတိုင်း နောက်ဆုံးမှာတော့ မမကြီးကို မ လွန်ဆန်နိုင်တော့ဘဲ မမကြီးနှင့်အတူ လိုက်ခဲ့ရပြန်သည်။

'မမကြီး ကျွန်တော်တို့လုပ်နိုင်တာတွေ အကုန်လုံး လုပ် ပြီးပြီပဲ မမကြီးရယ်'

'မေမေသာ တစ်ခုခုဖြစ်သွားရင်တော့…'

'စိတ်ချ ဘာမှမဖြစ်ဘူး'

ဤသို့ဖြင့် သူနှင့် မမကြီး တစ်မြို့လုံးပတ်ရှာပြီး အိမ် သို့ပြန်ရောက်ခဲ့ပြန်သည်။

'ဩော် မမကြီး၊ မနက်ဖြန် ကျွန်တော့်ညွှန်သည်ဈေး ရောက်မှာမို့ ကျွန်တော်သွားကြိုရမယ် မမကြီးတစ်ယောက်တည်း





အိမ်မှာနေခဲ့လို့ဖြစ်ရဲ့လား'

'သွားပါ ရပါတယ်ကွာ သူတို့က အိမ်မှာ တည်းမှာလား ဦးရှာပါးလည်း အောက်မှာရှိတာပဲဟာ'

'ဟိုတယ်မှာပဲ တည်းမှာပါ မမကြီး'

မမကြီးက ဘာမှထပ်မပြောတော့ဘဲ အိပ်ခန်းထဲသို့ဝင် သွားလေသည်။

အပူမီးများ တပွေ့တပိုက်ဖြစ်နေသောသူချစ်ရတဲ့ မမ ကြီးကို အရမ်းကရုဏာသက်မိသည်။

ထို့နောက်မှာတော့ သူလည်း အရမ်းပင်ပန်းနေပြီဖြစ်၍ အိပ်စက်လိုက်လေသည်။

◆

နောက်တစ်နေ့မှာတော့ ဝင့်ဝါတို့သားအဖကို လေယာဉ် ကွင်းတွင် သွားကြိုလာခဲ့သည်။

ဝင့်ဝါက သူ့ကို သိပ်ကြည်လင်သေးဟန် မတူချေ။ မျက်နှာလေးက စူပုပ်ပုပ်လေးဖြစ်နေသည်။

ဟိုတယ်တွင် အကုန်လုံးလိုက်လုပ်ပြီး၍



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ ဝင့်ဝါ ကိုကို သွားမယ်'

'ဟင် ကိုကိုက ဒီမှာတည်းတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး ဝင့်ဝါလေးရဲ့…ကိုကိုရဲ့ မိတ်ဆွေအိမ်မှာ တည်းနေတာ သူတို့အိမ်က ပြဿနာတက်နေတာ ကိုကိုက ကူညီနေရတာ ဟဲ ဟဲ ဝင့်ဝါလေးပင်ပန်းနေပြီ နားလိုက်ဦး မနက်ဖြန်မှလျှောက်လည်ကြမယ်နော်'

သူက ဝင့်ဝါကို ချော့ချော့မော့မော့နှင့်ထားခဲ့ရလေ၏။

ဝင့်ဝါက သူ့ကို သိပ်ကြည်လင်ဟန်မတူချေ။

ဘာပဲဖြစ်ဖြစ် သူ မမကြီးကိုတော့ တစ်ယောက်တည်း မထားနိုင်ချေ။ အိမ်ကိုပြန်ရောက်တော့ မမကြီးကအိမ်အဝတွင် ထွက် စောင့်နေသည်။

'ကြာလိုက်တာ မောင်လေးရယ် ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး မမကြီးရဲ့ လေယာဉ်က နောက်ကျနေလို့ စောင့်နေရတာပါ'

'ဩော် မသိပါဘူး ငါ့မောင်များ မမကြီးကို စိတ်ကုန်ပြီး ထားသွားပြီလားလို့'

'ကျွန်တော်က ဘာကိစ္စ မမကြီးကို စိတ်ကုန်ရမှာလဲ… မမကြီးရယ်'



မမကြီးက ဘာမှဆက်မပြောဘဲ ငြိမ်သက်နေသည်။

'ဩော် ဒါနဲ့ မောင်လေးကို စုံစမ်းခိုင်းထားတဲ့ မမကြီးရဲ့အဖေကိစ္စကရော…'

သည်တစ်ခါတော့ သူ့ဘာယ်လိုမှ ရှောင်လွှဲ၍မရနိုင်တော့မှန်း သိ၍ မမကြီးကိုပြောပြရန် ဆုံးဖြတ်လိုက်သည်။

'မမကြီးကို ကျွန်တော် အေးအေးဆေးဆေးမှပြောပြမလို့ပဲ အခု မမကြီးက မေးနေပြီဆိုတော့လည်း ကျွန်တော်ပြောပြရတော့မှာပေါ့ မမကြီးစိတ်အေးအေးထားပါ အဖြစ်အပျက်က ဒီလိုပါ…..'

သူက မမကြီး မပြောပြချင်ပေမယ့် တစ်နေ့နေ့ပြောရမယ့်အတူတူ ဆိုပြီး ပြောပြလိုက်မိသည်။

သူ့စကားဆုံးသည်နှင့် မမကြီးကရှိုက်ကြီးတငင်ငိုလေသည်။

'မမကြီးတို့ မိသားစုလည်း ဘာအကုသိုလ် ဝင်နေလဲ မသိပါဘူးမောင်လေးရယ် မမကြီးပါသေလိုက်ချင်တယ် အဟင့်အဟင့်'

'တိတ်ပါ မမကြီးရယ် တိတ်ပါဗျာ မမကြီးဘေးနားမှာ ကျွန်တော် တစ်ယောက်လုံးရှိပါသေးတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သူက မမကြီးကိုနှစ်သိမ့်နေမိပေမယ့် မမကြီးက အငိုမရပ်သေးချေ။ သူလည်း မမကြီးနှင့်အတူ ထပ်တူထပ်မျှ လှိုက်လှိုက်လှဲလှဲဝမ်းနည်းမိပါသည်။

ဤမျှဝမ်းနည်းကြေကွဲနေသောမမကြီးကို သူဘယ်လိုစွမ်းအားမျိုးနှင့် တစ်ယောက်တည်း ထားခဲ့နိုင်ပါ့မလဲ။

'မောင်လေး မေမေ့ကိုတွေ့အောင်ရှာပေးပါ မောင်လေး ရယ်နော် တွေ့အောင် ရှာပေးပါ . .မမကြီးရဲ့ဘဝမှာ မေမေ တစ်ယောက်ပဲရှိတော့တယ် ဒီတစ်ခါ မေမေ့ကိုပါထပ်ပြီးဆုံးရှုံးရမယ်ဆိုရင် မမကြီးပါ သေလိမ့်မယ်'

မျက်ရည်ပေါက်ကြီးမှာ တလိမ့်လိမ့်စီးကျပြီးငိုကြွေးနေသောမမကြီးကို သူနှစ်သိမ့်ရုံမှလွဲ၍ဘာမှမတတ်နိုင်တာကိုတော့ သူ့ကိုယ်သူ အားမလိုအားမရဖြစ်မိပါသည်။

◆

ရတနာမြေပုံ၏ဇာတ်လမ်းက 'အတု' ဟူသော စကားရပ်နှင့် တစ်စခန်းသိမ်းသွားလေသည်။

သေသူတွေလည်း သေပြီ။





ထောင်ကျသူတွေလည်း ကျကုန်လေပြီ။

သြော် . . .လောဘ၏သားကောင်များ။

အမှန်စင်စစ် မင်းဆွေမင်းမျိုးမင်းဆက်၏ ရတနာမြေပုံကိုဆက်ခံသူက ရှုံးသွပ်နေသူဒေါ်မိမိကြီးသာဖြစ်လေတော့ ဘာကိုမှတပ်အပ်သေချာစွာ မပြောနိုင်။

ရှေးဟောင်းအစဉ်အဆက်သုံး ဒင်္ဂါးရတနာများရှိကောင်းရှိနေမည်။

ရှိချင်မှလည်း ရှိမည်။

ဒါတွေကို သူစိတ်မဝင်စားတော့။

သူ စိတ်ဝင်စားသည်က မမကြီး၏စိတ်ချမ်းသာမှု အတွက် ပျောက်ဆုံးနေသော် ဒေါ်မိမိကြီးကို အမြန်ဆုံး တွေ့ရှိစေရန်ပင်။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

နောက်တစ်နေ့မှာ သူ မမကြီးကို ဘယ်လိုမှ စိတ်ချမထားခဲ့ရက်ပေမယ့် ခေါ်လာရန်လည်းမဖြစ်နိုင်သောကြောင့် မမကြီးကို အိမ်တွင်ထားခဲ့၍ ဝင့်ဝါတို့သားအဖထံထွက်လာခဲ့သည်။

'ကိုကိုကလည်း နောက်ကျလိုက်တာ ဒီမှာဝင့်ဝါတို့ဖြင့် စောင့်နေရတာ ကြာပြီ'

'ဟုတ်ပါတယ် ဝင့်ဝါရယ်··ကိုကို တောင်းပန်ပါတယ် ကိစ္စလေးတစ်ခုရှိနေလို့ပါ'

'သမီးကလည်း ရောက်လာရင် တော်ပြီပေါ့'

အန်ကယ်ဦးမင်းထက်ပိုင်က ဝင်ဟန့်လိုက်တော့မှ ဝင့်ဝါငြိမ်သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါထက်ပိုင်ဟာ အခုတလောမှာ သူ့ကို ဘာဖြစ်လို့ မယုံမကြည် ဖြစ်နေရတာလဲ ဆိုတာ…သူ သေချာစဉ်းစားနေမိသည်။

သူနှင့်မမကြီးရဲ့ကိစ္စများ သိသွားလို့များလားဟု တွေးနေမိသည်။

သိသွားလျှင်လည်း ပြဿနာက ဒီလောက်နှင့်ပြီးမသွားဘဲ ပြဿနာတွေ တောက်လျှောက် ဆက်တက်လာဦးမှာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ်…သူ ဝင့်ဝါကိုလည်း မထိခိုက်စေချင်သလို မမကြီးကိုလည်း ကြေကွဲဝမ်းနည်းမှုများ ထပ်မရစေချင်တော့ပါ။

ပြီးတော့ မမကြီးနှင့် သူ့ဆက်ဆံရေးက မောင်နှမဆက်ဆံရေးတွင်ပင် ရပ်တန့်နေတာ မဟုတ်လား။

'ကိုကို ဘာတွေတွေးနေတာလဲ'

'ဒီလိုပဲပေါ့ ဝင့်ဝါရယ်'

ဝင့်ဝါတို့သားအဖကို နေရာအနှံ့ လျှောက်ပို့နေရပေမယ့် သူ့စိတ်တို့က အိမ်တွင် အဖော်ကင်းမဲ့စွာကျန်နေရစ်ခဲ့မည့် မမကြီးထံတွင်သာ ဖြစ်သည်။





'ကိုကိုရေ မနက်ဖြန်ကျရင် ပြင်ဦးလွင်သွားမယ်နော်'

'ကိုကို မနက်ဖြန် ကိစ္စနည်းနည်းရှိသေးတယ်…ဝင့်ဝါတို့သားအဖ ကိုကို့ကား ဒီနေ့ယူထားလိုက်လေ ကိုကိုအသိကားနဲ့ လိုက်ပြန်သွားလိုက်မယ် ဒါမှမဟုတ်…ဟိုတယ်ရောက်မှကားငှားပြီး ပြန်မယ်'

'မောင်ရောင်နီကလည်း မဟုတ်တာ…ကားယူသွားပါ ပြင်ဦးလွင်လည်း နောက်နေ့မှသွားတာပေါ့ လုပ်စရာရှိတာ လုပ်ပါ'

'ဟင်း'

အန်ကယ်ဦးမင်းထက်ပိုင် ဝင်ပြောလိုက်တော့မှပင် သူ စိတ်ချမ်းသာသွားသည်။

သူ မနက်ဖြန် မမကြီးစိတ်ချမ်းသာအောင်အမေ့ကိုလိုက်ရှာပေးရဦးမည် မှတ်လား။

'အန်ကယ် ကျွန်တော်သွားလိုက်ပါဦးမယ်'

'အေး အေး သန်ဘက်ခါမှလာလေ ဒီနေ့တော့ လည်တာ နဲ့သလောက်ရှိသွားပါပြီ'

ဟု ပြောပြီး အန်ကယ်ဦးမင်းထက်ပိုင်က တည်းသောအခန်းရှိရာသို့ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝင့်ဝါ ကိုကို သွားမယ်နော်'

'အင်းပါ ကိုကိုရယ် ဝင့်ဝါကို ပစ်မထားပါနဲ့နော်'

'ဟုတ်ပါပြီ ကဲ သွားမယ် ကောင်းကောင်းအိပ်၊ အိပ်မ ပျော်ရင် ဖုန်းဆက်လိုက်'

'ဟုတ်'

သူက ဝင့်ဝါကို နှုတ်ဆက်ပြီးသည်နှင့်တပြိုင်နက် ကား ကိုတတ်နိုင်သလောက် မြန်မြန်မောင်းပြီး မမကြီးတို့အိမ်သို့ပြန် ခဲ့သည်။

'မမကြီး မမကြီး'

'လာ...မောင်လေး...နောက်ကျလိုက်တာ မမကြီးထ မင်းမှပြန်လာပါဦးမလားလို့'

'လာပြန်ပြီ မမကြီးကလည်းဗျာ ကျွန်တော်က ဘာလို့ ပြန်မလာရမှာလဲ'

သူက မောလာရတဲ့ ကြားထဲ မမကြီးရဲ့ ပူပန်စကားကို ကြားသောအခါ ဒီတစ်ခါတော့မကြည်နူးနိုင်တော့ဘဲ အမောဆို့ သွားသည်။

'လာ ထမင်းစားရအောင်'

'တော်ပြီ မမကြီး ကျွန်တော် အပြင်က စားလာတယ်'





မမကြီးရဲ့မျက်နှာက ကွက်ခနဲပျက်သွားပြီး

'မမကြီးက မင်းနဲ့စားဖို့စောင့်နေတာ ဒီအိမ်ကြီးမှာ တို့ မောင်နှမနှစ်ယောက်တည်း ရှိတာ မှတ်လား'

'ဟုတ်သားပဲ...မမကြီးအတွက် အဖော် ခေါ်ထားတာ မနက်ဖြန်ရောက်လာလိမ့်မယ်'

'ဘာအဖော်လဲ ဘာအဖော်မှ မလိုချင်ဘူး မေမေ့ကိုပဲ တွေ့အောင်ရှာမယ်'

'ခက်တာပဲ'

သူ မမကြီးကိုပြောလို့မရသည့်အဆုံးမှာတော့ အိပ်ပေါ် ထပ်သို့တက်၍ အိပ်နေလိုက်မိတော့သည်။

မမကြီး ဘယ်လိုများဖြစ်ကျန်ခဲ့သလဲဆိုတာကိုတော့ သူ မသိတော့ချေ။

နံနက်မိုးလင်းတော့လည်း မမကြီးက ထုံးစံအတိုင်း အ ခန်းတံခါး လာခေါက်သည်။

'မောင်လေး ထတော့လေ မေမေ့ကိုသွားရှာရအောင်'

'လာပြီ လာပြီ'

ရောင်နီဘွားက ကော်ဖီသောက်ရင်းမှ မမကြီးကိုဘယ် လိုနားချရမလဲဟု စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမကြီး ဒီနေ့တော့ အန့်တို့ကိုသွားရှာမယ် ဒါပေမယ့် ဒီနေ့နောက်ဆုံးပဲ နောက်နေ့ကစပြီး မရှာတော့ဘူး ဘာကြောင့်လဲဆိုတော့ မမကြီးရော ကျွန်တော်ပါပင်ပန်းတယ် ကျွန်တော်က ယောကျ်ားလေးဆိုတော့ ပင်ပန်းတာအကြောင်းမဟုတ်ဘူး မမကြီးသာ ကြာရင် အိပ်ယာထဲလဲမှာ'

သူ့စကားကြောင့် မမကြီး မျက်နှာမှာ ပျက်သွားပြီး ငိုတော့မလိုပင် ဖြစ်သွားသည်။

'မေမေ့ကိုမရှာရင် မမကြီးဘယ်လိုနေရမှာလဲ မမကြီးဘဝမှာ မေမေတစ်ယောက်တည်းပဲ ရှိတော့တာ၊ မင်းကလည်း မကြာခင်ပြန်မယ့်သူ၊ မောင်ရောင်နီရယ် မေမေ့ကို တွေ့အောင်ရှာပေးပါ'

ကလေးငယ်တစ်ယောက်လို တတွတ်တွတ်ပြောနေသော မမကြီးကို သူအံ့ရမ်းသနားသွားပြီး နောက်ဆုံးမှာတော့ သူကိုယ်တိုင်တောင်မှ ကြိုတင်ရည်ရွယ်ထားခြင်းမရှိသောစကားစုတို့ကို ရောင်နီဘွား ပြောဖြစ်သွားသည်။

'မမကြီး တစ်ယောက်တည်း မဟုတ်ပါဘူး…မမကြီးအနားမှာ ကျွန်တော်တစ်ယောက်လုံးရှိပါတယ်ဗျာ ကျွန်တော် မမကြီးကို တစ်သက်လုံး စောင့်ရှောက်မှာပါ‥ကျွန်တော့်ကို လက်





ထပ်ပါ မမကြီး ကျွန်တော့်ကို လက်ထပ်ပါ'

သူက မမကြီးရဲ့လက်ကိုဆုပ်ကိုင်ရင်း ပြောမိသွား၏။

'အို မဖြစ်ပါဘူး မောင်လေးရယ် မဖြစ်နိုင်ပါဘူး‥မမကြီးတို့က မောင်နှမတွေပဲ၊ ပြီးတော့ မင်းမှာလည်း လက်ထပ်ရမယ့်သူရှိတယ်။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး မင်း မမကြီးကို တကယ်စောင့်ရှောက်ချင်တယ်ဆိုရင် မမကြီးရဲ့အမေကိုသာ တွေ့အောင်ရှာပေးပါကွာ'

ထိုအခါမှာတော့ သူသည် သတ်ပြင်းမောကြီးကို ချမိလျက်သား ဖြစ်သွားတော့သည်။

'မမကြီးရယ်….ကျွန်တော်တို့ ရှာသင့်တာတွေလည်း အကုန်လုပ်ပြီးပြီ တစ်ရက်ရက်တော့ သတင်းရမှာပေါ့ဗျာ'

'ဘာပဲဖြစ်ဖြစ် ရှာရမှာက မမကြီးတို့ရဲ့ တာဝန်ပဲ မင်းလိုက်ချင်လိုက် မလိုက်ချင်နေ မမကြီးဘာသာ သွားရှာမယ်'

'လိုက်မှာပါ မမကြီးရယ်'

မမကြီးကို ဘယ်လိုမှဖျောင်းဖျ၍မရသည့်အဆုံး၌ မမကြီးရှာချင်သောနေရာတွေကို လိုက်ပြီး ရှာပေးနေမိသည်။ ဖြစ်နိုင်လျှင်တော့ မမကြီးခံစားနေရသော ဒုက္ခတွေကို သူသာ လွှဲပြောင်းယူလိုက်ချင်တာအမှန်ပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မမကြီး ရှာတာလည်း နှံ့နေပြီ ပြန်ကြပါစို့လားဗျာ'

'နေပါဦးကွယ် မောင်လေးရဲ့ သူငယ်ချင်း မေ ဆိုတာ မြို့ထဲမှာရှိတယ် သူ့ဆီကိုပါသွားမေးချင်တယ်'

'အာ မဖြစ်ဘူး မမကြီး…ကျွန်တော်နဲ့ တစ်ခါတွေ့ဖူး တယ်၊ ကျွန်တော့်ကို ကိုဇော်မင်းထက်ထင်ပြီး သူ့ကိုအတင်းလာ တောင်းခိုင်းနေတာ'

သူက မမကြီးကို အဖြစ်အပျက်များပြောပြသော်လည်း မမကြီးက လက်မခံဘဲ ဖွတ်တရွတ်နှင့်

'အို…မောင်လေးက ဇော်မင်းထက် မဟုတ်ဘူး ဆိုတာ သေချာရှင်းပြလိုက်ပေါ့ ဟုတ်တယ် မမကြီးတို့ ရှာဖို့ အဲဒီတစ် နေရာပဲကျန်တော့တယ်'

'ဒုက္ခပါပဲ မမကြီးရယ်'

နောက်ဆုံးမှာတော့ သူသည် မမကြီးကိုမငြင်းဆန်နိုင် သူပီပီ မမကြီးနောက်မှသာ လိုက်ခဲ့ရတော့သည်။

◆





## အခန်း(၁၅)

မေတို့၏စတိုးဆိုင်ကိုရောက်တော့ ကောင်တာတွင်ထိုင် နေသော မေ့ကို အရန့်သင့်တွေ့ရ၏။

'ဟယ်…ယူ…မမကြီးပါ ပါလာတာကိုး လာ…မမကြီး ထိုင်'

မေက ပျာပျာသလဲပင် မမကြီးကို ထိုင်ခုံဆွဲပေးသည်။ သူကတော့ စိတ်ကျဉ်းကြပ်စွာထိုင်နေမိသည်။

'ဘာကိစ္စနဲ့ မောင်နှမနှစ်ယောက်လုံး ရောက်လာရတာ လဲ'

'ကိုယ့်မေမေ ပျောက်သွားလို့ အဲဒါတွေ့မိလားလို့ လာ မေးတာပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



သူ အရင်ဝင်ဖြေလိုက်တော့မှ မေက ငြိမ်သွားသည်။

'ဟုတ်တယ်မေရယ် တွေ့မိတာနဲ့ ချက်ချင်းအကြောင်းကြားပါနော် မမကြီး မေမေ့ကို အရမ်းစိတ်ပူနေတယ်'

'ဟုတ်ကဲ့ မမကြီး'

မေက သဘောကောင်းစွာညှို့ခံနေမှုကို သူက စိတ်မရှည်တော့ချေ။

ထို့ကြောင့် မမကြီးကို

'မမကြီး ပြန်ရအောင်'

'ယူက မေ့ဆီကို တစ်ခေါက်မှလည်း လာမလည်ဘူး… လာတော့လည်း ပြန်ဖို့လောနေတယ်'

'မေကလည်းကွာ ကိုယ်တို့အိမ်မှာ ဒီလောက် ပြဿနာဖြစ်နေတာကို Please နားလည်ပေးစမ်းပါ ကဲ မေ သွားမယ်'

သူက မမကြီးလက်ကိုဆွဲပြီး ထွက်လာခဲ့သည်။

ကားပေါ်ရောက်တော့ မမကြီးက သူ့ကိုသေချာကြည့်ပြီး မေးသည်။

'မင်းနဲ့မေက ချစ်သူတွေလား'

'ကျွတ်…မမကြီးကလည်း မမကြီးရဲ့ မောင် ဇော်မင်းထက်နဲ့က ချစ်သူတွေဆိုတော့ ကျွန်တော့်ကို ဇော်မင်းထက်လို့





သိထားတဲ့မေက သူ့ရည်းစားလို့ပဲ သတ်မှတ်တာပေါ့ဗျာ'

'အဲဒါ မင်းက ရှင်းမပြဘဲ မှိန်းနေတာလား'

မမကြီးရဲ့စကားက သူ့ရဲ့မာနနဲ့သိက္ခာကို ထိခိုက်သွားတာကြောင့် သူ မမကြီးကို စူးစူးနင့်နင့်စိုက်ကြည့်ပြီးပြောလိုက်သည်။

'ကျွန်တော် အဲဒီလိုကောင်စားမျိုး မဟုတ်ဘူး မမကြီး၊ ဒီမှာ ပြဿနာတွေတစ်ခုပြီးတစ်ခုရှုပ်နေလို့ ရှင်းပြဖို့ မအားလို့ မရှင်းပြတာ မမကြီး မကျေနပ်ရင် အခုချက်ချင်း ကျွန်တော်သွားရှင်းပြမယ် လာ မမကြီးပါ လိုက်ခဲ့'

'ဆောရီးကွာ မမကြီး စကားမှားသွားတယ် မောင်လေးကို အမှန်တကယ်စိုးရိမ်စိတ်နဲ့ ပြောလိုက်မိတာပါကွာ နောက်မှ မမကြီးတို့ သွားရှင်းပြကြတာပေါ့'

မမကြီးက အဲလိုသူ့ကိုမျက်နှာငယ်လေးနှင့်ပြန်တောင်းပန်ပြန်တော့ သူ့ရဲ့ဒေါသတွေ လျော့ပါးသွားရပြန်သည်။

'ဒါပေမယ့် အဲဒီမိန်းကလေးနဲ့ ဆက်ဆံတဲ့အခါ ကြည့်ဆက်ဆံပါမောင်လေးရယ် သူ့ပုံစံတွေကို မမကြီး အကဲမရဘူး'

'မမကြီးက စိတ်ပူတာယ်ပေါ့'

'ပူတာပေါ့ ကိုယ့်မောင်လေးပဲဟာ မမကြီးမှာ အခုဒီ



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးတစ်ယောက်ပဲ ရှိတော့တာ'

'ဟာဗျာ'

မောင်နှမဟူသောစည်းနှင့်သာ အမြဲခြားနေတတ်သော မမကြီးကို သူ အရမ်းအသည်းယားသွားသည်။

'မမကြီး…'

သူက မမကြီးရဲ့ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လိုက်တော့ မမကြီးက အံတင်းရှန်းသည်။

'မောင်လေး မင်းကို မမကြီး အထင်မသေးပါရစေနဲ့… မမကြီးကို အခု လွှတ်ပါ…မမကြီးဘဝမှာ··အထင်အကြီးဆုံး ယောကျ်ားဟာ မင်းပဲ အမြဲဖြစ်နေချင်တယ်'

မမကြီး၏ စကားလုံးများကြောင့် သူ့လက်နှစ်ဘက်အ အလိုအလျောက်လွှတ်လိုက်မိသည်။

'ကျေးဇူးတင်ပါတယ်မောင်လေး မမကြီးရဲ့ဂုဏ်သိက္ခာ ကို ငဲ့ညှာပေးတဲ့အတွက် ကျေးဇူးအရမ်းတင်ပါတယ်'

မမကြီးရဲ့ စကားအဆုံးမှာ သူ ကားကို မောင်း၍ ထွက် လာခဲ့သည်။

မမကြီးမကြိုက်တဲ့အလုပ်မျိုးကို နောက်တစ်ကြိမ်မလုပ် မိစေရန် သူ့ကိုယ်သူ သတိပေးထားမိသည်။





သူဟာ မမကြီးအထင်ကြီးတဲ့ယောကျ်ားတစ်ယောက်ပဲ အမြဲဖြစ်ချင်မိတော့လေသည်။

မမကြီးနှင့် သူ လူနှစ်ယောက်ပါသောကားကလေးမှာ အတွေးကိုယ်စီဖြင့် အိမ်ရောက်သည့်တိုင်တိတ်ဆိတ်လျက်ရှိလေ တော့သည်။

နောက်တစ်နေ့ နံနက်မိုးလင်း သူနိုးတော့ နေအတော် မြင့်နေပြီဖြစ်သည်။

ဝင့်ဝါတို့နှင့်ချိန်းထားသည့်ကိစ္စကိုသတိရပြီး သူမြန်မြန် ရေချိုး အဝတ်လဲလိုက်သည်။

ဒီနေ့ မမကြီး သူ့ကို ဘာလို့လာမနှိုးပါလိမ့်··။

အခါတိုင်းဆိုလျှင် မမကြီးက နံနက်မိုးလင်းတာနှင့်လာ နှိုးနေကျဖြစ်သည်။

မနေ့က ကိစ္စများကြောင့် သူ့ကို စိတ်ကောက်နေတာ လား။

မဖြစ်နိုင်။

မမကြီးက ဒီလို ကိစ္စအသေးအဖွဲကလေးတွေကို စိတ် ကောက်တတ်သောမိန်းမတစ်ယောက်မဟုတ်ကြောင်း သူကောင်း ကောင်းသိပါသည်။



www.burmeseclassic.com

သူအဝတ်အစားလဲပြီး အောက်ထပ်ဆင်းလာတော့ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေ၏။

'မမကြီး…မမကြီး…မမကြီး'

နောက်ဖေးခန်းတွေ လျှောက်ကြည့်ပြီး လိုက်ခေါ်နေမိသော်လည်း မမကြီး၏အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

နောက်ဆုံးမှာတော့ သူ အရမ်းစိတ်ပူသွားပြီး မမကြီး၏အိပ်ခန်းနားသို့ သွားပြီး ခေါ်ကြည့်မိသည်။

'မမကြီး အခန်းထဲမှာရှိလား ဘာဖြစ်နေလဲ မမကြီး'

ပြန်ထူးသံမကြားသည့်အဆုံးမှာတော့ သူ အခန်းတံခါးဝနား ကပ်၍ အသံကိုနားထောင်ကြည့်တော့ ညည်းသံခပ်သဲ့သဲ့ကြားရ၏။

'မမကြီး ကျွန်တော် ဝင်လာပြီနော်'

အတွင်းမှ ဂျက် မချထား၍ အခန်းတံခါးကို ဖွင့်လိုက်သည်။

ထိုအခါမှာတော့ အိပ်ယာပေါ်တွင် ကွေးကွေးလေးဖြစ်နေသော မမကြီးကိုတွေ့ရသည်။

သူက စိုးရိမ်တကြီးသွား၍ နဖူးစမ်းကြည့်မိသည်။

'ဟာ ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါလား'





သူ စိုးရိမ်တကြီးဖြစ်သွားပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

ဆရာဝန်ခေါ်ရအောင်လည်း သူ မသိချေ။

မမကြီးကိုကားပေါ်ပွေ့တင်၍ ဦးရှားပါးကို အိမ်ကိုသေသေချာချာစောင့်ကြည့်ရန်မှာပြီး ဆေးရုံရှိရာသို့လာခဲ့သည်။

အပူကြီးလွန်း၍ မမကြီး သတိပင် မရဘဲ ကယောင်ကတမ်းတွေပြောနေသည်။

'မေမေ မေမေ သမီးကိုထားမသွားပါနဲ့ မေမေရယ်… မေမေ…'

အဖော်မဲ့ရှာလွန်းသောမမကြီးကိုကြည့်၍ သူ့ရင်ထဲမချိမဆန့်ခံစားသွားရသည်။

မမကြီးရယ်….

ထိုခဏ၌ မမကြီးကို သူစိုးရိမ်လွန်း၍ အားလုံးကို မေ့လျော့သွားတော့သည်။

'တော်တော်အပူကြီးတယ်ဗျာ အခုမှ ဘာလို့ခေါ်လာရတာလဲ'

ဆရာဝန်၏အပြစ်တင်စကားကို သူက ဘာပြောရမှန်းမသိဖြစ်၍ သူ့ကိုယ်သူ ကျိန်ဆဲမိသွားသည်။

www.burmeseclassic.com



'မောင်လေး မမကြီးကိုမထားခဲ့ပါနဲ့ မောင်လေးရယ်‥ မေမေ့ကိုတွေ့အောင်ရှာပေးပါ'

ဆရာဝန်က မမကြီးရဲ့ လက်မောင်းမှာ ဆေးထိုးအပ်ကို ထိုးရင်း သူ့ကို မေးသည်။

'လူနာက တော်တော် အားနည်းနေတာပဲ အားနည်းနေတဲ့ကြားက ဖျားတော့ ပိုဆိုးရောပေါ့ ခင်ဗျားနဲ့ဘာတော်လဲ'

'ဗျာ ကျွန်တော့်အစ်မပါ ဆရာ'

'အေးဗျာ ဂရုစိုက်ပါ သူ့ခမျာ စိတ်ဖိစီးမှုတွေ များနေတယ်နဲ့တူတယ်'

ဆရာဝန်က အဲလိုမှတ်ချက်ချပြီး ထွက်သွားတော့ မမကြီးရဲ့ဖြူဖျော့ဖျော့မျက်နှာကိုသာ စိုက်ကြည့်နေမိသည်။

သူ့အတွေးထဲမှာတော့ မမကြီးနေအမြန်ပြန်ကောင်းရေးမှလွဲ၍အခြားဘာမှမရှိတော့ချေ။

မမကြီးနေကောင်းစေရန် သူ တတ်သလောက်မှတ်သလောက် ဘုရားစာတွေ ရွတ်၊ သတိပြန်ရအောင် ဆုတောင်းရင်း ဆေးရုံပေါ်တွင်သာ တစ်နေကုန်ခဲ့လေသည်။

ညဘက် ရောက်တော့ သူနာပြုဆရာမတစ်ယောက်ကို ငှား၍ သူပြန်ခဲ့ရသည်။





သူ မမကြီးကိုစိတ်မချသော်လည်း ဘယ်လိုမှသူစောင့်လို့မရ၍ပြန်လာခဲ့သော်လည်း သူ့ရဲ့စိတ်တို့က မမကြီးထံ၌သာ ကျန်ရစ်ခဲ့လေသည်။

မမကြီး ပြန်နေကောင်းလျှင်တော့ မမကြီးရဲ့ အမေကို တတ်နိုင်သလောက်ရှာပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

မမကြီးသာ နေအမြန်ပြန်ကောင်းပါစေ။

မမကြီးတို့ရဲ့အိမ်ရောက်တော့ မမကြီးအခန်းထဲဝင်ပြီး မနက်ဖြန်ယူသွားရန် မမကြီးအတွက် ပစ္စည်းတွေ ဝင်ယူပြီးထည့်မိသည်။

မမကြီးရဲ့မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေထည့်ရင်းနှင့်မှ တစ်စုံတစ်ယောက်ကို သတိရမိလေသည်။

ထိုတစ်စုံတစ်ယောက် ဝင့်ဝါထက်ပိုင်ပင် ဖြစ်သည်။

ရောင်နီဘွားက အလင်္ကာတကြားနာရီကိုကြည့်လိုက်တော့ ညဆယ်နာရီတိတိရှိနေပြီဖြစ်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း ၁၆

'မောင်ရောင်နီက ကိစ္စရှိလို့ မလာနိုင်ရင်လည်း တိုတယ်ကဲ တယ်လီဖုန်းကို လှမ်းဆက်လို့ရတာပဲ အခုတော့…'

ဦးမင်းထက်ပိုင်၏ မျက်နှာကို သူ မော့မကြည့်ရဲဘဲ… ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိသည်။

သူ့ဘက်ကမှားထားတာဆိုတော့ ဦးမင်းထက်ပိုင်အပြစ်တင်…ကို ငုံ့ခံနေရုံမှလွဲ၍ ဘာမှမတတ်နိုင်ချေ။

'လူငယ်ချင်း ချိန်းထားလို့ ပျက်ကွက်တယ် ဆိုတာကထားတော့…အန်ကယ်ပါရှိနေတော့ လူကြီးကို မလေးစားသလိုဖြစ်နေတာပေါ့ ဘာပြဿနာပဲရှိရှိ ဖုန်းကလေး တစ်ချက်တော့လှမ်းဆက်ပြီး အကျိုးအကြောင်းပြောသင့်တယ်ကွာ'

www.burmeseclassic.com



မမကြီးအတွက် အစိုးရိမ်ကြီးလွန်းသော သူ့ကိုယ်သူအပြစ်တင်ရှုမှုလွဲ၍ ဘာမှမတတ်နိုင်တော့ချေ။

'အန်ကယ် ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ'

'အေးပေါ့ကွာ တောင်းပန်ပါတယ်ဆိုတော့လည်း အန်ကယ်တို့က ဘာပြောလို့ရမှာလဲ'

ဦးမင်းထက်ပိုင်၏အသံတွင် မကျေနပ်မှုများပါနေသေးကြောင်း သူသိပါသည်။

သို့သော်…လူကြီးဖြစ်၍ အန်ကယ်ဦးမင်းထက်ပိုင်သည်လောက်သာပြောပြီး ထွက်သွားသည်။

ဟိုတယ်၏ဧည့်ခန်းတွင် သူနှင့်ဝင့်ဝါထက်ပိုင်သာကျန်၏။

ဝင့်ဝါက ခပ်ငိုင်ငိုင်အနေအထားဖြင့် တစ်နေရာကိုသာစိုက်ကြည့်နေသည်။

'ဝင့်ဝါ ကိုကို့ကို စိတ်ဆိုးနေသလား'

ဝင့်ဝါက သူ့စကားကို ပြန်မဖြေဘဲ ခေါင်းကိုခပ်လေးလေးခါပြသည်။

'ဒါဆို ဘာဖြစ်နေတာလဲ ကိုကို့ကို စကားမပြောတော့





ဘူးလား ကိုကို့မှာ အရေးတကြီးကိစ္စရှိလို့ပါကွာ'

'ဝင့်ဝါ ကိုကို့ကိုစိတ်မဆိုးဘူး ဒါပေမဲ့ ကိုကို့ကိုတော့ဝင့်ဝါမယုံတော့ဘူး ဝင့်ဝါတို့သားအဖ လေယာဉ်လက်မှတ်ရတဲ့နေ့ ပြန်တော့မယ်'

'ဟင်'

သူ့ရဲ့ ဧည့်ဝတ်မကျေပွန်မှုနှင့် ဝင့်ဝါထက်ပိုင်တို့ သားအဖကို အလေးမထားမှုများကြောင့်…သူ အရမ်းအားနာသွားမိသည်။

'ဝင့်ဝါ ကိုကိုလေ…'

'ထပ်မပြောပါနဲ့တော့ ကိုကိုရယ်‥ဝင့်ဝါ ဘာမှ ထပ်မကြားပါရစေနဲ့တော့‥ကိုကိုဟာ ဝင့်ဝါ့ကိုင်မကဘူး ဝင့်ဝါရဲ့ဖေဖေကိုပါ အလေးမထားဘူးဆိုတာ…ဝင့်ဝါ ကောင်းကောင်းသိသွားပြီ'

'ဝင့်ဝါ‥ကိုကို့ကို နားလည်မပေးနိုင်တော့ဘူးလား…ကလေးရယ်'

သူက ဟိုးအရင် ဝင့်ဝါရဲ့ သူ့ကို နားလည်ပေးမှုများကိုမြင်ယောင်တမ်းတရင်း ပြောလိုက်မိသည်။ ထိုအခါမှာတော့ ဝင့်ဝါက ခပ်မဲ့မဲ့ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



'ဝင့်ဝါက ဘာကို ဘယ်လောက်အထိ နားလည်ပေးရမှာလဲ ကိုကို'

ဝင့်ဝါရဲ့ မေးခွန်းကို သူ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။

'ကိုကို ဝင့်ဝါကိုတစ်ခုမေးမယ် စိတ်တော့မဆိုးနဲ့နော် ဝင့်ဝါ ကိုကို့ကိုစိတ်ပျက်နေပြီလား စိတ်ပျက်နေရင်လည်း ဝင့်ဝါသဘောပဲနော်'

'ဒီစကားကို ကိုကို အရှင်းစပြောတာနော်'

ဝင့်ဝါက ခပ်တည်တည်မျက်နှာပေးနှင့်မေးလိုက်သည်။

ထိုအခါ သူ စကားမှားသွားပြီမှန်း သိလိုက်သည်။

'အဲဒီသဘောမဟုတ်ပါဘူးကွာ ကိုကိုက ဝင့်ဝါကိုဒုက္ခပေးထားသလိုဖြစ်မှာစိုးရိမ်လို့ပါ'

ဝင့်ဝါက လှလှပပလေး မဲ့ပြုံးပြုံးလိုက်ပြီး

'ဝင့်ဝါနဲ့ကိုကိုတို့ရဲ့ဇာတ်စွကို ဝင့်ဝါ သေချာပြန်စဉ်းစားနေပါတယ်လေ၊ ရန်ကုန်ရောက်တော့မှ ဝင့်ဝါတို့ သေချာဆက်ဆွေးနွေးကြတာပေါ့ ကဲ..ကိုကို့မှာလည်း အရေးကြီးကိစ္စတွေရှိမယ်ထင်တယ် သွားစရာရှိရင်သွားတော့လေ ရပါတယ်'

သူ့ကို အလိမ္မာနှင့်နှင်နေတာလား၊ ခပ်ရွဲ့ရွဲ့ပင် ပြောနေ





တာလားတော့ မသိ။ သူ့ကြောင့် ဝင့်ဝါသည် နာနာကျင်ကျင် ခံစားနေရပုံရသည်။

သူ့ကိုချစ်ရှာသောထိုကောင်မလေးကို သူ မခံစားရစေချင်ပါ။

သူက ကရုဏာသက်စွာ ငေးကြည့်နေမိသည်။

သူ အပြစ်မကင်းသလို ခံစားနေရ၏။

'သွားတော့လေ ကိုကို..သွားပါတော့..ဝင့်ဝါကို အဲသည် သနားတဲ့မျက်လုံးတွေနဲ့ လာမကြည့်ပါနဲ့ ဝင့်ဝါ တောင်းပန်ပါတယ်'

'ဝင့်ဝါလေး ဒါဆို ကိုကို သွားမယ်နော် ကိုကို့အတွက် ဘာမှမခံစားပါနဲ့ဝင့်ဝါရယ် မတန်ပါဘူး ကိုကိုတို့ကိစ္စကိုလည်း ဝင့်ဝါကြိုက်သလို စဉ်းစားဆုံးဖြတ်နိုင်ပါတယ် ဝင့်ဝါတို့ လေယာဉ်ကွင်းဆင်းခါနီးမှပဲ ကိုကိုလာတော့မယ် လိုအပ်ရင်..ကိုကို့ဟမ်းဖုန်းကို ဆက်လိုက်ပါ'

ဝင့်ဝါက ခေါင်းမညိတ်ခေါင်းမခါဘဲ သူ့ကို ငေးကြည့်နေလေသည်။

သူကတော့ သူ့ကိုယ်သူ အပြစ်မကင်းစွာ ခံစားရရင်း လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်တွင် ကောင်းရှာလွန်းသော…ထိုသားအဖကို သူ ဘယ်လိုလုပ်ပြီးတော့င်းပန်ရင် ကောင်းမလဲဟုတစ်လမ်းလုံး စဉ်းစားပြီး မမကြီးရှိရာ ဆေးရုံဘက်သို့ မောင်းခဲ့လေသည်။

သူ ဆေးရုံကိုရောက်တော့ မမကြီးက သတိရနေပြီဖြစ်သည်။

နေမကောင်းသည့်ကြားမှပင် သူ့ကိုတွေ့တော့ခပ်ယဲ့ယဲ့ ပြုံးပြလိုက်သောမမကြီး၏မျက်နှာကိုမြင်လိုက်ရသောအခါ သူ စိတ်ညစ်သမျှအားလုံး မေ့ပျောက်သွားပါသည်ဆိုလျှင် လွန်မည်လား မသိ။

'မမကြီး ဘယ်လိုနေသေးလဲ'

'သက်သာသွားပါပြီ မောင်ရောင်နီရယ်…မောင်လေး ကျေးဇူးတွေ မမကြီးမှာ များလှပါပြီ ဘယ်လိုကျေးဇူးဆပ်ရမှန်းလည်းတောင် မသိတော့ဘူး'

'မလိုပါဘူး မမကြီးရယ်'

သူက နဖူးပေါ်တွင်ဝဲကျနေသော မမကြီးရဲ့ဆံပင်အချို့ကို သပ်တင်ပေးလိုက်သည်။

'မမကြီး ဘာစားလို့ရတယ်လို့ ဆရာဝန်က ပြောသွားလဲ ဆရာမ'





နံဘေးတွင်ထိုင်စောင့်နေသော သူနာပြုဆရာမကိုလှမ်းမေးလိုက်သည်။

'ဆန်ပြုတ်တို့ ဘာတို့ အစာပျော့ပျော့ ရပါတယ်'

'မမကြီး ဘာစားချင်လဲ ကျွန်တော် စီစဉ်ပေးပါ့မယ်'

'ရပါတယ် မောင်လေးရယ် မောင်လေးလည်း မမကြီးကိုမိသားစုအတွက်ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး အလုပ်ရှုပ်နေရပြီနော်'

မမကြီးက သူ့ကို အားနာသလိုပြောလိုက်တော့ သူက မမကြီးရဲ့လက်ကလေးကို ဆုပ်ကိုင်ပြီး

'မမကြီး ကျွန်တော့်ကို မောင်အရင်းလို သဘောထားတယ်ဆိုရင် အဲလိုစိမ်းတဲ့စကားတွေ မပြောပါနဲ့ဗျာ'

မမကြီးက ခပ်ဖွဖွပြုံးပြီး ခေါင်းညိတ်ပြတော့ သူ့ရဲ့နှလုံးသားအစုံမှာ အေးချမ်းသွားရပါသည်။

ထို့နောက်….

သူသည် အဲဒီနေ့တစ်နေ့လုံး မမကြီးဘေးနားတွင်နေ၍ လိုအပ်သမျှကို ပြုစုပေးနေမိသည်။

နောက်တစ်နေ့မှာတော့ မမကြီးသည် တော်တော်လေး ထူထောင်ထောင်ဖြစ်လာသည်။

'မောင်လေးရဲ့အပြုအစုကောင်းလို့ မမကြီး နက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



ဆို ဆေးရုံက ဆင်းရတော့မယ်နဲ့တူတယ်’

‘ဟုတ်လား ဆရာဝန်ကြီးကို ကျွန်တော် သွားမေးဦးမ ပဲ’

သူနှင့် မမကြီး စကားကောင်းနေခိုက် သူ့တယ်လီဖုန်း လေးက ထမြည်လာသည်။

‘ခဏနော် မမကြီး’

ထိုတယ်လီဖုန်းသည် မမကြီးအတွက်တော့…သတင်း ကောင်းတစ်ခုကို သယ်ဆောင်လာသည်။

‘ဟယ်လို’

‘ယူလား မေပါ…’

မေ့ရဲ့အသံကိုကြားလိုက်ရတော့ သူစိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

‘မေပြောလေ ဘာကိစ္စလဲ’

‘ယူ့အသံကလည်း စိတ်မပါ လက်မပါနဲ့ မေက ဒီ သတင်းကောင်းပြောမလို့’

‘ဘာများလဲ မေရဲ့’

‘ယူတို့အမေလို့ထင်ရတဲ့ ဦးနှောက်မကောင်းတဲ့ အ သမီးတစ်ယောက်ကို ကိုယ်တို့ဒရိုင်ဘာက တွေ့ခဲ့လို့တဲ့’





‘ဟာ တကယ်လား’

သူက မမကြီးအတွက် ဝမ်းသာအားရ ဖြစ်သွားသည်။

‘ဘယ်နားမှာတဲ့လဲ’

‘ကျောက်ဆည်မြို့နားမှာ တဲ့…ထမင်းကျန် ဟင်းကျန် တွေလည်း စားနေတယ်တဲ့…ဦးနှောက်မကောင်းတဲ့ မိန်းမကြီး တဲ့’

‘ခဏလေးနော် မေ၊ မမကြီးကို ပြောလိုက်ဦးမယ်’

သူက မမကြီးကို ချက်ချင်းဝမ်းသာစေလို၍ လှမ်းပြော လိုက်သည်။

‘မမကြီး အန်တီလို့ ထင်ရတဲ့အမျိုးသမီးကို ကျောက် ဆည်မြို့နားမှာတွေ့တယ်တဲ့’

‘ဟင် တကယ်လား’

ကုတင်ပေါ်တွင် ခပ်လျော့လျော့ ခေါင်းအုံးတွေထပ်ပြီး လှဲနေသော မမကြီးက ဝမ်းသာအဲလဲထထိုင်သည်။

သူက မေ့ကို ကျေးဇူးတင်ကြောင်း ပြောဆိုပြီး မနက် ဖြန်လာခဲ့မည့်အကြောင်းပါ ပြောလိုက်သည်။

‘ကျွန်တော် မနက်ဖြန် မေ့ဆီသွားပြီး အကျိုးအကြောင်း မေးပြီး ကျောက်ဆည်ကို သွားလိုက်မယ်လေ’



www.burmeseclassic.com

www.burmeseclassic.com



'အို မမကြီး မနက်ဖြန်ဆေးရုံက ဆင်းလို့ ရပြီပဲ…မမကြီးပါ လိုက်မယ်'

'ဟာ မမကြီးကွလည်း မဖြစ်ပါဘူး မမကြီးနေတောင် ဒီနေ့မှကောင်းတာကို'

မမကြီး၏မျက်လုံးများက ဝမ်းသာမှုကြောင့်တလက်လက်တောက်ပနေ၏။

'အို မနက်ဖြန် မပြောနဲ့ အခုတောင်မှ မမကြီး ဆေးရုံကဆင်းပြီး သွားခေါ်ချင်တာ မမကြီး လိုက်ပါရစေ မောင်လေးရယ်'

'မမကြီးကလည်း ဗျာ'

'မမကြီး မနက်ဖြန်ဆို လုံးဝနေကောင်းသွားပါပြီ မောင်လေးရယ်'

နောက်ဆုံးမှာတော့ သူသည် အမြဲတမ်းမမကြီး၏အလိုကို လိုက်လျောတတ်သူပီပီ မမကြီးကိုခေါ်သွားရန် သဘောတူလိုက်သည်။

သူက မမကြီး စိတ်ချမ်းသာတာကို…အမြဲမြင်ချင်သူတည်း။

◆





## အခန်း(၁၇)

နောက်တစ်နေ့ ဆေးရုံသို့ မသွားခင် ဝင့်ဝါတို့ဆီ ဖုန်းဆက်လိုက်သေးသည်။

'ဝင့်ဝါလား ကိုကိုပ္ပါ ဘယ်တော့ပြန်မှာလဲ'

'ဒီညနေဖလိုက်နဲ့ပါ ကိုကို၊ မနေ့ကတော့ ကားစင်းလုံးငှားပြီး ပြင်ဦးလွင် သွားလိုက်သေးတယ်'

'အေးကွာ ကိုကိုလည်း လာချင်ပေမယ့်…အန်ကယ်နဲ့ မျက်နှာချင်းမဆိုင်ရဲသေးလို့…'

သူက မလုံမလဲနှင့် ဝင့်ဝါကို ဆင်ခြေတစ်ခု ပေးလိုက်သေးသည်။

'ရပါတယ် ကိုကို မလိုအပ်တော့ပါဘူး…ညနေလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကို လာချင်တဲ့စိတ်ရှိမှလာပါ မလာရင်လည်း ဝင့်ဝါတို့အဖြစ် မပြောဝါဘူး ကားဂုံးပြီးသွားမှာပါ'

'ဝင့်ဝါရယ် ကိုကို ရန်ကုန်ရောက်မှအဖြစ်အပျက်အားလုံးကို သေသေချာချာရှင်းပြပါ့မယ်'

ဝင့်ဝါက ဘာမှ သူ့ကို ပြန်မပြောချေ။

'ကဲ ကိုကို ဖုန်းချလိုက်တော့မယ်နော်'

'ဟုတ်ကဲ့'

သူ့စိတ်ထဲတွင် ဝင့်ဝါ သူ့ကိုစိတ်ကောက်နေတာဟုပင် ထင်မှတ်နေပြီး ရန်ကုန်ရောက်တော့မှအကျိုးအကြောင်းပြောပြီး ချော့မော့လိုက်မည်ဟု တွေးမိသည်။

သူ ဆေးရုံကိုရောက်တော့ မမကြီးက တက်ကြွစွာ အဆင်သင့်ပြင်ပြီး စောင့်နေလေသည်။

'ကဲ သွားစို့ မောင်လေးရေ..'

သူက မမကြီးရဲ့အထုတ်ကိုဆွဲပြီး ကားပေါ်တင်လိုက်သည်။ ပြီးနောက် သူတို့ မေရဲ့စတိုးဆိုင်ဘက်သို့ အရင် ထွက်ခဲ့သည်။

'ဟော လာကြပြီ..လာ..လာ ယူတို့ကို စောင့်နေတာ မမကြီး နေမကောင်းဘူးဆို ကောင်းသွားပြီလား'





'အေး ကောင်းပါပြီကွယ် မေတို့ မေမေ့သတင်းကြားတယ်ဆို ပြောပါဦးကွယ် မမကြီးမှာ မေမေ့ကို အရမ်း စိတ်ပူနေတာ'

မမကြီးက ရောက်ရောက်ချင်းဝင်..မေ့ကို အလောတကြီးမေးလိုက်သည်။

'ဟုတ်တယ် မမကြီး ကျောက်ဆည်ဘက်မှာတွေ့လိုက်တယ်တဲ့ အဝေးပြေးကားပေါ်ပါသွားတယ်နဲ့ တူတယ်'

'မောင်လေး ဒါဆိုရင် မမကြီးတို့ ကျောက်ဆည် အခု သွားရအောင်'

သူက ဘာမှမပြောဘဲ ထိုင်နေခိုက်တွင် မေတို့၏စတိုးဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာတာကို ရိပ်ခနဲ တွေ့လိုက်သည်။

'အစ်မရေ တစ်ရှူးတစ်ထုပ်..ဟင်..ကိုကို'

အသံကြောင့် သူ..အလန့်တကြား မော့ကြည့်လိုက်မိသည်။

'ဩော်..ကိုကိုက မိန်းမတစ်ယောက်နဲ့ရှုပ်နေတယ်ဆိုသတင်းကြားထားတာ အခုတော့ နှစ်ယောက်ဖြစ်နေတာကိုး ကိုကို သိမ်ရက်စက်တယ် ကိုတို့ကို မုန်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဝင့်ဝါ နေဦး…ကိုကို ရှင်းပြပါရစေ-ဝင့်ဝါရယ် နေပါဦး'

ရှိုက်ကြီးတငင် ငိုပြီး သူ့ကို ထုရိုက်နေသော ဝင့်ဝါကို သူ ရှင်းပြရန်ကြိုးစားသော်လည်း ဘယ်လိုမှအရာမရောက်ချေ။

'လွှတ် ဝင့်ဝါကို အခုလွှတ်ပါ ဝင့်ဝါ သွားပါရစေတော့ ကိုကို ဝင့်ဝါကိုတကယ်မချစ်နိုင်ဘူးဆိုတာ ဝင့်ဝါသိသွားပြီ ဝင့်ဝါကို လွှတ်ပါ /အခုချက်ချင်း ရန်ကုန်ကို ပြန်မယ်'

သူ့ကို တွန်းလွှတ်ပြီး ဝင့်ဝါ ဆိုင်ပြင်သို့ပြေးထွက်သွားသည်။

'ယူ ဘာတွေရှုပ်ထားပြန်ပြီလဲ'

'ကျွတ် မင်းက တစ်မျိုး၊ လာ…မမကြီး သွားရအောင်'

သူနှင့်ဝင့်ဝါကို ကြောင်ပြီးငေးကြည့်နေသော မမကြီး လက်ကိုဆွဲ၍ မေတို့ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ပြီးတော့မှ မေ့ကိုဆက်ဆံတာ သူလွန်သွားပြီမှန်း သိ၍ ဆိုင်ထဲသို့ပြန်ဝင်ပြီး မေ့ကို တောင်းပန်လိုက်သည်။

'မေ…ကိုယ် မေ့ကိုပြောတာလွန်သွားတယ်ကွာ ကိုယ် စိတ်တွေ တအားရှုပ်နေလို့-ကိုယ်တောင်းပန်ပါတယ်နော် နောက်မှ ဒီအကြောင်းတွေကို အေးအေးဆေးဆေး မေ့ကို…ရှင်းပြပါ့





မယ် ကဲ…မေ သွားပြီ'

ကားထဲတွင် မမကြီးက သူ့ကို ထိုင်၍ စိုးရိမ်တကြီး ကြည့်နေသည်။

'ကဲ…မမကြီး…ဘာမှ စိတ်ပူမနေနဲ့တော့ ဖြစ်သမျှ အစ ကြောင်းအကောင်းချည်းပဲလို့သဘောထားပါတော့ အခုကျောက် ဆည်ကို ကျွန်တော်တို့ သွားရအောင်'

မမကြီးက သူ့ကို ဘာမှ ပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်လိုက်၏။

မမကြီးရဲ့ပုံစံက မိုးပြိုမှာကြောက်တဲ့ယုန်သူငယ်လိုဖြစ် နေ သည်။

'ဟိုရောက်ရင် မမေ့ကိုတွေ့ပါ့မလား မောင်လေးရယ်'

'တွေ့မှာပါ မေကသေချာပြောလိုက်တာပဲ နာရီစင်နား မှာ ကျက်စားတယ်တဲ့'

'မေမေလည်း ဒုက္ခတွေတော်တော်ရောက်ရှာမှာပဲနော်'

'စိတ်အေးအေးထားပါ မမကြီးရယ်'

သူက မမကြီးကို တတ်နိုင်သလောက် နှစ်သိမ့်ပေးခဲ့ မယ့် သူ့ရင်ထဲမှာတော့ ဝင့်ဝါကိုမြင်ယောင်ရင်း ပူလောင်နေမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါလေးခမျာ တော်တော်လေးခံစားရရှာမှာဟု တွေးမိနေသည်။

'ပြီးတော့'

ဝင့်ဝါအပေါ်မှာရော သူတရားပါရဲ့လား။

'မောင်လေး ကျောက်ဆည်မြို့ထဲ ရောက်နေပြီ မျက်စိရှင်ရှင်ထားပြီး ကြည့်ပေးပါ'

ကျောက်ဆည်နှင့်မန္တလေး သိပ်မဝေးလှ၍ ခဏနေတော့ ကျောက်ဆည်မြို့ထဲ သူတို့ရောက်လာ၏။

နာရီစင်နားတို့ ကားနှင့်နှစ်ပတ်လောက်ပတ်ကြည့်တော့

'မောင်လေး ဟိုမှာ ဟိုမှာ ဟိုနားမှာထိုင်နေတာ…'

နာရီစင်နှင့် မလှမ်းမကမ်းတွင် ခပ်ကုပ်ကုပ်ထိုင်နေရာသို့ လက်ညှိုးထိုးပြတော့ သူလည်း ထိုနားတွင် ကားကိုရပ်လိုက်၏။

ကားရပ်ရပ်ခြင်းပင် မမကြီးက သူ့တို့မစောင့်နိုင်ဘဲ ကားပေါ်မှပြေးဆင်းသွားသည်။

'မေမေ မေမေ'

ထိုနားတွင်ထိုင်နေသော အမျိုးသမီးမှာ အမှန်တကယ်ပင် မမကြီးရဲ့အမေ ဖြစ်နေတော့သည်။





'မေမေ သမီးကြီးလေ သမီးကြီးပါ'

ထိုပေပေရေရေနှင့်ညစ်ပတ်နေသော အမေ့ကို မမကြီးက ဖက်၍ငိုလေတော့သည်။

'မမကြီး…မမကြီး…သတိထားလေ လူတွေ ကြည့်နေတယ်'

အရှုးမကြီးက မမကြီးကို ခပ်တွေတွေကြည့်ပြီး တွန်းထွက်လိုက်သည်။

'ဘယ်က အမေလဲ ငါနှင့်အမေမဟုတ်ဘူး ငါက အပျိုကြီးဟဲ့ ငါ့မှာကလေးမရှိဘူး သိရဲ့လား'

အရှုးမကြီးစကားကြောင့် အနားတွင် ရှိသောသူများက ရယ်လိုက်ကြသည်။

'ဖြစ်ရလေ မေမေရယ် ဖြစ်ရလေ'

မမကြီး အမေက ထိန်းမရအောင် သွက်သွက်ခါ ရှူးနေပြီ ဖြစ်ကြောင်း သူနှင့် မမကြီး စိတ်မကောင်းဖြစ်စွာ သိလိုက်ရသည်။

'ဘယ်လို ဘယ်လိုလုပ်ကြမလဲ မောင်လေး'

'ရန်ကုန်က စိတ်ကျန်းမာရေးဆေးရုံကိုပဲ ပို့လိုက်ရုံရှိတော့တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သူက အခြေအနေကိုကြည့်၍ အမှန်အတိုင်းပင် ပြောလိုက်တော့ မမကြီးက ဝမ်းနည်းစွာ ငိုရှိုက်လေသည်။

'မငိုပါနဲ့ မမကြီးရယ်··လုပ်သင့်တာကိုပဲ လုပ်ကြတာပေါ့ဗျာ'

ထို့နောက်··ဘေးပတ်ဝန်းကျင်မှ လူတစ်ယောက် နှစ်ယောက်၏အကူအညီကိုယူကာ ပိုင်းချုပ်၍ သူ့ရဲ့ကားပေါ်သို့တင်လိုက်၏။ /

'နင်တို့ ငါ့ကို ဘာလုပ်ကြမလို့လဲ ဟင်း··လွှတ်ကြ··လွှတ်ကြ'

ရန်းရင်းကန်ရင်းနှင့် ကားပေါ်ရောက်လာတော့ သူရော မမကြီးပါ ကားပေါ်တက်ပြီး မန္တလေးဆေးရုံသို့ အရင်ခေါ်လာခဲ့ကြသည်။

'မောင်လေးကို မမကြီး အရမ်းအားနာပါတယ် မမကြီးကြောင့် မောင်လေး လူမှုရေးရော စီးပွားရေးရော ထိခိုက်ရတယ် အဲဒီအတွက် မမကြီး စိတ်မကောင်းပါဘူး ကိစ္စအားလုံး ပြန်ပြေပြီးအောင်လုပ်ပြီး မောင်လေးရဲ့ကောင်မလေးဆီကိုလည်း လိုက်ပြီး ရှင်းပြပါ့မယ် မမကြီးလည်း မမကြီးလျှောက်ရမယ့်လမ်းကို မမကြီးဘာသာ သိနေပါပြီ'





မမကြီး ဘာကိုဆိုလိုမှန်း မသိသော်လည်း လေးနက်တည်ငြိမ်နေသော မမကြီးရဲ့မျက်နှာထားကြောင့် တစ်ခုခုကိုအသေအချာဆုံးဖြတ်ထားပြီးမှန်း သိသာလှပါသည်။ သူကတော့ ဖြစ်နိုင်လျှင် မမကြီးအနားမှာ အချိန်ပြည့်နေချင်သူဖြစ်ပါသည်။

သို့သော် သူ ဝင့်ဝါထက်ပိုင်အပေါ်မှာလည်း မတရားမှန်း သူ့ဘာသာ သူသိပါသည်။

ထို့ကြောင့် ရန်ကုန်ပြန်ရကောင်းနိုး၊ မန္တလေးမှာ ဆက်နေရကောင်းနိုး ဒွိဟစိတ်များ ဖြစ်ပေါ်နေသည်။

သို့သော် မကြာခင်မှာဘဲ မမကြီးရဲ့အမေကို ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပို့ရန် စီစဉ်ကြသည့်အတွက် သူရော မမကြီးပါ ရန်ကုန်သို့ဆင်းလာခဲ့ကြ၏။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၈)

ရန်ကုန်မြေသို့ ရောက် ရောက်ခြင်း ဝင့်ဝါထက်ပိုင်ကို တန်းသတိရမိသော်လည်း သူ မသွားရဲသေးဘဲ အိမ်သို့အရင်ပြန်လာခဲ့၏။

'သြော် မင်းက ပြန်လာသေးတယ်ကိုး'

အိမ်ထဲသို့ဝင်ဝင်ခြင်းပင် ဖေဖေ၏အပြစ်တင်သောဆီးကြိုသံကို အရင်ကြားရ၏။

'ဖေဖေ အပြစ်တင်ချင်ရင် နောက်မှ တင်ပါဗျာ ကျွန်တော် အရမ်းပင်ပန်းလာလို့ နားပါရစေ'

ဖေဖေ့ကို တောင်းတောင်းပန်ပန်ပြောပြီး အိပ်ခန်းထဲသို့ အရင်ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးနှင့်ခွဲခွာရခါစမို့ . . . မမကြီး၏မျက်နှာကို မြင်ယောင်နေမိသေးသော်လည်း သူ့ရဲ့အပြစ်မကင်းသောဝင့်ဝါတစ်ယောက် ဘယ်လိုများ ခံစားနေရပါလိမ့်ဟုလည်း တွေးပူနေမိသည်။

ရေမိုးချိုးပြီးသော်လည်း သူက အပြစ်ရှိသူ ဖြစ်၍ ဖေဖေနှင့် တွေ့ရန် မဝံ့ရဲသေးဘဲ အိပ်ခန်းထဲ၌သာ အိပ်နေမိလေသည်။ /

သူ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲမသိပါ။ ညနေစောင်းမှ နိုးလေသည်။

'သြော် နိုးပြီလား လာစမ်းပါဦး'

သူက အပြစ်ရှိသူဖြစ်၍ ဖေဖေ့ရှေ့တွင် ရှပ်ယို့ယို့ ဝင်ထိုင် သည်။

'ကဲ ပြောပါဦး...မန္တလေးက ဇာတ်လမ်းတွေကို။ မင်းကတော့ ဟိုမှာ လုပ်ချင်တာတွေ လုပ်၊ ငါကတော့ ဒီမှာ ဦးမင်းထက်ပိုင်တို့ကို မနည်းတောင်းပန်လိုက်ရတာ'

'ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော် အကျိုးအကြောင်းသေချာ ရှင်းပြမှာပါ . . . အခု ဝင့်ဝါတို့သားအဖ စိတ်သိပ်ဆိုးနေလား'





'အေး . . . စိတ်ဆိုးတာတော့ မပြောနဲ့ . . ဝင့်ဝါက ငါ့ဆီတောင် မလာတော့ဘူး သူ့အဖေနဲ့ နိုင်ငံခြားလိုက်သွားမယ်လို့ပဲပြောနေတယ်လို့ သတင်းကြားတယ် မင်းလုပ်လို့ ဒီမှာအားလုံးမျက်နှာပျက်စရာတွေ ဖြစ်ကုန်ပြီ၊ ငါသိတယ် အစကတည်းက မင်းရဲ့ခြေလှမ်းတွေ မဟုတ်တော့ဘူးဆိုတာ သိနေတယ်'

သူ့ကို သိပ်မဆူတတ်သော၊ သူငယ်ချင်းပေါင်းပေါင်းသော ဖေဖေကပင် ဆူတော့မယ်ဆိုတော့ သူ့အပြစ်က သိပ်များကြီးနေပြီလားဟုတွေးမိပြီး သက်ပြင်းတစ်ချက်ခိုးချလိုက်သည်။

'ဖေဖေပြောတာ သားက လူဆိုးကြီးကျနေတာပဲ သားရှင်းပြတာကိုလည်း နားထောင်ပါဦး အဖြစ်အပျက်က ဒီလိုပါ'

သူက ဇာတ်စုံခင်းပြလိုက်တော့မှ ဖေဖေက ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။

'သြော် ငါ့သားက သူများကို စေတနာလွန်ပြီး ကူညီခဲ့တာကိုး ဒါပေမဲ့ ရိုးရိုးတန်းတန်းတော့ဟုတ်မယ်မထင်ဘူး ငါ့သားကူညီလိုက်တဲ့ အမျိုးသမီးလေးက တော်တော်တော့ချောမှာရတယ်'

'ဟာဗျာ ဖေဖေကလဲ'

ဖေဖေ ပြောလိုက်တာက အမှန်တရားဖြစ်နေ၍ မလုံမ



www.burmeseclassic.com

www.burmeseclassic.com



လဲဖြစ်သွားသည်။

'အေး..ငါသိတာက အရေးမကြီးဘူး..ဝင့်ဝါ သိဖို့က အရေးကြီးတယ် ဝင့်ဝါကိုတော့ သေချာသွားရှင်းပြဦး'

'ဟုတ်ကဲ့ ကျွန်တော် သွားရှင်းပြမှာပါ ဖေဖေ'

'အေး အေး ဝင့်ဝါလေးခမျာ သနားပါတယ်'

ဤသို့ဖြင့် ဖေဖေနှင့်သူ ပြန်၍ ပြေလည်မှု ရသွားကြလေတော့သည်။

ဝင့်ဝါကို သွားရှင်းပြမည်ဟု စဉ်းစားရင်း အိမ်မှ ထွက်လာသော်လည်း တကယ်တန်းရောက်သွားတာက မမကြီးဆီသို့ ဖြစ်သည်။

'မမကြီး နေကောင်းရဲ့လား မျက်နှာလည်း တော်တော်ချောင်သွားတယ်'

'အေးပါ ကောင်းပါတယ် မောင်လေးရယ်...ငါ့မောင်လည်း မမကြီးအတွက်နဲ့ တော်တော်ပင်ပန်းနေပြီနော်'

'အဲလိုလည်း မဟုတ်ပါဘူး'

သူ့ကို မမကြီးက ပြုံးကြည့်ပြီး မေးလိုက်သည်။

'ဒါနဲ့ မောင်လေးနဲ့စေ့စပ်ထားတဲ့ကောင်မလေးဆီရော သွားပြီးပြီလား'





'ဟုတ်ကဲ့ သွားမလို့ပါပဲ'

'အေး...သွားပြီး သေချာရှင်းပြလိုက်လေ မမကြီးရော လိုက်ရှင်းပြဖို့ လိုသေးလား'

'မလိုပါဘူး မမကြီး ကဲ အန်တီဆီသွားရအောင်'

မမကြီးထံမှ အန်တီအတွက်ထည့်ထားသောပစ္စည်းများကို ကူသယ်ပေးရင်း မမကြီးနေသော တိုက်ခန်းအောက်ထပ်သို့ ဆင်းလာသည်။

သူက မမကြီးသယ်လာသော ပစ္စည်းများကို တစ်ခုပြီး တစ်ခု ကူသယ်ပေးရင်း ပတ်ဝန်းကျင်ကို သတိမပြုမိပေ။

သူနှင့် မမကြီးကို ခပ်လှမ်းလှမ်းမှ မျက်လုံး တစ်စုံက လှမ်းကြည့်နေကြောင်း သူတို့ သတိမထားမိချေ။

ထိုမျက်လုံးများထဲတွင် ဝမ်းနည်းကြေကွဲမှုများနှင့် ပြည့်နှက်နေကြောင်းကိုလည်း သူတို့ မသိချေ။

သူနှင့်မမကြီး ကားနှင့်ထွက်သွားသည်အထိ ကြည့်နေသောမျက်လုံးပိုင်ရှင်မှာ ဝင့်ဝါထက်ပိုင်သာ ဖြစ်လေတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝါတို့အိမ်ရှေ့ဘဲလ်ကိုနှိပ်လိုက်တော့ သူ့ရင်က တဒုန်းဒုန်းခုန်နေသည်။

သူ ဒီအိမ်ကို အကြိမ်ပေါင်းများစွာလာဖူးပေမယ့် ဒီလိုတစ်ခါမှရင်မခုန်ဖူးချေ။

'ဝင့်ဝါ ဝင့်ဝါ'

ခဏကြာတော့မှ အိမ်တွင် အလုပ်လုပ်နေသော ကောင်မလေးက တံခါးလာဖွင့်ပေးသည်။

'ဝင့်ဝါရှိလား'

သူ့ရဲ့မေးခွန်းကို ကောင်မလေးက ခေါင်းမညိတ် ခေါင်းမခါဘဲ အိမ်ထဲသို့ခေါ်လာသည်။

'ထိုင်ပါ အစ်ကိုကြီး'

ကောင်မလေးက အိမ်ထဲပြန်ဝင်သွားတော့ နာရီသံတစ်ချက်ချက်ကြားနေရသော ဧည့်ခန်းကြီးထဲတွင် သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

ခဏအကြာ ကောင်မလေးက မုန့်လင်ဗန်းနှင့်ပြန်ထွက်လာပြီး

'အစ်ကိုကြီး မမလေးက ခဏစောင့်ပါတဲ့…ရေချိုးနေလို့တဲ့'





သူက ကောင်မလေးကို ခေါင်းဆတ်ပြလိုက်ပြီး စားပွဲပေါ်တွင်တင်ထားသောသတင်းစာကို ထိုင်ဖတ်နေလေသည်။

နာရီဝက်ခန့် ကြာတော့မှ…ဝင့်ဝါထက်ပိုင် ထွက်လာသည်။

'ရောက်နေတာ ကြာပြီလား'

'နာရီဝက်လောက်တော့ ရှိပါပြီ'

'ဘာကိစ္စများရှိလို့လဲ'

ဝင့်ဝါက သူ့ရှေ့တွင် ဝင်ထိုင်ပြီး ခပ်တည်တည်မျက်နှာထားနှင့်မေးလိုက်သည်။

'ကိုကို ဝင့်ဝါကို ရှင်းပြစရာနလေး ရှိလို့ပါ'

'ဩော် ဟုတ်လား ရှင်နဲ့ ဝင့်ဝါကြားမှာ ဘာတွေများ ရှင်းပြစရာရှိသေးလို့လဲ ကိုရောင်နီဘွား…ရှင်းပြဖို့ မလိုတော့ပါဘူး'

'မဟုတ်ဘူး ဝင့်ဝါ၊ ကိုကို ရှင်းပြတာကို သေသေချာချာနားထောင်ပြီးမှ ဝင့်ဝါကြိုက်သလို ဆုံးဖြတ်ပါ'

ဝင့်ဝါထက်ပိုင်က မဲ့ပြုံးပြုံးရင်း

'ဘာမှ မလိုအပ်တော့ပါဘူး ကိုရောင်နီဘွား ရှင်နဲ့ဝင့်ဝါ ဖြစ်ခဲ့တာတွေကို အားလုံး မေ့လိုက်ပြီ။ အခု ရှင့်ကို ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်တစ်ယောက်အနေနဲ့ ညှော်ခံနေတာ တခြားကိစ္စမရှိဘူး ဆိုရင်တော့ ကျွန်မ နားချင်ပြီ'

ဝင့်ဝါရယ်....

အလိမ္မာနှင့်နှင်နေပြီး ဝင့်ဝါရဲ့မျက်နှာပေးကြောင့် သူ 'ဘယ်လိုမှ မရှင်းပြနိုင်မှန်း သိသွား၍ သူပြန်ရန် ဆုံးဖြတ်လိုက်သည်။

'ကောင်းပြီ ဝင့်ဝါ မကြိုက်ဘူးဆိုရင် ကိုကိုပြန်ပါ့မယ် ဝင့်ဝါ ကိုကို့ကို နားလည်နိုင်တဲ့တစ်နေ့ဆိုတာရှိရင် ကိုကို့ဆီကို ပြန်လာခဲ့ပါ'

'ရှင့်လို ငါးရံ့နှစ်ကောင်တောင် မဟုတ်ဘူး သုံးကောင် ဖမ်းချင်တဲ့လူမျိုးဆီကို ဝင့်ဝါက ပြန်လာရဦးမှာလား အဟင်း.. ဟင်း'

လှလှပပလေးရယ်မောနေသောဝင့်ဝါထက်ပိုင်ကို ကြည့်၍ သူနှင့်စတွေ့တုန်းက အပြစ်ကင်းစင်၍ ကလေးဆန်သောဝင့်ဝါရဲ့မျက်နှာလေးကို မြင်ယောင်ပြီး နောင်တရမိလေသည်။

◆





## အခန်း(၁၉)

'ကျွန်တော်ရှင်းပြတာကို သူက ဘယ်လိုမှလက်မခံဘူး မမကြီးရဲ့၊ ကျွန်တော်ရှင်းပြဖို့ ထပ်မကြိုးစားတော့ဘူး မမကြီး၊ သူ ကျွန်တော့်ကို စိတ်နာလက်စနဲ့ စိတ်နာပါစေတော့'

'အို ဘယ်ဟုတ်မလဲ မောင်ရောင်နီရဲ့ မင်းကို သူတစ်သက်လုံး အထင်သေးသွားမှာပေါ့ မင်း ရှင်းကို သေချာ ရှင်းပြရမယ်'

'မဖြစ်ပါဘူး မမကြီးရယ်'

မမကြီးက သူ့ကို ကရုဏာမျက်ဝန်းများဖြင့်ကြည့်ပြီး 'မောင်လေးလဲ မမကြီးကြောင့် တော်တော စိတ်သော



www.burmeseclassic.com

www.burmeseclassic.com



က ရောက်ရတယ်နော် ဝင့်ဝါထက်ပိုင်ကိုလည်း မမကြီး ကိုယ်တိုင်လိုက်ရှင်းပြပါမယ် မမကြီးလည်း မေမေ့ကိစ္စတွေလိုက်လုပ်နေတာနဲ့ပဲ မောင်လေးကို ဂရုမစိုက်မိတာ ခွင့်လွှတ်ပါ'

'ရပါတယ် မမကြီးရယ် မမကြီးကို ကျွန်တော် တစ်ခုလောက် ပြောချင်တယ် ဝင့်ဝါကိုရှင်းပြလို့လက်ခံသည်ဖြစ်စေ မခံသည်ဖြစ်စေ မမကြီး ကျွန်တော့်ကို လက်ထပ်ပါလို့ ထပ်ပြီးတောင်းဆိုချင်ပါတယ် မမကြီးကိုကျွန်တော်တစ်သက်လုံးစောင့်ရှောက်ပါရစေဗျာ'

သူက အဲသည်လို လှိုက်လှိုက်လှဲလှဲပြောလိုက်ပေမယ့် မမကြီးက တည်တည်ငြိမ်ငြိမ်နှင့်

'မဖြစ်နိုင်ပါဘူး မောင်လေး ပြီးတော့လည်း မောင်လေးကို မမကြီးလက်ထပ်လိုက်ရင် ဝင့်ဝါကို ရှင်းပြတာ အလကားဖြစ်သွားမှာပေါ့ ဝင့်ဝါက သူထင်တာအမှန် ဆိုပြီး တစ်သက်လုံး ထင်သွားမှာပေါ့ မောင်လေးရယ်'

'အဲဒါတွေ ကျွန်တော်မသိဘူး သူ အထင်လွဲရင်လည်း လွဲတော့ ကျွန်တော် မမကြီးနဲ့ မခွဲနိုင်တာဘဲ သိတယ်'

'မမကြီးကတော့ မင်းကို မောင်အရင်းတစ်ယောက်လို ကလွဲပြီး မပိုဘူး'





'ဟင်း'

သူက သက်ပြင်းတစ်ချက်ခိုးရှိုက်လိုက်မိသည်။

'မင်း နောက်နေ့ကစပြီး မမကြီးဆီကို မလာနဲ့တော့.. မင်းအလုပ် မင်းလုပ်တော့'

မမကြီး၏ယတိပြတ်စကားလုံးများအောက်တွင် သူဘာမှပြန်မပြောနိုင်တော့ပေ။

သူ ကုမ္ပဏီကို စိတ်မပါစွာ ရောက်လာတော့ ကုမ္ပဏီတွင် ဦးမင်းထက်ပိုင်က အဆင်သင့်ကြို၍စောင့်နေလေသည်။

'ဩော် အန်ကယ် ဘာကိစ္စများရှိလို့ပါလဲ'

'အေးကွယ် ကိစ္စကတော့ ရှယ်ယာကိစ္စပဲ အန်ကယ်တို့သားအဖလည်း နိုင်ငံခြားသွားတော့မှာဆိုတော့ မောင်ရောင်နီ့ဘွား ကုမ္ပဏီက ရှယ်ယာတွေကို ရသလောက်ပြန်ထုတ်ချင်တယ်'

'ဗျာ'

ကုမ္ပဏီတွင် ရှယ်ယာနှစ်ဆယ့်ငါးရာခိုင်နှုန်းပါသော ဦးမင်းထက်ပိုင်က ရှယ်ယာထုတ်ချင်တယ် ပြော၍ သူ ထန့်သွားသည်။

ဦးမင်းထက်ပိုင်က သူ့အဖြစ်ကို ရိပ်မိပုံနှင့်

'အန်ကယ်က ရသလောက်လို့ပြောတာပါကွာ့ အတင်း



www.burmeseclassic.com

www.burmeseclassic.com



အကြပ် မဟုတ်ပါဘူး ဟိုမှာ မင်းညီမက နိုင်ငံခြားကိုပဲ အပြီးလိုက်နေမယ်ချည်းပဲ ပြောနေလို့...'

သူ...အပြစ်မကင်းသလို ခံစားရပြီး ခေါင်းငုံ့လိုက်မိသည်။

'အန်ကယ်...ကျွန်တော် ဝင့်ဝါကို ရှင်းပြဖို့ ကြိုးစားပါသေးတယ် ဒါပေမယ့် ဝင့်ဝါက ကျွန်တော့်ကို တော်တော်စိတ်နာနေပုံရတယ်'

'အေးကွယ် သမီးကတော့ စိတ်မလိုရင် ဒီအတိုင်းပါပဲ'

အန်ကယ်ဦးမင်းထက်ပိုင်က လူငယ်တွေကိစ္စကိုဘာမှ ဝင်မပြောလိုဟန်တူသည်။

'ဟုတ်ကဲ့ပါအန်ကယ် ကျွန်တော်အန်ကယ့်ရှယ်ယာတွေ ရသလောက်ပြန်ထုတ်နိုင်အောင် ကြိုးစားပါ့မယ်'

'အေးကွယ်..ဒါဆိုလည်း အန်ကယ် လုပ်စရာလေးတွေ ရှိလို့ သွားတော့မယ်'

'ဟုတ်ကဲ့ပါ'

ဦးမင်းထက်ပိုင်ကို အပေါက်ဝအထိလိုက်ပို့ပေးပြီး သူ စိတ်ပျက်လက်ပျက်နှင့် ကုလားထိုင်ပေါ်တွင်ထိုင်လိုက်သည်။

ပုံမှန်အတိုင်းလည်ပတ်နေသော သူ့ရဲ့ကုမ္ပဏီမှာ ဦးမင်း





ထက်ပိုင်ကိုပြန်ပေးနိုင်လောက်သော ငွေအင်အား လက်ထဲတွင် မရှိချေ။

သူ ဘာလုပ်ရမလဲတွေးရင်းတွေးရင်း ဦးနှောက်ခြောက်လာသည်။ ထို့ကြောင့် သူဝယ်ထားသော အိမ်တွေ ခြံတွေကို ရောင်းပစ်ရန်ကြံစည်ပြီး တယ်လီဖုန်းဆက်လိုက်သည်။

သူ နေ့လည်ခင်းကကိစ္စတွေကြောင့် ညဘက်မှာလည်း ကောင်းကောင်းအိပ်မပျော်ချေ။ သူ့စိတ်တွေလေလွင့်နေသည်။

သူချစ်တဲ့မမကြီးကလည်း သူ့ကိုလက်မထပ်နိုင်ပါဘူးတဲ့၊ မောင်အရင်းလေးတစ်ယောက်လို ချစ်သတဲ့လေ။

သူ့ကိုချစ်တဲ့ ဝင့်ဝါလေးကလည်း သူ့ကို အထင်လွဲ၍ အမုန်းကြီးမုန်းသွားပြီထင်ပါရဲ့။ ဝင့်ဝါရဲ့ခပ်မဲ့မဲ့မျက်နှာလေးကို မြင်ယောင်ပြီး သူ့ကိုယ်သူအပြစ်တင်မိနေသည်။ သူဘာလို့များ ဒီလောက်တောင် ဝင့် ဝါကို စိတ်ဆင်းရဲအောင်လုပ်မိရတာလဲ...။

◆

'ဟော...မောင်လေး..လာ..မမကြီးက မလာနဲ့ဆိုလို့ ပျောက်သွားလိုက်တာ တစ်ပတ်လောက်တောင်ရှိပြီ'

မမကြီးက အပြုံးနှင့်ဆီးကြိုပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖျော့တော့တယ် မမကြီး အလုပ်တွေရှုပ်နေလို့ပါ'

'ဘာတွေလဲ မောင်လေးရဲ့'

'အိမ်တွေ ခြံတွေ လိုက်ရောင်းနေတာပါ အခုထိလည်း မရောင်းရသေးပါဘူး'

သူက စိတ်ပျက်လက်ပျက်နှင့်ပြောလိုက်မိသည်။

'ဘာဖြစ်လို့ ရောင်းမှာလဲ အခုက ဈေးတွေ တအားကျနေတာ'

'ဝင့်ဝါတို့အဖေက ရှယ်ယာတွေပြန်ထုတ်တော့မယ်လေ အဲဒါကြောင့် ပိုက်ဆံလိုလို့ပါ'

'ဖြစ်ရလေ မောင်လေးရယ်..အဲဒါ မမကြီးကြောင့်ထင်ပါရဲ့'

'မဆိုင်ပါဘူး မမကြီးရာ'

သူက စိတ်ကျဉ်းကြပ်စွာ လေကိုမှုတ်ထုတ်လိုက်သည်။

'ဒါနဲ့ အန်တီ့အခြေအနေရော ဘယ်လိုနေသေးလဲ မမကြီး'

'မသက်သာပါဘူး မောင်လေးရာ'

ခပ်လေးလေးပြောလိုက်သော မမကြီးကို သူ ကြည့်၍ စိတ်ပျက်သွားသည်။





'အခြေအနေ သိပ်မကောင်းဘူးလို့တော့ ဆရာဝန်ကြီးက ပြောတာပဲ မမကြီးလည်း ဒီတစ်ရက် နှစ်ရက်အတွင်း မန္တလေးပြန်ပြီး စီစဉ်စရာရှိတာတွေ စီစဉ်လိုက်ဦးမယ်'

'ဘာတွေများလဲ မမကြီးရဲ့'

'အရေးမကြီးပါဘူး ငါ့မောင်ရယ် မမကြီး မေ့ကိုလည်း မောင်လေးဟာ ဓော်မင်းထက်မဟုတ်ကြောင်း သေချာရှင်းပြခဲ့ပါ့မယ်'

'ကျေးဇူးပါပဲ မမကြီးရယ်'

မမကြီးက သူ့ကို ကလေးတစ်ယောက်လို ပြုံး၍ကြည့်နေသည်။

သူ့ရင်ထဲတော့ မခံချိမခံသာဖြစ်မိလေသည်။

ဒီနှုတ်ခမ်းနှင့်နှာခေါင်းကြောင့်ဖြစ်ပေါ်လာသော ဒီမျက်နှာကြောင့် မမကြီးသည် သူ့အား ရောင်နီဘွားအဖြစ်ထက် သူ့မောင် ဓော်မင်းထက်အဖြစ်ကိုသာ သူမ၏အမြွှာညီ၌ ဆူးနှစ်ရှင်သန်စေသည်ထင့်။ ဖြစ်နိုင်လျှင် ဒီနှုတ်ခမ်းနှင့်နှာခေါင်းကိုပြန်လည်ပြုပြင်လိုက်ချင်ပြီ။

အခြေအနေပေးလျှင်တော့....။

◆



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၀)

'ဟယ်လို'

မကြားရတာကြာပြီဖြစ်သော ဝင့်ဝါရဲ့အသံလေးကို နားထောင်ရင်း သူ တယ်လီဖုန်းကိုကိုင်ထားမိသည်။

ရုတ်တရက် ဘာပြန်ပြောရမှန်းလည်း မသိချေ။

'ဝင့်ဝါလား ကိုကိုပါ ကိုကို့ကိုစိတ်ဆိုးနေတုန်းပဲလား ဟင်'

ဝင့်ဝါထံမှ ဘာသံမှ မကြားရချေ။ သို့သော် တယ်လီဖုန်းကို ချမသွားသေးဘဲ ကိုင်ထားဆဲဖြစ်သည်။

သူ့ကို ဝင့်ဝါ သံယောဇဉ်လက်ကျန်ကလေးများရှိသေးသည်ဟု ဝမ်းသာစွာသိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ရှင်းပြပါရစေ ဝင့်ဝါလေးရယ်နော် ကိုကို ဝင့်ဝါနဲ့မျက်နှာချင်းဆိုင်တွေ့ပြီး အဖြစ်အပျက်တွေကို သေချာရှင်းပြချင်ပါတယ် ပြီးမှ လက်ခံတာလက်မခံတာက ဝင့်ဝါရဲ့အပိုင်းပေါ့'

'ဝင့်ဝါ'

ဝင့်ဝါက ပြန်မထူးချေ။

ထို့ကြောင့် သူက ဖြစ်ချင်ရာဖြစ်ဟုတွေး၍ စားသောက်ဆိုင်တစ်ခု၏အမည်ကိုပြောပြီး ချိန်းလိုက်သည်။

'အဲဒီကို မနက်ဖြန် မနက် ကိုးနာရီလောက် လာခဲ့ပါ ဝင့်ဝါရယ်··ကိုကို ဝင့်ဝါကို သေသေချာချာရှင်းပြမယ်နော်'

ဝင့်ဝါထံမှ ဘာသံမှ မကြားရသော်လည်း နားထောင်နေသည်ဟု ယုံကြည်လျက် သူပြောချင်ရာ ပြော၍ ဖုန်းချလိုက်သည်။

မနက်ဖြန် နံနက်တော့ ဝင့်ဝါနှင့် သူတွေ့ပြီး သေသေချာချာရှင်းပြမည်ဟု အားတက်လျက် ထိုညက ကောင်းကောင်းအိပ်ပျော်သွားလေတော့သည်။

သူ နောက်တစ်နေ့ နံနက်မှာတော့ ပျော်ရွှင် တက်ကြွစွာ ဝင့်ဝါနှင့်ချိန်းထားရာဆီသို့ ထွက်လာခဲ့သည်။





ကံကြမ္မာက သူ့ကို ဘယ်လောက်ဒုက္ခပေးမလဲဆိုတာကိုတော့ ရောင်နီဘွား ကြိုတင်မမြင်နိုင်သေးပေ။

ဝီရိယတောင်းစွာ ရှစ်နာရီခွဲကတည်းကရောက်နေသောသူသည် ဝင့်ဝါအလာကိုသာ မျှော်နေမိသည်။

ဝင့်ဝါကလည်း သူ့ထံသို့ နောက်ဆုံးအခွင့်အရေး ပေးသည့်အနေဖြင့် လာလိမ့်မည်ဟု ယုံကြည်လျက်ရှိနေသည်။

သူမျှော်လင့်ထားသည့်အတိုင်းပင် ဝင့်ဝါက ကိုးနာရီအတိထိုးသောအခါ ရောက်လာခဲ့သည်။

'ဝင့်ဝါလေး လာတယ်နော်··ကိုကို ဝမ်းသာလိုက်တာကွာ ဘာသောက်မလဲ ကော်ဖီမဲလား မှာလိုက်မယ်နော်'

သူက ဝင့်ဝါကို ပျာပျာသလဲလုပ်ပေးနေမိသည်။

'တဲ ပြောပါ··ပြောစရာရှိတာသာ ပြောပါ ဝင့်ဝါလည်း နိုင်ငံခြားထွက်တော့မှာမို့လို့ ကိုကို ပြောတာတွေကို နောက်ဆုံးအကြိမ် နားထောင်ပေးဖို့ လာခဲ့တာပဲ'

'ဪ ဝင့်ဝါရယ်··'

သူ့ကို အရင်က နားလည်ပေးခဲ့သောဝင့်ဝါကိုကြည့်၍ သူ့ကိုယ်သူ ယူကျုံးမရဖြစ်၍မဆုံးတော့ချေ။

'ဝင့်ဝါက ဘယ်တော့သွားမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်မကြာတော့ပါဘူး....တစ်လလောက်ပဲ လိုတော့တယ်'

'ကောင်းပြီလေ ကိုကို သေချာ ရှင်းပြပါ့မယ် အဖြစ်အပျက်က ဒီလိုပါ ဝင့်ဝါရယ်'

သူက အတိတ်ထဲတွင် လွင့်မျောလျက် ပြန်ပြောရန်အားတင်းနေစဉ်မှာပင် သူ့ဟမ်းဖုန်းက ထမြည်လာ၏။

'ဝင့်ဝါ ခဏနော်'

တစ်ဘက်လှည့်ပြီး ဖုန်းကို နားထောင်လိုက်တော့...

'မောင်လေးလား မမကြီးပါ'

'ဘာဖြစ်လို့လဲ မမကြီး'

'မေမေ မေမေဆုံးသွားပြီ မမကြီးတစ်ယောက်တည်း ဆေးရုံမှာ ဘာလုပ်ရမှန်း မသိလို့ လာခဲ့ပါဦး မောင်လေးရယ်.. မမကြီးကို ဒီတစ်ခါနောက်ဆုံးတစ်ခေါက်ကူညီပါဦး'

'ဟင်း...ဟုတ်ကဲ့ ကျွန်တော် အခုလာပါပြီ'

ဖုန်းကိုပိတ်ပြီး သူအားနာစွာ မျက်နှာပူစွာ ဝင့်ဝါဘက်သို့လှည့်လိုက်၏။

'ဝင့်ဝါ..ကိုကို့မိတ်ဆွေရဲ့အမေ ဆုံးသွားလို့ သွားပါရစေ ဝင့်ဝါရယ် ဒီတစ်ခါ နောက်ဆုံးအကြိမ် ကိုကို့ကို နားလည်ပေးပါ'

ဝင့်ဝါထက်ပိုင်က လှလှပပလေး မဲ့ပြုံးပြုံးလိုက်ပြီး

'ဘယ်သူလဲဆိုတာ ဝင့်ဝါသိပါတယ် ဒါပေမယ့် ကိုကို့ကို ဒီတစ်ကြိမ် ဝင့်ဝါက နောက်ဆုံးအကြိမ်အခွင့်အရေးပေးတာကြောင့် ကိုကို့သဘောပဲ ကိုကိုသွားရင်လည်း သွားပေါ့ ဝင့်ဝါဘာမှ မပြောလိုဘူး ဒါပေမယ့် ဝင့်ဝါကို ဘယ်တော့မှ ထပ်ရှင်းပြဖို့မကြိုးစားနဲ့တော့'

ဝင့်ဝါရဲ့မာကြောကြောမျက်နှာထားနှင့်အတူ ဖြတ်သားသောစကားကြောင့် သူ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

သို့သော် သူ ဘာမှမတတ်နိုင်ခဲ့ပါ။

နောက်ဆုံးမှာတော့ သူသည် မမကြီးဆီသို့သာ ရောက်ခဲ့လေတော့သည်။

မမကြီး၏မိခင်အသုဘကို အစအဆုံး ကူညီပြီးနောက် စိတ်ပျက်စွာဖြင့် သူ အိမ်တွင်းအောင်းနေသောနေ့တစ်နေ့၌

'ခေါက်...ခေါက်'

သူက ဖျင်းရိပျင်းတွဲတံခါးသွားဖွင့်လိုက်သည်။

တံခါးဝ၌ သူမျှော်လင့်မထားသောသူတစ်ဦးရပ်နေ၏။

'ဟင် ဝင့်ဝါ ဝင့်ဝါ နိုင်ငံခြားရောက်နေပြီမဟုတ်လား'





www.burmeseclassic.com

www.burmeseclassic.com



'ညည်းသည်ကို အိမ်ထဲခေါ်ပါဦး ကိုကိုရဲ့'

သူက နားမလည်နိုင်စွာ ဝင့်ဝါကို ညည်းခန်းထဲသို့ ခေါ်လာခဲ့သည်။

'ဝင့်ဝါ ဘယ်က ဘယ်လို'

သူ့ရဲ့အံ့ဩမှုက မဆုံးလိုက်…

'ဒီမှာ စာ'

ဝင့်ဝါက ပိုက်ဆံအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးလိုက်သည်။

သူက သိချင်ဇောနှင့် စာကိုအမြန်ဖွင့်ဖတ်လိုက်၏။

*မောင်လေးရောင်နီဘွား*

*ဒီစာကို ဖတ်ရတဲ့ အချိန်မှာ ဝင့်ဝါလည်း သံသယတွေအကုန် ရှင်းသွားပါပြီ။ မမကိုယ်တိုင် ဝင့်ဝါကို ရှင်းပြပြီးပါပြီ။ မမရဲ့ကျူးလွန်ခဲ့တဲ့ပစ္စည်းတွေအားလုံးကို မောင်လေးနဲ့ညီမလေး နာမည်နဲ့လွှဲခဲ့တယ်။ မောင်လေးနဲ့ညီမလေးရဲ့ မင်္ဂလာပွဲကို မလာနိုင်တော့တာကိုတော့ ခွင့်လွှတ်ပါ။ ခုဒီစာကို မောင်လေးဖတ်ရတဲ့အချိန်မှာတော့ မမကြီးဟာ စစ်ကိုင်းတောင်ရိုး တစ်နေရာမှာ သာသနာ့နယ်ဝင်သီလရှင်ဘဝနဲ့ရှိနေပြီဖြစ်ပါတယ်။ မောင်လေး*





*ညီမလေးဝင့်ဝါအပေါ်မှာ တစ်သက်လုံး ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ပါကွယ်။ မောင်လေးရဲ့မေတ္တာလည်း အဖြစ်မှန်တွေ မြော်ပြပြီးပြီ။ မမတို့ကိုဒုက္ခလှလှကြီးပေးတဲ့သူဟာ မေရဲ့ဦးကြီးတော်သူဆိုပဲ။ သူလည်း အခု ရဟန်းအမှုတစ်ခုနဲ့ ထောင်ထဲ ရောက်နေပြီတဲ့။*

*မင်းတို့ရဲ့*

*မမကြီး*

စာ အဆုံးမှာတော့ သူသည် ဝင့်ဝါရဲ့ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

ထိုအခါမှာတော့ အချစ်ရဲ့ပုံရိပ်ယောင်များကွယ်ပျောက်၍ အချစ်စစ်ကိုသာပျောက်ကွယ်သွားမှာကို သူစိုးရိမ်လျက် ဝင့်ဝါလက်ကို သူ မလွှတ်ပေးနိုင်တော့ချေ။

◆



www.burmeseclassic.com

www.burmeseclassic.com







အဆုံး····



www.burmeseclassic.com

www.burmeseclassic.com







တစ်မျိုးကြီးဖြစ်နေခဲ့သော သူ၏ နှာခေါင်းနှင့် ပါးစပ်သည်လည်း သူနှင့် တစ်သားတည်းဖြစ်သွားရန် အကြောင်းပေါ်လာလေပြီ။

သူတို့ မမကြီးမိသားစုပိုင် ပစ္စည်းများအနက် မန္တလေးစိန်ပန်းရပ်နေအိမ် အိုးအိမ်ဟောင်းကြီးအပါအဝင်မမကြီးပိုင်ပစ္စည်းများနှင့်ပတ်သက်သော စာချုပ်စာတမ်းများကို သူနှင့် ဝင့်ဝါတို့ လက်ထပ်ပြီးချိန်၌ပင် လွှဲပြောင်းလက်ခံရယူပေးခဲ့ရလေသည်။

ထိုအချိန်အထိ မမကြီးကိုမူ မတွေ့ရချေ။

သူက မမကြီးပိုင်ပစ္စည်းများကိုရောင်းချပြီး မမကြီးပိုင်ဘဏ်စာအုပ်၌ထည့်ကာ မမကြီးတို့မိသားစုရှေ့နေမှတစ်ဆင့် မမကြီးထံသို့ ပေးအပ်ခဲ့လေသည်။

သို့သော် ရောင်းချ၍ မရသည်မှာ မမကြီးတို့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ခွေစဉ်မျိုးဆက်ပိုင် စိန်ပန်းရပ်မှ ရှေးဟောင်း အိမ်အိုကြီး ဖြစ်သည်။ ပါးစပ်သတင်းများနှင့် နိုက်သည်ဆိုကာ မဝယ်ကြခြင်း ဖြစ်သည်။

သို့နှင့် သူနှင့်ဝင့်ဝါလက်ထပ်ပြီး(၃)လအကြာ မန္တလေး၌ ကုမ္ပဏီရုံးခွဲဖွင့်ရန်အတွက် ရောက်လာသည့်အခါ စိန်ပန်းရပ် အိမ်ကြီး၌ပင် တည်းခိုပြီး သွားလေသူအိမ်ရှင်များဖြစ်ကြသော ဦးမင်းထက်၊ ဒေါ်မိမိကြီးနှင့် သား ဦးဇော်မင်းထက်တို့အတွက် ရည်စူးကာ ဆွမ်းကျွေးအမှုအတန်းဝေခဲ့လေသည်။

သာသနာ့အနွယ်ဝင် သီလရှင်ဆရာလေး မပညာသီရိလည်း စက္ကူကြာနွယ်ကိုချကာ ကြွရောက်ခဲ့လေသည်။

သူ၏နှလုံးသားပုံရိပ်၌ အစ်မကြီးစင်စစ်သဏ္ဌာန် ထင်ဟပ်ကာ သူနှင့်ဝင့်ဝါ ရှိခိုး ကန်တော့ပြီး ကျောင်းဇရပ်အတွက် လိုအပ်သောလှူဖွယ်ဝတ္ထုပစ္စည်းအစုစုကို လှူဒါန်းလိုက်ကြလေသည်။

မမကြီးနှင့်သူ ဘဝခြားသွားခဲ့လေပြီ။

ထိုနေ့ည…

သူ မက်နေကျအိပ်မက်ဆိုး ပြန်မက်လေသည်။

ဇော်မင်းထက်က လှုပ်လှုပ်ရွရွဖြစ်နေသော နှုတ်ခမ်း





လေးဖြင့် သေ့ငယ်စောမျောနေရာက သူ့အား ကြည့်လေသည်။

အားကိုးတကြီး…

ရေနစ်သူအတွက်…နောက်ဆုံး ကောက်ရိုးတစ်မျှင်ကိုလည်း တမ်းတဆုပ်ကိုင်လိုသော အားယူမှု၊ အားကိုးမှုများ။

နှုတ်ခမ်းတရွရွက ဘာကိုပြောကြားမှန်း သူ မသိခဲ့။

သို့သော် နောက်ဆုံးကြားလိုက်သည်…

'မင်းဆီ ငါလာခဲ့မယ်' ဟု

အိပ်မက်မှ လန့်နိုးခဲ့သည်။

ဇာချွေးများပြန်ကာ အထိတ်တလန့်ဖြစ်ခဲ့လေသည်။

သို့သော် ထိုအိပ်မက်မက်ပြီးနောက်ပိုင်း ဇော်မင်းထက်နှင့်ပတ်သက်သောအိပ်မက် လုံးဝ…ထပ်မမက်တော့ချေ။

ဝင့်ဝါ၌ကိုယ်ဝန်ရှိလာသဖြင့် ဝင့်ဝါကို ဂရုစိုက်ခြင်း၌ပဲ သူ့အာရုံတွေစိမ့်ဝင်နေ၍လား မပြောတတ်။

ဝင့်ဝါက ရန်ကုန်၌သာမွေးဖွားလိုသည့်ဆန္ဒကြောင့်မန္တလေးကုမ္ပဏီခွဲကို စိတ်ချရသောမန်နေဂျာ၌အပ်နှံပြီး ဝင့်ဝါကိုယ်ဝန်ခုနစ်လနှင့် ရန်ကုန်သို့ ပြန်လာခဲ့လေသည်။

ကိုးလလွယ် ဆယ်လ အကြာ၌ ဝင့်ဝါသည် သူ့အတွက် သားဦးရတနာလေးကို အောင်မြင်စွာ ဖွားမြင်ပေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားယောကျ်ားလေး'

သူ့ ပထမဦးဆုံးသတင်းကြားကြားခြင်း မေးမိသည်က

'အင်္ဂါစုံရဲ့လား'

'စုံပါတယ်'

'နှာခေါင်းနဲ့ ပါးစပ်ကော'

စန္ဒာက သူ့အား အထူးအဆန်းသဖွယ်ကြည့်ပြီး

'နှာခေါင်းကော ပါးစပ်ကော ရှင်နဲ့ချွတ်စွပ်ပဲ'

'ဘာ…'

မငီမသ ဝမ်းခေါင်းသံ အာမေဋိတ်သံနှင့်အတူ သူ့ နှာခေါင်းနှင့် ပါးစပ်ကို ခပ်ရှုရှုစမ်းသပ်ရင်းက သူ့ရင်ထဲမှ သံသယအလုံးကြီး ကျေပျက်သွားလေတော့သည်။

ထိုအချိန်မှစ၍ ရောင်နီဘွားဓါ၏နှာခေါင်းနှင့်ပါးစပ်သည် ရောင်နီဘွားနှင့် တစ်သားတည်း ဖြစ်သွားပြီဟု သူ ခံစားမိလေတော့သည်။

ပါးလ်ခင်ခင်



www.burmeseclassic.com